# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**နှစ်သက်ဝမ်းမြောက်**

ကောင်းမှုပြုသောသူသည် ဤပစ္စုပ္ပန်လောက၌လည်း ဝမ်းမြောက်၏၊ တမလွန်ဘဝ၌လည်း စည်းစိမ်ချမ်းသာကို ဝမ်းမြောက်စွာခံစားရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌လည်း စည်းစိမ်ချမ်းသာကို ဝမ်းမြောက်စွာ ခံစားရ၏။ ထိုသူသည် မိမိ၏စင်ကြယ်သော သုစရိုက်မှုကို ရှုမြင်၍ အလွန်နှစ်သက်ဝမ်းမြောက်ရ၏။

(ဓမ္မပဒ-၁၆)

ဘာသာပြန်သူ-ဦးသီလာစာရ


၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၀၆)




## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာများ ပေးအပ်

စာမျက်နှာ-၃

# လာမည့် တစ်လ၊ နှစ်လအတွင်း နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံကိုစတင်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်းပြောကြား

**နေပြည်တော် မေ ၂၇**

လာမည့် တစ်လ၊ နှစ်လအတွင်း နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံကို စတင်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အဖွဲ့ဝင်များနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးစဉ် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဝင်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းများမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းများ တည်တံ့ခိုင်မြဲမှုလည်း ထာဝရငြိမ်းချမ်းရေး လုပ်ငန်းများကို လုပ်နိုင်မည်ဖြစ်ကြောင်း၊ JMC-U ထဲတွင် ပါဝင်ကြသူများသည် ကမ္ဘာတစ်ဝန်းမှ လုပ်ဆောင်နေသည့် အပစ်အခတ်ရပ်စဲရေးအစီအစဉ်များနှင့် ပတ်သက်ပြီး လေ့လာထားသည့် ပုဂ္ဂိုလ်များဖြစ်၍ အပစ်အခတ်ရပ်စဲရေးများတွင် သဘောတူညီမှုထက် တည်တံ့ခိုင်မြဲရေးက ပိုမိုခက်ခဲသည်ကို သိရှိကြမည်ဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် အများစု၏ ကိုးဆယ်ရာခိုင်နှုန်းမှာ လပိုင်းအတွင်း ***စာမျက်နှာ ၄ ကော်လံ ၁*** ❐



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အဖွဲ့ဝင်များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်**






မြန်မာ့အလင်း

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်တော၊ သစ်ပင်များ ပြန်လည်စိမ်းလန်းစေလို

မိမိတို့နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုများက ပြီးခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း သိသိသာသာထင်ထင်ရှားရှား ဖြစ်လာသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ဖြစ်ပေါ်လာသည့် အရုပ်ဆိုးအကျည်းတန်သောမြင်ကွင်းများကလည်း နိုင်ငံတစ်ဝန်း ဒေသအနှံ့အပြားတွင် တွေ့မြင်လာရသည်။

အလွန်အကျွံသစ်ထုတ်လုပ်မှု၊ ကျောက်စိမ်းကျောက်မျက်နှင့် ရွှေကဲ့သို့သော သယံဇာတများ စည်းကမ်းမဲ့ထုတ်လုပ်မှုတို့ကို ဝိသမလောဘသမားတို့က ၎င်းတို့၏ ကိုယ်ကျိုးတစ်ခုတည်းကိုသာကြည့်ကာဆောင်ရွက်ခဲ့ကြခြင်းကြောင့် တောတောင်မြစ်ချောင်းများ ပျက်စီးခဲ့ကြရပြီး ဒေသအလိုက် သစ်ခိုးထုတ်ခြင်း၊ တောမီးရှို့ကာ မီးသွေးထုတ်ယူခြင်း၊ တောင်ယာဖော်ထုတ်ခြင်းစသည့် ဒေသခံများ၏ စည်းကမ်းမဲ့စွာဆောင်ရွက်ခြင်းတို့ကြောင့်လည်း သဘာဝပတ်ဝန်းကျင်မှာ အနည်းနှင့်အများ ထိခိုက်ခဲ့ရသည်။

ကမ္ဘာပေါ်၌ သက်ရှိတို့၏ ၉၀ ရာခိုင်နှုန်းမှာ သစ်ပင်၊ သစ်တောတို့ကို မှီခိုရှင်သန်နေကြရခြင်းဖြစ်သည်။ သစ်ပင်များက မြေဆီလွှာနှင့် ရေဓာတ်ကိုထိန်းပေးထားသောကြောင့် ရေတွင်း၊ ရေကန်၊ အဝီစိတွင်းတို့မှ သောက်သုံးရေများကို အလွယ်တကူ ရရှိနိုင်ကြသည်။ သစ်ပင်၊ သစ်တောများ ပျက်စီးပြုန်းတီးသွားပါက ယင်းတို့ကို မှီခိုနေထိုင်သည့် လူနှင့်တကွ အခြားဇီဝမျိုးကွဲများအလိုက် ဂေဟစနစ်ပါ ပျက်စီးသွားမည် ဖြစ်သည်။

မည်သည့်နေရာတွင် ပေါက်ရောက်သည့်သစ်ပင်မဆို သဘာဝပတ်ဝန်းကျင်ကို တစ်နည်းနည်းဖြင့် အကျိုးပြုနေသည်ကို မိမိတို့ သိနားလည်ထားကြရမည်ဖြစ်သည်။ သစ်ပင်များ၏ အစာချက်လုပ်မှုဖြစ်စဉ်တွင် သစ်ရွက်များက လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ ကမ္ဘာ့လေထုထဲရှိ အောက်ဆီဂျင်ဓာတ်ငွေ့စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို သစ်ပင်များက ထုတ်လွှတ်ပေးနေခြင်းဖြစ်သည်။ တစ်ဖန် ရေညှိ ရေမှော်ပင်ငယ်များနှင့် ရေအောက်တွင် ပေါက်ရောက်ရှင်သန်သော အပင်များကလည်း ကမ္ဘာ့အောက်ဆီဂျင်ဓာတ်ငွေ့စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးနေခြင်းဖြစ်သည်။

လူ့ပယောဂကြောင့် သစ်ပင်သစ်တောများ ပျက်စီးပြုန်းတီးခြင်းကြောင့် ကမ္ဘာ့လေထု၌ ကာဗွန်ဒိုင်အောက်ဆိုက်များ တိုးပွားလာပြီး ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ သမုဒ္ဒရာရေထုလည်း ပူနွေးလာကာ ရေအောက်ဂေဟစနစ်များကိုပါ ပျက်စီးစေသည်။ သစ်ပင်၊ သစ်တောများ ပျက်စီးပြုန်းတီးနေခြင်းကြောင့် မြေဆီလွှာတိုက်စားမှုများ ဖြစ်ပေါ်စေကာ မိုးရွာသွန်းသည့်အခါတွင်လည်း ရေကို ထိန်းသိမ်းထားနိုင်ခြင်းမရှိဘဲ ရုတ်တရက်ရေကြီးခြင်း (Flash Flood) ကဲ့သို့ သော သဘာဝဘေးအန္တရာယ်များကို ဖြစ်ပေါ်စေသည်။

ယခုအခါ ကမ္ဘာ့သစ်တောပြုန်းတီးမှု၏ ထက်ဝက်ခန့်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဖြစ်ပေါ်နေသည်ဟု သုတေသီတို့က ဆိုကြသည်။ မိမိတို့နိုင်ငံတွင်လည်း ရာသီဥတုဖောက်ပြန်မှုတို့ လျော့နည်းစေရေး၊ သဘာဝဘေးအန္တရာယ်များမှ ရှောင်လွှဲနိုင်ရေး၊ ဂေဟစနစ်ပျက်သုဉ်းမှုတို့ကို ကာကွယ်နိုင်ရေး၊ ရေအရင်းအမြစ်များ မဆုံးရှုံးစေရေးတို့အတွက် အဓိကကျသည့် သစ်ပင်၊ သစ်တောများ ပြန်လည်ဖုံးလွှမ်းလာစေရန် သစ်ပင်များကို ပြုစုပျိုးထောင်သွားကြရန်မှာ လတ်တလော လိုအပ်ချက်တစ်ရပ်ဖြစ်လာပြီဟု နှိုးဆော်အပ်ပါကြောင်း။ ။




## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေး

**ပြည် ဧပြီ ၂၇**

ပြည်ခရိုင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် မြန်မာစီပီကုမ္ပဏီတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဧပြီ ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ဟောပြောပွဲတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမင်းညွန့်ဦးက အမှာစကားပြောကြားပြီး မြန်မာစီပီကုမ္ပဏီမှ ဒေါက်တာ ဇော်မင်းထွန်း၊ ခရိုင်မွေး/ကုဦးစီးဌာနဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာတင်တင်မြင့်တို့က ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံရေးကိစ္စရပ်များနှင့် မွေးမြူရေးဆိုင်ရာ လိုက်နာဆောင်ရွက်သင့်သည့် ဆောင်ရန်/ရှောင်ရန်အချက်များကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများအတွက် အိမ်မိုးသွပ်ပြားများ လှူဒါန်း

**မန္တလေး ဧပြီ ၂၇**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွက် အိမ်မိုးသွပ်ချပ်ရေ ၆၀၀၀၊ စဉ့်ကိုင်မြို့နယ်အတွက် အိမ်မိုးသွပ်ချပ်ရေ ၄၀၀၀ ပါဝင်သည့် တန်ဖိုးငွေကျပ် သိန်း ၃၅၀ ရှိ အိမ်မိုးသွပ်ပြား စုစုပေါင်း ၁၀၀၀၀ ကို ဧပြီ ၂၆ ရက်က ကမ္ဘောဇဘဏ်လီမိတက် အထက်မြန်မာပြည်တာဝန်ခံ ဦးတင်ထွန်းက ကမ္ဘောဇဘဏ်လီမိတက် ကျောက်ဆည်ဘဏ်ခွဲ၌ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း သဘာဝဘေးကြောင့် လုံးဝပျက်စီးသွားခဲ့သည့် အိမ်ခြေ ၃၅၀ နှင့် အမိုးအကာပျက်စီးသွားခဲ့သော အိမ်ခြေပေါင်း ၁၁၃၄ လုံးအတွက် ပြုပြင်တည်ဆောက်ရန် ငွေသားကျပ်သိန်း ၅၀၀ ကို မြစ်သားမြို့၌ ဧပြီ ၂၇ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

အလားတူ သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသွားခဲ့ရသော လယ်ယာသုံးခိုင်းနွားများအတွက် တောင်သူလယ်သမားများကို ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက လယ်ယာသုံးခိုင်းနွားတစ်ကောင်လျှင် ငွေကျပ် ၁၀၀၀၀၀၀ နှုန်းဖြင့် ကူညီထောက်ပံ့ပေးလျက်ရှိသည်။ မြစ်သားမြို့နယ်အတွင်းသေဆုံးခဲ့သော ခိုင်းနွားလေးကောင်အတွက် တစ်ကောင်လျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၄၀ ကို ကူညီထောက်ပံ့ပေးခဲ့သည်။ ဒဏ်ရာရရှိခဲ့သည့် တောင်သူတစ်ဦးအတွက်လည်း ငွေကျပ် ငါးသိန်း ထောက်ပံ့ပေးခဲ့သည်။ လယ်ယာသုံးခိုင်းနွားများ အမှန်တကယ် ဆုံးရှုံးခဲ့ရသည့် တောင်သူလယ်သမားများအနေဖြင့် သက်ဆိုင်ရာ မြို့မိ မြို့ဖများ၊ ရပ်မိရပ်ဖများ၏ ထောက်ခံချက်ဖြင့် အထက်မြန်မာပြည်အတွက် ဦးတင်ထွန်း ဖုန်း ၀၉-၇၉၂၀၅၂၇၀၄ နှင့် အောက်မြန်မာပြည်အတွက် ဦးစိုးတင်မောင်ဇော် ဖုန်း ၀၉-၅၀၀၀၁၇၀ တို့သို့ ဆက်သွယ်ထုတ်ယူနိုင်သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလအတွင်းဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ် ကျရောက်ခံစားခဲ့ရသည့် ပြည်သူများအတွက် ငွေကျပ် ၈၉၅ သိန်း ပေးလှူထားပြီးဖြစ်သည်။

**(မြန်မာ့အလင်း)**



ကမ္ဘောဇဘဏ်လီမိတက် အထက်မြန်မာပြည် တာဝန်ခံ ဦးတင်ထွန်း ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်အတွက် အိမ်မိုးသွပ်ပြားများ ပေးအပ်လှူဒါန်းစဉ်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၇-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၆၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၁.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၆၂.၂၅ |
| ထိုင်း | တစ်ဘတ် | ၃၃.၃၀၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၁၀ |
| တရုတ် | တစ်ယွမ် | ၁၇၉.၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာများ ပေးအပ်



**နေပြည်တော် ဧပြီ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်များအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်ကြသည့် သံအမတ်ကြီး သုံးဦးသည် ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ သံအမတ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။ **(ယာပုံ)**

အဆိုပါသံအမတ်ကြီးများမှာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာမိုဆမ် မိုဟာမက်ဒီ၊ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန် မာရှယ်နှင့် ဆလိုဗက်နိုင်ငံသံအမတ်ကြီး မစ္စတာ စတန်နီစလဗ် အိုပီလာတို့ဖြစ်ပြီး ယနေ့ နံနက်ပိုင်းတွင် သံအမတ်ခန့်အပ်လွှာများအား နိုင်ငံတော်သမ္မတထံသို့ ပေးအပ်ခဲ့ကြခြင်းဖြစ်သည်။

ယနေ့ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သည့် အစိုးရစတင်တာဝန်ယူစဉ် နိုင်ငံတကာမှ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီး ခြောက်ဦးတို့သည် ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများ ပေးအပ်ခဲ့ကြပြီး ဧပြီ ၂၈ ရက်တွင်လည်း သံအမတ်ကြီးနှစ်ဦးက ၎င်းတို့၏ ခန့်အပ်လွှာများကို နိုင်ငံတော်သမ္မတထံ ပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၅/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆ ၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၂)နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၅ တို့ပါပြဋ္ဌာန်းချက်များအရ အောက်ပါ ပုဂ္ဂိုလ်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

( ၁ ) ဦးဝင်းမော် အဖွဲ့ဝင်
( ၂ ) ဦးသန်းထွန်း အဖွဲ့ဝင်
( ၃ ) ဒေါက်တာဦးပွား အဖွဲ့ဝင်
( ၄ ) ဦးစောဗယ်လင်တိုင်း အဖွဲ့ဝင်

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၈/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(စ)နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၄ တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုရာထူးဝန်အဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

( ၁ ) ဒေါက်တာဝင်းသိမ်း ဥက္ကဋ္ဌ
( ၂ ) ဦးဝင်းမော် အဖွဲ့ဝင်
( ၃ ) ဦးသန်းထွန်း အဖွဲ့ဝင်
( ၄ ) ဒေါက်တာဦးပွား အဖွဲ့ဝင်
( ၅ ) ဦးစောဗယ်လင်တိုင်း အဖွဲ့ဝင်

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ပဥ္စမအကြိမ်အစည်းအဝေးဆက်လက်ကျင်းပ



**နေပြည်တော် ဧပြီ ၂၇**

နိုင်ငံရေးဆွေးနွေးနေစဉ်ကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရန်၊ နိုင်ငံရေးအာမခံချက်များကို အကောင်အထည်ဖော်နိုင်ရန်၊ သဘောတူညီချက်များနှင့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုနိုင်ရန်အတွက် နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သော ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ ပဥ္စမအကြိမ်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

ယနေ့အစည်းအဝေးတွင် JMC အလုပ်အဖွဲ့အတွင်း ဆွေးနွေးသဘောတူညီခဲ့သော ဒေသဆိုင်ရာ ရုံးအဖွဲ့လုပ်ငန်းလမ်းညွှန် (TOR for Secretariat of JMC - L) အား ဆွေးနွေးအတည်ပြုခြင်း၊ JMC အလုပ်အဖွဲ့အတွင်း ဆွေးနွေးခဲ့သည့် နိုင်ငံတကာအဖွဲ့အစည်းများက တောင်းဆိုထားသော တရားဝင်မှု (Legal Status) ကိုရရှိရန် Technical Secretrait Center(TSC) အား NGO အဖြစ် (သို့မဟုတ်) State process အဖြစ် မည်သို့ဆောင်ရွက်လိုကြောင်းကို EAOs ဘက်မှ ၂၀၁၆ ခုနှစ် ဧပြီ ၆ ရက်မတိုင်ခင် အကြောင်းပြန်ကြားပေးမည့် ကိစ္စရပ်အား ဆွေးနွေးခြင်း၊ ယာယီတိုင်ကြား ကန့်ကွက်ခြင်းလုပ်ငန်းအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ ဗဟိုရုံးအဖွဲ့နှင့် ပြည်နယ်ရုံးအဖွဲ့များ၏ လုပ်ငန်းလမ်းညွှန်အရ ခန့်အပ်မည့် ဝန်ထမ်းများအတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်များဆွေးနွေးအတည်ပြုခြင်း၊ အရပ်သားကိုယ်စားလှယ် ဒုတိယဥက္ကဋ္ဌ အလှည့်ကျလွှဲပြောင်းခြင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဆွေးနွေးမည့်အစီအစဉ်အပေါ် ဆွေးနွေးညှိနှိုင်းခြင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီများဖွဲ့စည်းခြင်းကိစ္စ၊ အထွေထွေကိစ္စရပ်များနှင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ ဆဋ္ဌမအကြိမ်အစည်းအဝေး ကျင်းပမည့် နေ့ရက်နှင့် နေရာသတ်မှတ်ခြင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုး၊ ဒုတိယဥက္ကဋ္ဌ(၂)ဦးပြည့်စုံ၊ အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ နှစ်ဖက်မှ အဆိုပြုသော အရပ်သားကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် ဩဂုတ် ၇ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။**

ထိုသို့ လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများစတင်ကျင်းပပြီး ပြည်ထောင်စုညီလာခံကျင်းပခြင်း၊ ပြည်ထောင်စု သဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် ပြည်ထောင်စု သဘောတူစာချုပ်အား အကောင်အထည်ဖော်ခြင်းတို့ကို ဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီ(UPDJC) တို့ကို ရက်ပေါင်း ၃၀ အတွင်း ဖွဲ့စည်း၍ သဘောတူညီချက်များနှင့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# တိကျမှန်ကန်သော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒလုပ်ငန်းစဉ် တစ်ရပ် ခိုင်ခိုင်မာမာချမှတ်နိုင်ရေး ဝိုင်းဝန်းကူညီ

❒ ရှေ့ဖုံးမှ

ပြန်ပျက်သွားသည်ကို မိမိအနေဖြင့် ကြားသိရပါကြောင်း၊ ဤသည်မှာ JMC -U က မည်မျှအရေးကြီးသည်ကို ပြသသည့် သက်သေဖြစ်ပါကြောင်း။

အပစ်အခတ်ရပ်စဲရေးများ တည်တံ့ခိုင်မြဲအောင်လုပ်ရန်သည် အလွန်အရေးကြီးပါကြောင်း၊ လက်မှတ်ထိုးရေးသည် ပထမခြေလှမ်းပင်ဖြစ်ပါကြောင်း၊ ပစ်ခတ်ရပ်စဲရေးများတည်တံ့ခိုင်မြဲခြင်းမရှိပါက ငြိမ်းချမ်းရေးအတွက် ဆက်လက်သွား၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် JMC-U အနေဖြင့် လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ စတင်လုပ်ဆောင်နေသည်ဟု နားလည်ထားပါကြောင်း၊ အစကောင်းမှ အနှောင်းသေချာဆိုသည့်အတိုင်း ကောင်းမွန်သောလက္ခဏာများပင်ဖြစ်ပါကြောင်း၊ JMC-U ထဲတွင် အစိုးရ၊ တိုင်းရင်းသားများနှင့် အရပ်ဘက်အပါအဝင် အဘက်ဘက်မှပါဝင်ကြသည့်အတွက် ပါဝင်သင့်ပါဝင်ထိုက်သူများ စုံစုံလင်လင်ပါဝင်သည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း၊ ပါသင့်ပါထိုက်သူများသည် ယခုခေတ်စကားအရ Stakeholder ဆိုသည့် စကားက တွင်ကျယ်နေပါကြောင်း၊ Stakeholder ကို တိတိကျကျ တွေးခေါ်မည်ဆိုပါက ကိစ္စတစ်ရပ်ရပ်တွင် တစ်နည်းမဟုတ်တစ်နည်း ပါဝင်ပတ်သက်နေသူဟု အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ပါကြောင်း။

အမှန်တကယ် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တစ်နည်းမဟုတ် တစ်နည်း ပါဝင်ပတ်သက်နေသူများမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးပင် ဖြစ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားသန်း ၅၀ ကျော်ပါဝင်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လုပ်ကိုင်မည်ဆိုသည်မှာ လက်တွေ့မကျပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် မည်သူများပါဝင်သင့်သည်ကို အများကြီးစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် JMC ထဲတွင် ပါဝင်သင့်ပါဝင်ထိုက်သူများ မည်သူများ ပါဝင်ရမည်ကို စပြီးစဉ်းစား၍ ယခုလုပ်ငန်းစဉ်မှ သင်ခန်းစာယူနိုင်မည်ဟု မိမိထင်မြင်ပါကြောင်း။

ဆက်လုပ်ရမည့်လုပ်ငန်းမှာ ငြိမ်းချမ်းရေးညီလာခံဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးညီလာခံကို ဆက်လက်လုပ်ဆောင်ရာ၌ ယခင်သဘောတူညီထားပြီးဖြစ်သည့်အပြင် လိုအပ်ပါက ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ JMC-U ၏ အတွေ့အကြုံများသည် ယခုကဲ့သို့ ဆောင်ရွက်ရာ၌ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ JMC -U ထဲမှာ အဘက်ဘက်က ပါသင့် ပါဝင်ထိုက်သူများကို ကိုယ်စားပြုသူများဖြင့် ဆောင်ရွက်သည့်အတွက် အားနည်းချက်၊ အားသာချက်များကိုသိရှိပြီး မည်သို့ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည်ကို ကြိုတင်စဉ်းစားထားကြမည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ စဉ်းစားထားသည်များကိုအခြေခံပြီး ငြိမ်းချမ်းရေးညီလာခံကို မည်သို့ကျင်းပသွားမည်ဆိုသည့် အကြံဉာဏ်များရရှိမည်ဟု ယုံကြည်ပါကြောင်း၊ JMC -U နှင့်တွေ့ဆုံခြင်းသည် မိမိအနေဖြင့် အတွေ့အကြုံများကို နားထောင်ရန်အတွက် ဖြစ်ပါကြောင်း။

JMC-U ၏ တိုက်ရိုက်ခန့်အပ်သည့်တာဝန်သည် အပစ်အခတ်ရပ်စဲရေး တည်မြဲဖို့ဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ မည်သည့်ဘက်မှ မကျေနပ်စရာမရှိရန်၊ အမှန်အမှား၊ တရားမျှတမှု ရှိ မရှိ တို့ကို JMC-U က အဓိကထိန်းသိမ်း ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ သို့ရာတွင် အပစ်အခတ်ရပ်စဲရေးမကျိုးပျက်အောင်၊ မကျိုးဖောက်အောင်ဆောင်ရွက်ခြင်းသည် ငြိမ်းချမ်းရေးညီလာခံအောင်မြင်ရေးအတွက် ဖြစ်ပါကြောင်း၊ JMC -U ၏ အကြံဉာဏ်များထဲတွင် ငြိမ်းချမ်းရေးညီလာခံအောင်မြင်ဖို့အတွက် မည်သို့ဆောင်ရွက်သွားသင့်သည်ကို မိမိတို့အနေဖြင့်သိချင်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေး မကျိုးဖောက်ရန်အတွက် မည်သို့ဆောင်ရွက်ရမည်မှာ JMC-U ၏ တိုက်ရိုက်ချက်ချင်း လက်ငင်းတာဝန်ဖြစ်ပါကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့် အရေးကြီးတာဝန်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေးညီလာခံများကို မည်သို့အောင်မြင်အောင် ဆောင်ရွက်ရမည်ဆိုသည့် အကြံဉာဏ်များကို လိုချင်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ အားလုံးပါဝင်စေချင်ပါကြောင်း၊ အားလုံးပါဝင်အောင် မည်သို့ဆောင်ရွက်ရမည်ကို မိမိတို့အနေဖြင့် ဝိုင်းဝန်းစဉ်းစား အဖြေရှာသွားရမည်ဖြစ်ပါကြောင်း။

တကယ်စေတနာမှန်ပါက မအောင်မြင်စရာမရှိပါကြောင်း၊ အလုပ်တစ်ခုကို လုပ်သည့်နေရာတွင် အထူးသဖြင့် အများနှင့်စုပေါင်းပြီးလုပ်သည့်နေရာတွင် အပေးအယူဆိုရာ၌ အဓိကအားဖြင့် ကိုယ်ဘာပေးမည်ဆိုသည်ကို တစ်ယောက်ချင်း၊ တစ်ယောက်ချင်းက စဉ်းစားပေးပါက အများကြီးအောင်မြင်မည်ဟု မိမိအနေဖြင့် ထင်မြင်ပါကြောင်း၊ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းက ငါဘာယူလို့ရမလဲဆိုသည့် စိတ်ဓာတ်ဖြင့်လာပါက ပိုမိုခက်ခဲလိမ့်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အပေးအယူဟုဆိုသည့်နေရာတွင် နိုင်ငံအပေါ်ထားသည့်စေတနာ၊ မိမိဂုဏ်သိက္ခာအရ ကိုယ်ဘာပေးနိုင်သည်ကို ဦးစားပေး၍ ဆွေးနွေးစဉ်းစားစေချင်ပါကြောင်း၊ ကိုယ်ဘာလိုချင်လဲ ကြည့်မည်ဆိုပါက တိုင်းရင်းသားမျိုးစုံဖြင့် တည်ဆောက်ထားသည့် ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ညီညွတ်ဖို့လွယ်မည် မဟုတ်ပါကြောင်း။

ယခုအစည်းအဝေးကစပြီး ငြိမ်းချမ်းရေးအတွက် ဦးတည်ပြီးဆောင်ရွက်သည့်အခါတွင် တစ်ယောက်စီတိုင်းက ငါတို့ဘာပေးနိုင်သလဲဆိုသည့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားမှု၊ ကိုယ်ဘာပေးနိုင်လဲဆိုသည်ကို အဓိကစဉ်းစား၍ ဝိုင်းဝန်းစဉ်းစား ကူညီစေချင်ပါကြောင်း၊ ယခုလိုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားပါက အပစ်အခတ်ရပ်စဲရေးကိုလည်း ခိုင်မာအောင် လုပ်ဆောင်နိုင်မည့်အပြင် မပါဝင်သေးသည့်အဖွဲ့များကို ပါဝင်လာရန်နှင့် ပါဝင်နိုင်အောင် အခြေအနေတစ်ခုကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နေစဉ်အတွင်းမှာ ငြိမ်းချမ်းရေးညီလာခံကို စတင်ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးညီလာခံနှင့် အပစ်အခတ်ရပ်စဲရေးတွင် မပါဝင်သေးသည့် အဖွဲ့များပါဝင်ရေးသည် တစ်ပြိုင်တည်း ဆောင်ရွက်ရမည့် မျဉ်းပြိုင်များဖြစ်ပါကြောင်း၊ တစ်ခုပြီးမှ တစ်ခုလုပ်၍မရပါကြောင်း၊ ထို့ကြောင့် ယခုမှစ၍ အပစ်အခတ်ရပ်စဲရေးခိုင်မြဲအောင်လုပ်ခြင်းဖြင့် အပစ်အခတ်ရပ်စဲရေး၏အကျိုးဆက်ကို ပြည်သူများက မည်သို့ခံစားရသည်ကို ရှင်းရှင်းလင်းလင်း မြင်သာထင်သာပြနိုင်ခြင်းဖြင့် အပစ်အခတ်ရပ်စဲရေးတွင် မပါဝင်သေးသည့် အခြားအစုအဖွဲ့များပါဝင်လာအောင် မိမိတို့အနေဖြင့် ဆွဲဆောင်နိုင်မည့်အပြင် တစ်ချိန်တည်းတွင် ထာဝရငြိမ်းချမ်းရေးရမည့် ညီလာခံများကျင်းပနိုင်ရန် အစပျိုးနိုင်မည်ဖြစ်ပါကြောင်း။

ယခု ၂၁ ရာစု ပင်လုံညီလာခံကျင်းပနိုင်ရန်အတွက် မိမိအနေဖြင့် အချိန်ဆွဲဆောင်ရွက်သွားမည်မဟုတ်ပါကြောင်း၊ တစ်လ၊ နှစ်လအတွင်းမှာ ယခုအစီအစဉ်များကို ပြီးမြောက်၍ ငြိမ်းချမ်းရေးညီလာခံကို စတင်ဆောင်ရွက်သွားချင်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးကို နိစ္စဓူဝလိုအပ်နေပါကြောင်း၊ နေ့စဉ်ငြိမ်းချမ်းရေး မရသည့်အတွက် ဒုက္ခခံနေရသည့် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများအတွက် တစ်ရက်စီ၏ ၂၄ နာရီသည် နည်းသည့်အချိန်မဟုတ်ပါကြောင်း၊ မခံစားရသူများအတွက် ၂၄ နာရီသည် ဘာမှမဟုတ်ပါကြောင်း၊ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး အေးအေးချမ်းချမ်းဖြင့်နေထိုင်နိုင်ရန် ငြိမ်းချမ်းရေးညီလာခံကိုအမြန်ဆုံးအောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းစဉ်းစား၍ လက်ရှိ JMC-U ၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ သင်ယူစရာရှိသည်များကို မိမိတို့ကိုသင်ကြားသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဆက်ပြီးအောင်မြင်အောင် မည်သို့ဆောင်ရွက်ရမည်၊ မပါဝင်သေးသည့်အဖွဲ့များ အပစ်အခတ်ရပ်စဲရေးစာချုပ်ထဲမှာ ပါဝင်လက်မှတ်ရေးထိုးနိုင်အောင် မည်သို့ဆောင်ရွက်သွားမည်ကို ဝိုင်းဝန်းအကြံပြုစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က JMC အနေဖြင့် NCA ကို အကောင်အထည်ဖော်ရာမှာ စစ်ဘက်ဆိုင်ရာသဘောတူညီချက်များကို ထိန်းသိမ်းလိုက်နာအကောင်အထည်ဖော်ဆောင်သွားရန်အတွက် တာဝန်ရှိကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် NCA ပါ စစ်ဘက်ဆိုင်ရာအချက် ၅၅ ချက်ကို လက်မှတ်ရေးထိုးသူများအားလုံး လိုက်နာဆောင်ရွက်သွားစေရန် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ JMC ကို ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသဆိုင်ရာအဆင့်များဆိုပြီး အဆင့်ဆင့်ဖွဲ့စည်းထားကြောင်း၊ အဆင့်တိုင်းတွင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် အရပ်သားကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်း၊ JMC ကော်မတီအဆင့်ဆင့်ကိုအထောက်အကူပြုရေးအတွက် အဆင့်တိုင်းတွင်လည်းရုံးအဖွဲ့များကို ဖွဲ့စည်းထားရှိမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် JMC-U အဖွဲ့ဝင်များကို ၂၆ ဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ အခြေအနေအချိန်အခါ လိုအပ်ချက်များအရ နိုင်ငံတော်၏အတိုင်ပင်ခံ၏လမ်းညွှန်ချက်နှင့် JMC-U ၏ အစိုးရကိုယ်စားလှယ်များကို ပြင်ဆင်ဖွဲ့စည်းစရာရှိသည်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

JMC ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုရလဒ်များအနေဖြင့် NCA လက်မှတ်ရေးထိုးပြီး ခြောက်လအတွင်း အသေးစားထိတွေ့မှု သုံးကြိမ်သာရှိခဲ့ကြောင်း၊ အခြားနိုင်ငံများမှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဖြစ်စဉ်များနှင့်နှိုင်းယှဉ်ပါက NCA လက်မှတ်ရေးထိုးသူများအကြားထိတွေ့တိုက်ပွဲများမရှိသလောက် လျှော့ချနိုင်ခဲ့ပါကြောင်း၊ သို့သော် JMC ၏ လက်ရှိလုပ်ငန်းစဉ်များကို ထိရောက်စေရန်အတွက် စနစ်တကျလုပ်ဆောင်နိုင်သောအခြေအနေသို့မရောက်ရှိသေးကြောင်း၊ နှစ်ဖက်ခေါင်းဆောင်များ၏ နားလည်မှုနှင့်ဆက်ဆံရေးကို အခြေခံပြီး လုပ်ငန်းအကောင်အထည်ဖော်နေရခြင်းဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူအပြောင်းအလဲလုပ်သည့်အခါ၊ မြေပြင်တပ်များအပြောင်းအလဲလုပ်သည့်အခါများတွင် လက်ရှိတည်ငြိမ်မှုကို ဆက်ထိန်းနိုင်ရန် အခက်အခဲရှိကြောင်း၊ ထို့ကြောင့် JMC လုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော်နိုင်သည့်ယန္တရားတစ်ခုဖြစ်လာစေရန် အချိန်ယူတည်ဆောက်ရဦးမည်ဖြစ်ကြောင်း၊ ဤယန္တရားတစ်ခုဖြစ်လာရန် အဓိကကျသည့် အလုပ်အဖွဲ့ (ရုံးအဖွဲ့) အဆင့်ဆင့်ကို ဖွဲ့စည်းအကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း။

အလုပ်အဖွဲ့ အဆင့်ဆင့်ကိုဖွဲ့စည်းလည်ပတ်နိုင်ရန် လိုအပ်သည့်ငွေကြေးပမာဏကို စိစစ်တွက်ချက်ထားပြီး နိုင်ငံတကာမှ ကျွမ်းကျင်သူများနှင့်လည်း ညှိနှိုင်းဆွေးနွေးထားပြီးဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များအတွက် သုံးနှစ်စာဘတ်ဂျက်ကို အမေရိကန်ဒေါ်လာ ၂၅ သန်းခန့် ခန့်မှန်းတွက်ချက်ထားကြောင်း၊ နိုင်ငံတကာတွင်ပြုလုပ်ခဲ့ကြသည့် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ကြီးကြပ်သည့်လုပ်ငန်းများနှင့် ယှဉ်ကြည့်လိုက်လျှင် မိမိတို့၏ ခန့်မှန်းကုန်ကျစရိတ်မှာ ငါးဆကျော် သက်သာပါကြောင်း၊ ယင်းဘတ်ဂျက်ကို ကမ္ဘာ့ကုလသမဂ္ဂမှ ကမကထပြုပြီး အထောက်အပံ့ပြုရန် ညှိနှိုင်းဆွေးနွေးထားကြောင်း၊ UN Peace Building Fund မှ အထောက်အပံ့ပြုရန် လျာထားသည်ဟုသိရှိရကြောင်း၊ JMC လုပ်ငန်းများနှင့် အလုပ်အဖွဲ့များ စတင်လည်ပတ်နိုင်ရေးအတွက် လက်ရှိအစိုးရအသစ်မှ JMC တည်ရှိမှုကိုအသိအမှတ်ပြုပေးပြီးမှသာ နိုင်ငံတကာအလှူရှင်များက အထောက်အပံ့များကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသူများအကြား ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ JMC အနေဖြင့် အားသွန်ခွန်စိုက်လုပ်ဆောင်သွားမည်ဟု သဘောထားပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပူးတွဲစောင့်ကြည့်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်စောအိုင်းဇက်ဖိုးနှင့် ဦးပြည့်စုံတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပူးတွဲစောင့်ကြည့်ရေးကော်မတီအတွင်းရေးမှူး ဒေါက်တာရွှေခါးက ကော်မတီ စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့အထိ လုပ်ငန်းဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

အလားတူ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာမင်းဇော်ဦးက JMC အား အစိုးရအဖွဲ့အစည်းတစ်ရပ်အဖြစ်ထားရှိရေး၊ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ရပ်အဖြစ်ထားရှိရေးကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေါက်တာတင်မျိုးဝင်းက ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းမှုများညှိနှိုင်းနိုင်ရေး ရှင်းလင်းတင်ပြသည်။

ထို့နောက် ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ အရပ်သားကိုယ်စားလှယ် ဦးကိုကိုကြီးက အရပ်ဘက်ကိုယ်စားလှယ်များပါဝင်နိုင်ရေး ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြောကြားပြီး ပြည်တွင်းငြိမ်းချမ်းရေးသာမက အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုပါ ခြုံငုံနိုင်သည့် ဖွဲ့စည်းမှုတစ်ရပ်ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ ပါဝင်သင့်ပါဝင်ထိုက်သူ အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မြဲစေရန်၊ လက်မှတ်ရေးထိုးမှု မရှိသေးသည့် ကျန်အဖွဲ့များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်စေရန်နှင့် ငြိမ်းချမ်းရေးညီလာခံ အမြန်ဆုံးခေါ်ယူကျင်းပနိုင်ရန် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတွက် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို အမြန်ဆုံးကျင်းပသွားမည်ဖြစ်ကြောင်း၊ တိကျမှန်ကန်သော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်တစ်ရပ် ခိုင်ခိုင်မာမာချမှတ်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Cease-fire Monitoring Committee - JMC) ၏ ပဉ္စမအကြိမ်အစည်းအဝေးကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ဧပြီ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Cease fire Monitoring Committee -JMC) သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ မူဝါဒချမှတ်သူများအား အပစ်အခတ်ရပ်စဲရေးအတွက် မူဝါဒဆိုင်ရာ ကူညီပံ့ပိုးပေးရန်၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထိန်းသိမ်းစောင့်ကြည့်ပေးသည့် ယန္တရားတစ်ခုအကောင်အထည်ဖော်နိုင်ရန်၊ ပစ်ခတ်တိုက်ခိုက်မှုများကို တည်ငြိမ်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံရေးဆွေးနွေးပွဲများကို အထောက်အကူဖြစ်စေရန်၊ နှစ်ဖက်ယုံကြည်မှုတည်ဆောက်နိုင်စေရန်နှင့် ပဋိပက္ခဒေသများတွင် ပြည်သူလူထုကို အကာအကွယ်ပေးနိုင်ရန်ဆိုသည့် ရည်မှန်းချက်များကိုအခြေခံ၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်မည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုကော်မတီ National Reconciliation and Peace Centre (NRPC) ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်၍ လာမည့်မေလဒုတိယပတ်အတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

---

## ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဧပြီ ၂၇**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) သည် ငြိမ်းချမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်၊ နိုင်ငံရေးဆွေးနွေးနေစဉ်ကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာစေရန်၊ နိုင်ငံရေးအာမခံချက်များကို အကောင်အထည်ဖော်နိုင်ရန်၊ သဘောတူညီချက်များနှင့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၈ ရက် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုညီ**


# နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုးမြှင့်လုပ်ဆောင်နိုင်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန် မာရှယ်အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်များနှင့် လက်ရှိပါတီစုံဒီမိုကရေစီခေတ်၏ ဒုတိယအစိုးရ ကာလ၊ အပြောင်းအလဲကာလတွင် တပ်မတော်၏ အမျိုးသားရေးဆိုင်ရာ ရပ်တည်ချက်၊ လုပ်ဆောင်ချက်များ၊ နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ ဘာသာရေး အရ ဖြစ်ပေါ်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် တပ်မတော်၏ သဘောထားနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ မိမိနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးအခြေအနေ၊ မြန်မာ-အမေရိကန်နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်ကြား အပြန်အလှန်ယုံကြည်မှုကိုအခြေခံ၍ ဆက်ဆံရေးတိုးမြှင့်နိုင်မည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ဧည့်သည်တော် သံအမတ်ကြီးကလည်း ၎င်းတာဝန်ထမ်းဆောင်မည့် ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုးမြှင့် လုပ်ဆောင်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး တို့ တက်ရောက်ကြပြီး သံအမတ်ကြီးနှင့်အတူ သံရုံးဒုတိယအကြီးအကဲနှင့် စစ်သံမှူးတို့ တက်ရောက်ကြသည်။ **(မြဝတီ)**

# သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော မွေတော်ကက္ကူဘုရားဝင်းအတွင်းရှိဘုရားများ ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ကျောက်တစ်လုံးမြို့နယ်ခွဲ၌ ဧပြီ ၂၂ ရက် ညပိုင်းက လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် မွေတော်ကက္ကူဘုရားဝင်းအတွင်းရှိ စေတီအဆူရာပေါင်းများစွာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ပျက်စီးခဲ့သောစေတီများအား ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ဧပြီ ၂၆ ရက် မွန်းလွဲပိုင်းတွင် မွေတော်ကက္ကူဓမ္မာရုံသို့ ရောက်ရှိပြီး မွေတော်ကက္ကူဘုရား ဩဝါဒါစရိယ ဆရာတော်များအား ပျက်စီးမှုအခြေအနေများ စိစစ်မှတ်တမ်းတင်ခြင်းလုပ်ငန်းနှင့် မူလလက်ရာမပျက် ပြန်လည်ပြင်ဆင်နိုင်မည့်အခြေအနေများကို လျှောက်ထားတင်ပြပြီး ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်မည့် အသေးစိတ်အစီအမံများကို ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဩဝါဒါစရိယ ဆရာတော်များထံသို့ စေတီတော်များ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မွေတော်ကက္ကူဘုရား ဩဝါဒါစရိယ ဆရာတော်များ၊ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌတို့သည် မွေတော်ကက္ကူစေတီတော် ပျက်စီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဆုတောင်းပြည့်အာသောကစေတီတော်ကြီးနှင့် ဖောင်တော်ဆိုက်စေတီတော်တို့အား ဦးစားပေးပြုပြင်ရန်၊ ထိခိုက်ပျက်စီးသွားသောစေတီတော်များအား ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးတို့တွင် အလှူငွေလက်ခံမည့်ဌာနများ ဖွင့်လှစ်ဆောင်ရွက်ရန်၊ ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရန်နှင့် ရေရှည်ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တိုက်ခတ်ခဲ့သော လေပြင်းအရှိန်ကြောင့် မွေတော်ကက္ကူစေတီစုများ ပျက်စီးမှုစာရင်းမှာ စေတီအဆူပေါင်း ၈၆၉ ဆူဖြစ်ပြီး အချို့သောစေတီများသည် လတ်တလော ပျက်စီးခြင်းမရှိသော်လည်း ကြံ့ခိုင်မှုအားနည်းခြင်းနှင့် လေပြင်းဒဏ်ကြောင့် အက်ကွဲခြင်းများရှိနေသဖြင့် မူလစာရင်းကောက်ယူထားသော ၈၆၉ ဆူထက် ပျက်စီးမှုအရေအတွက် ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျောက်တစ်လုံးမြို့နယ်ခွဲ ကက္ကူရွာအနီးရှိ မွေတော်ကက္ကူဘုရားဝင်းသည် ရှေးခေတ်ဘိုးဘွားများက မြေဧရိယာ ကိုးဧကခန့်ကျယ်ဝန်းသော နေရာ၌ စေတီတော် စုစုပေါင်း ၂၄၇၈ ဆူ တည်ထားကိုးကွယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ယင်းတွင် ဉာဏ်တော် ၄၅ တောင်ခန့်မြင့်သော ဆုတောင်းပြည့် အာသောကစေတီတော်ကြီးနှင့် ဉာဏ်တော်အတောင် ၄၀ ခန့်မြင့်သော ဖောင်တော်ဆိုက်စေတီတော်ကြီးနှစ်ဆူမှာ အဓိကစေတီတော်ကြီးများဖြစ်ပြီး ကျန်စေတီတော်အများစုမှာ ပျမ်းမျှ ဉာဏ်တော် ၁၁ တောင်မှ ၁၅ တောင်အတွင်း အမြင့်ရှိကြကြောင်း၊ မှတ်တမ်းများအရ စေတီတော်အချို့သည် အေဒီ ၁၂ ရာစုနှောင်းပိုင်း ပုဂံခေတ်အပြိုင် တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မွေတော်ကက္ကူစေတီတော်များကို ရှေးမူလက်ရာမပျက် ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် ဌာနရှိ ရှေးဟောင်းအဆောက်အအုံထိန်းသိမ်းရေး ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ဒေသအသီးသီးမှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ စေတီတော်များ ရေရှည်ကြံ့ခိုင်ရေး၊ စနစ်တကျပြုပြင်ထိန်းသိမ်းရေး၊ ပျက်စီးမှုအလိုက် ပြုပြင်ရမည့်နည်းစနစ်နှင့် ပညာရပ်ပိုင်းဆိုင်ရာကြီးကြပ်ပေးခြင်း၊ အကြံပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာအဆင့်မီ ရေကမ္ဘာအပန်းဖြေဥယျာဉ် ပြန်လည်ဖွင့်လှစ်

**ရန်ကုန် ဧပြီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာ၌ တည်ဆောက်လျက်ရှိသည့် နိုင်ငံတကာအဆင့်မီ ရေကမ္ဘာအပန်းဖြေဥယျာဉ် ကစားကွင်းကြီးကို ယနေ့ နံနက်ပိုင်းက ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ **(အောက်ပုံ)**

"ဒီရန်ကုန် ဝါးတားဘွန်းလို့ခေါ်တဲ့ ရေကမ္ဘာအပန်းဖြေ ဥယျာဉ်ကြီးဟာဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ ပထမဦးဆုံး နိုင်ငံတကာအဆင့်မီ ရေကမ္ဘာဥယျာဉ်ကြီး ဖြစ်ပါတယ်။ ကမ္ဘာ့နာမည်ကြီးတဲ့ မြို့တော်တွေမှာ ဒီလို ရေနဲ့ပတ်သက်တဲ့ ကစားကွင်းတွေအများကြီးရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာတော့ ဒါ ပထမဆုံးဖြစ်ပါတယ်။ ပြည်သူတွေ ရေကမ္ဘာဥယျာဉ်ကြီးမှာ ပျော်ရွှင်စေလိုတဲ့ဆန္ဒနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" ဟု ရေကမ္ဘာဥယျာဉ်မှ မန်နေဂျာ ဦးရဲဝင့်သူက ပြောကြားသည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ ရေကမ္ဘာအပန်းဖြေဥယျာဉ် ကစားကွင်းကြီးကို ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ဖွင့်လှစ်ခဲ့သော်လည်း ချွတ်ယွင်းချက်များရှိ၍ အချိန် တစ်လကြာ ပြုပြင်မှုများပြုလုပ်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ယင်းရေကမ္ဘာဥယျာဉ်ကြီး၌ နိုင်ငံတကာအဆင့်မီ ရေလျှောများ၊ ရေကစားနည်းများဖြစ်ကြသည့် တိုနားဒိုး၊ ဘွန်းဖရင်းဂိုး၊ ပိုင်သွန်း၊ ရေစုံအိမ်၊ ညင်သာစွာစီးဆင်းနေသောမြစ်တို့ အပါအဝင် ဖူဆယ်ဘောလုံးကွင်းများ၊ ပျော်ရွှင်စရာကလေးများကမ္ဘာ၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ဒွန်းကစားနည်းနှင့် ပင်လယ်ရေလှိုင်းတု ကမ်းခြေကြီးအစရှိသည့် ကစားနည်း ၁၁ မျိုးပါဝင်ကာ ကလေးများသာမက လူကြီးများပါ ကစားနိုင်ကြောင်း သိရသည်။


ရေကစားလိုသူ ပြည်သူများအတွက် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီခွဲအထိ ဖွင့်လှစ်ပေးထားမည်ဖြစ်ပြီး ဝင်ကြေးမှာ ပုံမှန်ရုံးဖွင့်ရက်များတွင် လူတစ်ဦး ငွေကျပ် ၂၀၀၀၀ နှင့် ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များအတွက် ငွေကျပ် ၂၅၀၀၀ သတ်မှတ်ထားသော်လည်း နောက်ပိုင်းတွင် ပရိုမိုးရှင်း အစီအစဉ်များဖြင့် လက်မှတ်ဈေးနှုန်းများ လျှော့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေကမ္ဘာဥယျာဉ်၌ ရေကစားရန် နေရာများအပြင် ရန်ကုန်မြို့နာမည်ကြီး စားသောက်ဆိုင်များ၊ အမှတ်တရ ယွန်းအရောင်းဆိုင်များ၊ မိသားစု သီးသန့်နားနေရန်နေရာများလည်း ဖွင့်လှစ်ထားသည်။ ယင်းရေကမ္ဘာဥယျာဉ်ကြီးကို ၂၀၁၄ ခုနှစ်တွင် ကုမ္ပဏီနှစ်ခုက တာဝန်ယူတည်ဆောက်ပြီး ၂၀၁၆ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**






## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

# ကော့မှူးဒေသဖွံ့ဖြိုးရေး

**မြေကြီးမောင်**

၂၀၁၆ ခုနှစ် ဧပြီလ ၂၄ ရက်၊ တနင်္ဂနွေနေ့။

ရှင်နေမင်းကြီး၏ တစ်ကိုယ်တော်လက်စွမ်းပြကာလ။

ပူပြင်းသောနွေရာသီ၏ ပွေ့ဖက်ကျီစယ်မှုကိုခံယူလျက် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်သို့ ဒေသဖွံ့ဖြိုးရေးတာဝန်ဖြင့် ရောက်ရှိခဲ့ရပါသည်။ တစ်ကြိမ်တစ်ခါမျှ မရောက်ခဲ့ဖူးသောဒေသဖြစ်၍ ရန်ကုန်ရွှေမြို့တော်ကြီးမှ စောစီးစွာထွက်ခွာခဲ့မိသည်။ ရန်ကုန်မြို့တော်နှင့် များစွာမကွာလှမ်းသောဒေသဖြစ်သော်လည်း ဖွံ့ဖြိုးမှုကတော့ ကွာလှမ်းနေပါသည်။ ဘာကြောင့်လဲဆိုသည့် ပုစ္ဆာအပေါ် အဖြေရှာရန်လည်း ကြိုးစားခဲ့မိပါသည်။

အဖြေရှာရခက်ခဲသော ပုစ္ဆာတစ်ပုဒ်ပင်။

ရိုးသားသောတောင်သူလယ်သမားများ၏ ရိုးစင်းသော မျက်နှာများစွာကိုတွေ့မြင်ခဲ့ရသော်လည်း မပြည့်စုံသောအခြေခံအချက်များသည် အဖြေထုတ်ရန်ခက်ခဲသော အခြေအနေကို ဖန်တီးနေပါသည်။

မြေပုံနှင့် စာရင်းအင်းအချက်အလက်တွဲ၍ဆောင်ရွက်မှုကို LIS (Land Information System)ခေါ်ကြောင်းကြားဖူးပါသည်။ ကွန်ပျူတာဖြင့်သာ ဆောင်ရွက်နိုင်သူတို့သည် မြန်မာတို့၏ LIS ကို အံ့သြကြပါလိမ့်မည်။ မိမိတို့နိုင်ငံ၌ လက်ဖြစ် LIS များစွာရှိပါသည်။ လူလုပ်အားဖြင့် ကွင်းဆင်းတိုင်းတာထားသောမြေပုံ၊ လူလုပ်အားဖြင့် နှစ်ပေါင်းများစွာကတည်းက ပြုစုထိန်းသိမ်းလာခဲ့သော စာရင်းအင်းကိန်းဂဏန်းများသည် ဌာနတစ်ခုတွင် နှစ်ပေါင်း ၁၀၀ လောက်ကတည်းက ခိုင်ခိုင်မာမာရှိခဲ့ပြီး ဖြစ်ပါသည်။ ထိုဌာနသည် မြေပုံနှင့်စာရင်းအင်းကို နှစ်ပေါင်းများစွာမှပင် စွဲစွဲမြဲမြဲသုံးစွဲလျက်ရှိပါသည်။ နိုင်ငံတော်မှမေ့လျော့နေသော ထိုဌာန၌ မြေပုံစာရင်းမှတ်တမ်းများ ရှိနေခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ မြန်မာတို့၏လက်ဖြစ် LIS ပါပေ။ မြန်မာတို့သည် လက်ဖြစ် LIS များဖြင့် နှစ်ပေါင်းများစွာကတည်းက ရုန်းကန်နေခဲ့ကြပါသည်။

ထိုစာရင်းမှတ်တမ်းများအရ ကော့မှူးမြို့နယ်၏ အကျယ်အဝန်းသည် ဧရိယာ ၁၅၄၃၀၁ ဧကရှိကြောင်း တွေ့ရှိရပါသည်။ ထိုအကျယ်အဝန်း၏ ၈၂ ဒသမ ၂၄ ရာခိုင်နှုန်း (၁၂၆၉၀၄) ဧကသည် စိုက်ပျိုးမြေဖြစ်၍သစ်တောမြေ ၁ ဒသမ ၆၅ ရာခိုင်နှုန်း (၂၅၄၇) ဧက ၊ မြေရိုင်း ၀ ဒသမ ၄၃ ရာခိုင်နှုန်း (၆၆၉) ဧက၊ စိုက်ပျိုးခြင်းမပြုသောမြေ ၁၅ ဒသမ ၆၇ ရာခိုင်နှုန်း (၂၄၁၈၁) ဧကတို့ တည်ရှိနေကြောင်း တွေ့ရှိရပါသည်။

မြို့နယ်အကျယ်အဝန်း၏ ၈၂ ဒသမ ၂၄ ရာခိုင်နှုန်းသည် စိုက်ပျိုးမြေဖြစ်သော်လည်း ယင်းအနက် ၇၀ ဒသမ ၇၂ ရာခိုင်နှုန်း (၈၉၇၄၉) ဧကသည် လယ်မြေမျိုး၊ ၂၈ ဒသမ ၉၇ ရာခိုင်နှုန်း (၃၆၇၆၃) ဧကသည် ဥယျာဉ်မြေမျိုး၊ ၀ ဒသမ ၃၁ ရာခိုင်နှုန်း ၃၉၂ ဧကသည် ဓနိမြေမျိုးတို့ တည်ရှိနေကြောင်း တွေ့ရှိရပါသည်။

ထိုစိုက်ပျိုးမြေများတွင် သီးနှံ ၂၀ မျိုးစိုက်ပျိုးလေ့ရှိကြောင်း တွေ့ရှိရသော်လည်း လယ်မြေအားလုံး၏ ၉၈ ဒသမ ၃၁ ရာခိုင်နှုန်းတွင် စပါးကိုသာ အဓိကထားစိုက်လေ့စိုက်ထရှိကြောင်း တွေ့ရှိရပါသည်။ စပါးတွင်မှ သက်ကြီးစပါးမျိုးသာ အဓိကစိုက်ပျိုးကြ၍ ကြက်ပေါင်စေး ၄၁၈၈ ဧကသည် ဒုတိယအများဆုံး၊ တတိယမှာ ဟင်းသီးဟင်းရွက် မိုး ၂၃၀၂ ဧကနှင့် ဆောင်း ၈၂၃ ဧကဖြစ်ကြောင်း တွေ့ရှိရပါသည်။ ငှက်ပျောသည် စတုတ္ထအများဆုံးဖြစ်ပြီး ၉၃၅ ဧကစိုက်ပျိုးထားကြောင်း မှတ်တမ်းများ အရတွေ့ရှိရပါသည်။ ကျန်သီးနှံများမှာ ဧရိယာအနည်းငယ်မျှစီသာ ရှိပါသည်။

စိုက်ပျိုးခြင်းမပြုနိုင်သော မြေများတွင်လည်း မြစ်ချောင်းနှင့်ရေအောက်မြေသည် ၃၀ ဒသမ ၅၃ ရာခိုင်နှုန်းရှိ၍ အများဆုံးဖြစ်ကာ ၇၃၈၂ ဧကတည်ရှိကြောင်း တွေ့ရှိရပါသည်။ ဒုတိယအများဆုံးမှာ ၂၈ ဒသမ ၈၉ ရာခိုင်နှုန်းရှိသော ကျွဲ၊ နွားစားကျက်မြေ ၆၉၈၇ ဧကဖြစ်ပြီး တတိယအများဆုံးမြေမျိုးမှာ ၁၃ ဒသမ ၀၈ ရာခိုင်နှုန်းရှိသော ဆည်မြောင်း၊ ကန်၊ တာတမံမြေ ၃၁၆၄ ဧကဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြစ်ချောင်းရေအောက်မြေနှင့် ဆည်မြောင်းကန်တာတမံမြေ နှစ်မျိုးပေါင်းလျှင် ၁၀၅၄၆ ဧက(၄၃ ဒသမ ၆၁) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရ၍ စိုက်ပျိုးခြင်းမပြုနိုင်သော အခြားမြေမျိုးတွင် အများဆုံးတည်ရှိနေသော မြေမျိုးဖြစ်ပါသည်။

ထိုစာရင်းအင်းကိန်းဂဏန်းများအရ စိုက်ပျိုးရေးကိုသာ အဓိကထားနေသော မြို့နယ်၊ထိုစိုက်ပျိုးရေးလုပ်ငန်းတွင်လည်း စပါးကိုသာ အဓိကထားနေသော ဒေသ၊ စပါးတွင်လည်း သက်ကြီးစပါးမျိုးနှင့် မိုးစပါးကိုသာ အဓိကထားနေသော အခြေအနေကို လျှပ်တစ်ပြက်အချိန်တိုအတွင်း တွေ့မြင်လိုက်မိပါပြီ။

သက်ကြီးစပါးမျိုးသာ အဓိကထားစိုက်သောဒေသသည် နှစ်သီးစိုက်ရန်ခက်ခဲတတ်ပါသည်။ ထိုအထဲတွင် ရေကြီးကွင်း၊ ရေနက်ကွင်းများဖြစ်ခြင်း၊ ရေငန်ဝင်လေ့ဝင်ထရှိခြင်းများ စသောအကြောင်းတရားများပေါင်းဆုံလျှင် စပါးသည် အထွက်နှုန်းများလေ့မရှိတတ်ပါ။ မေးမြန်းကြည့်တော့လည်း ၃၅-၄၀ တင်းသာ ပျမ်းမျှထွက်ရှိကြောင်းသိရှိရ၍ စပါးကိုသာ အဓိကမှီခိုနေသော ပြည်သူလူထုသည် စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အကန့်အသတ်ရှိမည်မှာ အသေအချာဖြစ်ပါသည်။ ကုန်ကျစရိတ်ကြီးမားခြင်း၊ အထွက်နှုန်းမသေချာ၍ သွင်းအားစုများစွာ မစိုက်ထုတ်နိုင်ခြင်း၊ ထွက်လာသောစပါးများသည်လည်း စျေးနှုန်းကျခြင်းများကြုံတွေ့လျှင် တောင်သူလယ်သမားတို့၏ဘဝသည် ပိုမိုခက်ခဲသွားလေ့ရှိပါသည်။ထိုအခါ လယ်ယာလုပ်ငန်းအပေါ် ယုံကြည်မှုနည်း၍ လယ်ယာလုပ်ငန်းအပေါ် စွန့်ခွာသွားတတ်ပါသည်။ ယခုအခြေအနေ၌လည်း လယ်ယာလုပ်သားရှားပါးကြောင်း ညည်းညူကြသည်ကို ကြားခဲ့ရပါသည်။ ထိုလယ်ယာအလုပ်သမားများသည် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် အခြားဒေသသို့လည်းကောင်း၊ နိုင်ငံခြားသို့လည်းကောင်း ရောက်ရှိသွား၍ ၎င်းတို့၏ ရပ်တည်မှုအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းမျိုးစုံကြုံရာလုပ်ကိုင်ရပါတော့မည်။ အခြားဒေသများတွင်လည်း ကျူးကျော်အိမ်ရာ၊ ကျူးကျော်ပြဿနာများ ဖန်တီးလာစရာရှိပါသည်။ မုန့်လုံးစက္ကူကပ်သကဲ့သို့ ကွင်းဆက်သည် ဆက်တိုက်ဆက်တိုက် ဖြစ်လာတတ်ပါသည်။ ဤဖြစ်စဉ်သည် စိုက်ပျိုးရေးလုပ်ငန်းအပေါ် ယုံကြည်အားထားမှုမဲ့သွားသော ဒေသများတွင် အစဉ်အမြဲကြုံတွေ့ရလေ့ရှိသော အခြေအနေများပင် ဖြစ်ပါသည်။

ယခုပြဿနာကို မည်ကဲ့သို့ ဖြေရှင်းမည်နည်း။

ပညာရှင်များ၏ အကြံဉာဏ်လိုအပ်ပါသည်။ ပညာရှင်များ၏ အကြံဉာဏ်သည် ဒေသဖွံ့ဖြိုးမှုကိုသော်လည်းကောင်း၊ ပြည်သူလူထု၏ ဘဝကိုသော်လည်းကောင်း များစွာပြောင်းလဲစေနိုင်ပါသည်။ ပညာရှင်များ၏ အကြံဉာဏ်သည် ရှင်အဇ္ဇဂေါဏ၏ ဓာတ်လုံးကဲ့သို့ စွမ်းတတ်ပါသည်။

သို့သော် မိမိသည် ပညာရှင်တစ်ဦးမဟုတ်ပါ။ မိမိဉာဏ်မီသလောက် အဖြေရှာကြည့်ရာတွင် စိုက်ပျိုးရေးကို အဓိကထားသောဒေသဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးအောင် လုပ်ကြည့်ပါမည်။ လယ်ယာလုပ်သားရှားပါး၍ လုပ်အားသုံးစွဲရမှုနည်းသော သီးနှံများစိုက်ပျိုးပါမည်။ သီးနှံကို အဓိကတစ်ကြိမ်စိုက်ရာမှ သီးထပ်နောက်တစ်ကြိမ် စိုက်နိုင်အောင် ကြိုးစားပါမည်။ စပါးကို သက်ငယ်စပါးမျိုးသာ စိုက်ပါမည်။ လုပ်အားသက်သာ၊ အရင်းအနှီးသက်သာ၍ မြေဆီသြဇာတက်စေသော ပဲသီးနှံကို မဖြစ်မနေ တစ်ကြိမ်ထည့်သွင်းစိုက်ပျိုးပါမည်။ လယ်ယာသုံးစက်ကိရိယာများ လက်တွေ့သုံးစွဲနိုင်အောင် ဆောင်ရွက်ပါမည်။

လယ်ယာမြေများ မြေဆီသြဇာတက်လာအောင် တိရစ္ဆာန်ချေးများ ပေါပေါများများ သုံးစွဲနိုင်အောင် စဉ်းစားပါမည်။ မွေးမြူရေးခြံများ တည်ထောင်ရန် အားပေးခြင်း၊ စျေးကွက်ရှာဖွေပေးခြင်း၊ တိရစ္ဆာန်အစားအစာအတွက် အလွယ်တကူရရှိအောင် ဆောင်ရွက်ပေးခြင်း၊ နွားမွေးမြူရေးခြံ၊ ကြက်မွေးမြူရေးခြံများကို နေရာရွှေ့ပြောင်း၍ မွေးမြူခွင့်ပေးခြင်း၊ တိရစ္ဆာန်အညစ်အကြေးများမှ သဘာဝမြေသြဇာများကို အာဟာရဓာတ်ပြည့်ဝစွာ သိုလှောင်၍ ထိရောက်စွာ ပြန်လည်အသုံးပြုတတ်အောင် ပညာပေးခြင်းများပြုလုပ်ပါမည်။ သဘာဝမြေသြဇာ ပိုမိုသုံးစွဲခြင်း၊ ပဲသီးနှံကို မဖြစ်မနေ ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ဒေသစိုက်ပျိုးမြေများ၏ မြေဆီသြဇာအခြေအနေကို တိုးမြင့်အောင် ဆောင်ရွက်ပါမည်။ စိုက်ပျိုးမြေများ မြေဆီသြဇာတက်ပါမှ သီးနှံအထွက်နှုန်းတိုးလာပါလိမ့်မည်။ အထွက်နှုန်းတိုးမှ ဝင်ငွေတိုးကာ တောင်သူလယ်သမားတို့၏ ဘဝတိုးတက်နိုင်ပါမည်။

မြစ်ချောင်းများပေါများသည့်ဒေသဖြစ်၍ ဇုန်နယ်မြေများသတ်မှတ်ကာ ငါးမွေးမြူရေးလုပ်ငန်းကို အားပေးပါမည်။ လယ်ယာမြေများတွင် ငါးမွေးမြူရေးနှင့်တွဲဖက်လုပ်ဆောင်ပါက လယ်ယာမြေသဘာဝများ အမြန်ပျက်စီးသွားမည်ဖြစ်ပါ၍ ငါးမွေးမြူရေး ဇုန်နယ်မြေတွင်သာ သီးသန့်ငါးမွေးမြူခြင်းကို အားပေးပါမည်။ Integrated Farming ပေါင်းစည်းလယ်ယာတွင် ငါးမွေးမြူရေးကို လိုအပ်၍ထည့်ပါကလည်း ဧရိယာ အချိုးအစားအနည်းအကျဉ်းသာထည့်ပါမည်။

ဝါးများအလေ့ကျ ပေါများစွာ ပေါက်နေသောဒေသဖြစ်၍ ဝါးနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများထူထောင်နိုင်ရန် အားပေးပါမည်။ ဝါးဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သော သင်တန်းကျောင်းများ ထူထောင်ခြင်း၊ နည်းပညာဖြန့်ဖြူးပေးခြင်း၊ စျေးကွက်ရှာဖွေပေးခြင်းများ ဆောင်ရွက်ပါမည်။ ပျဉ်းမနားဒေသတွင် ပျဉ်းမနားမှုစ်ချဉ်သည် နာမည်ကြီးဒေသထွက်ကုန်ဖြစ်နေသကဲ့သို့ ဒေသ၏ အမှတ်တံဆိပ် ကုန်စည်တစ်မျိုးမျိုးထုတ်လုပ်နိုင်ရန်လည်း ဆောင်ရွက်ပါမည်။

ဒေသဖွံ့ဖြိုးရေးဆိုသည်မှာ များစွာကျယ်ပြန့်ပါသည်။ ငွေကြေးအရင်းအနှီး၊ လုပ်အားအရင်းအနှီး၊ နည်းပညာအရင်းအနှီး စသည်တို့လည်း လိုအပ်ပါသည်။ စိတ်ကူးကိုအမိအရအကောင်အထည်ဖော်နိုင်စွမ်းလည်း ရှိရပါမည်။ စိတ်ကူးသည် လမ်းကြောင်းမှန်ပါက ပြည်သူလူထုကို နေ့ချင်းညချင်း ဖွံ့ဖြိုးတိုးတက်သွားစေနိုင်ပါသည်။

နိဂုံးချုပ်တင်ပြရလျှင် ဒေသဖွံ့ဖြိုးရေး၏ အဓိကအချက်မှာ အုပ်ချုပ်သူများ၏ စေတနာမှန်ကန်မှုပင်ဖြစ်ပါသည်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသည် စေတနာမှန်ကန်စွာဖြင့် ဒေသဖွံ့ဖြိုးရေးကိုဦးလည်မသုန်ဆောင်ရွက်နေကြောင်း တွေ့ရှိရ၍ သာဓုအကြိမ်ကြိမ်ခေါ်မိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၏ စေတနာကိုလည်း လေးစားမိပါသည်။

ဤသို့သော ပေါင်းဆုံမှုများသည် အနာဂတ်မြန်မာနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်လျှောက်လှမ်း၍ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာပါစေကြောင်း တောင်းဆုပြုအပ်ပါသည်။

**ဒေသဖွံ့ဖြိုးရေးဆိုသည်မှာ များစွာကျယ်ပြန့်ပါသည်။ ငွေကြေးအရင်းအနှီး၊ လုပ်အားအရင်းအနှီး၊ နည်းပညာအရင်းအနှီးစသည်တို့လည်း လိုအပ်ပါသည်။ စိတ်ကူးကိုအမိအရအကောင်အထည်ဖော်နိုင်စွမ်းလည်း ရှိရပါမည်။ စိတ်ကူးသည် လမ်းကြောင်းမှန်ပါက ပြည်သူလူထုကို နေ့ချင်းညချင်းဖွံ့ဖြိုးတိုးတက်သွားစေနိုင်**

## ပုပ္ပားဒေသကျေးရွာများ စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းများဆောင်ရွက်ပြီးစီး

**ကျောက်ပန်းတောင်း ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အယ်နီညို ရာသီဥတုကြောင့် သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပုပ္ပားဒေသရှိ ကျေးရွာအချို့တွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရာ ယခုအခါ အောင်မြင်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အယ်နီညိုရာသီဥတုကြောင့် ပုပ္ပားဒေသရှိ ကျေးရွာများ သောက်သုံးရေခက်ခဲပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် သဘာဝစိမ့်စမ်းများမှ သောက်သုံးရေသွယ်ယူခြင်းလုပ်ငန်းကို လျှော်တောကျေးရွာနှင့် ဆည်ကျေးရွာများတွင် မတ် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ပြီးစီးသွားပြီ ဖြစ်သဖြင့် ကျေးရွာဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းမှာ သဘာဝရေထွက်မှ စိမ့်စမ်းရေကို ရေတားတမံငယ်ပြုလုပ်၍ အဆိုပါတမံမှ မြင်းကောင်ရေ ၂၅ ကောင်အား အင်ဂျင်ရှိသည့် ရေစုပ်စက်၊ ကိုးထပ်ပန့်တို့ဖြင့် ကျေးရွာများသို့ရောက်အောင် ရေသွယ်ယူခြင်းဖြစ်ကြောင်း၊ ဆည်ကျေးရွာသို့ ရေပိုက်သွယ်ယူမှုလုပ်ငန်းတစ်မိုင် ရှိ၍ လျှော်တောကျေးရွာသို့ ရေပိုက်သွယ်ယူမှုလုပ်ငန်း အရှည် ၂၇၇၄ ပေရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



ခရမ်းမြို့နယ်အတွင်းရှိ ရေရှားပါးသည့်ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေများဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၂၅ ရက်က ညောင်ပင်ကြီးတဲစုကျေးရွာတွင် ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် ရေပေးဝေစဉ် (သတင်းစဉ်)

# နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# မီဒီယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် မစ္စစ် ရေနာတာ ဒေဆာလျံနှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးရုံး၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

---

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ခွဲစိတ်ကုသခဲ့သော မျက်လုံးများအား ပြန်လည်စမ်းသပ်စစ်ဆေးမှုခံယူ

**နေပြည်တော် ဧပြီ ၂၇**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဝင်းထိန်တို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၌ ယခင်ခွဲစိတ်ကုသခဲ့သော မျက်လုံးများအား ပြန်လည်စမ်းသပ်စစ်ဆေးမှုခံယူခဲ့ရာ အခြေအနေ ကောင်းမွန်ကြောင်း သိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်အနေဖြင့် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ညာဘက်မျက်လုံးအား ခွဲစိတ်ကုသခဲ့ပြီး ဧပြီ ၁၆ ရက်တွင် သူရဦးအောင်ကို၊ ဦးဝင်းထိန်၊ ဒေါ်ရွှေမှုံတို့နှင့်အတူ ဘယ်ဘက်မျက်လုံး အတွင်းတိမ်အား ထပ်မံခွဲစိတ်မှုခံယူခဲ့ရာ ယနေ့တွင် ခွဲစိတ်ခဲ့သော မျက်လုံးများအား ပြန်လည်စမ်းသပ်စစ်ဆေးခြင်းဖြစ်ပြီး မျက်လုံးများ အခြေအနေ ကောင်းမွန်ကြောင်း ဆေးရုံအုပ်ကြီးက မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆေးရုံအတွင်းရှိ လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။


နေပြည်တော် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးအား မတ် ၉ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်တစ်ဝန်းရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ စုစည်းကာ အဆင့်မြင့် စက်ကိရိယာများဖြင့် ကုသပေးလျက်ရှိရာ နေ့စဉ် လူနာ ၅၀ ခန့် လာရောက်ကုသမှုခံယူလျက်ရှိကြောင်း ဆေးရုံအုပ်ကြီးထံမှ သိရှိရသည်။

**(သတင်းစဉ်)**

---

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် UN အဖွဲ့အစည်းလေးဖွဲ့သို့ ဂျပန်အစိုးရက ယန်း ၃၇၅၈ သန်းထောက်ပံ့

**နေပြည်တော် ဧပြီ ၂၇**




နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် UN အဖွဲ့အစည်းလေးဖွဲ့သို့ ဂျပန်နိုင်ငံအစိုးရမှ ရန်ပုံငွေထောက်ပံ့ခြင်းဆိုင်ရာ လက်မှတ်ရေးထိုးပွဲအား ယနေ့နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ **(ယာပုံ)** နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi Higuchi၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ တာဝန်ခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများ၌ ဆောင်ရွက်မည့် ထောက်ပံ့ပေးရေးစီမံကိန်းလေးခုအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi Higuchi နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် WFP၊ UN-HABITAT၊ FAO၊ UNHCR တို့မှ ဌာနေကိုယ်စားလှယ်များက သဘောတူညီချက်များအား လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး ကုလသမဂ္ဂ အေဂျင်စီများကိုယ်စား WFP မှ ဌာနေကိုယ်စားလှယ် Mr. Domenico Scapelli က စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂျပန်နိုင်ငံအစိုးရက ကုလသမဂ္ဂအဖွဲ့အစည်းများမှတစ်ဆင့် ကူညီပေးခြင်းအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ စီမံကိန်းများအနေဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသနှင့် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် အခြေခံအဆောက်အအုံ၊ ရေနှင့် သန့်ရှင်းရေး၊ နေအိမ်ဆောက်လုပ်ပေးခြင်း၊ စားနပ်ရိက္ခာ၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဖွံ့ဖြိုးရေးနှင့် အစားအသောက်မဟုတ်သော ပစ္စည်းများထောက်ပံ့ပေးခြင်းတို့ဖြင့် အထောက်အကူပြုနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ၎င်းတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းများစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စဉ်ဆက်မပြတ် ထောက်ပံ့ကူညီပေးမှုများအတွက် ဂျပန်နိုင်ငံအစိုးရအားလည်းကောင်း၊ စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးကြသည့် WFP၊ UN-HABITAT၊ FAO နှင့် UNHCR စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ဆက်လက်၍ ဂျပန်နိုင်ငံ သံအမတ်ကြီးက နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံရှိ နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများ၏ အခြေခံလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကုလသမဂ္ဂ အဖွဲ့အစည်းမှတစ်ဆင့် ကူညီထောက်ပံ့ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဂျပန်နိုင်ငံ အစိုးရအနေဖြင့် WFP မှတစ်ဆင့် ဂျပန်ယန်း ၂၂၅၅ သန်း၊ UN-HABITAT မှ တစ်ဆင့် ဂျပန်ယန်း ၆၀၇ သန်း၊ FAO မှတစ်ဆင့် ဂျပန်ယန်း ၅၃၁ သန်း၊ UNHCR မှတစ်ဆင့် ဂျပန်ယန်း ၃၆၅ သန်း စုစုပေါင်းဂျပန်ယန်း ၃၇၅၈ သန်း ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့ရှိ တိုင်းရင်းသားများ နေထိုင်ရာဒေသများတွင် စားနပ်ရိက္ခာနှင့် အရေးပေါ်ကူညီထောက်ပံ့ရေးစီမံကိန်းများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကူအညီလိုအပ်နေသူများအတွက် ကူညီထောက်ပံ့ရေးစီမံကိန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ Representative Mr. Giuseppe de Vincentiis နှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ Country Director and Representative Mr. Domenico Scapelli တို့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNHCR၊ WFP တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# ဒီမိုကရေစီနိုင်ငံတော်အတွက် အားလုံးတက်ညီလက်ညီပူးပေါင်း၊ မည်သည့်အဖွဲ့အစည်းနှင့်မဆို လက်တွဲဆောင်ရွက်ရမည်ဖြစ်



**နေပြည်တော် မေ ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒီမိုကရေစီနိုင်ငံတော်တွင် ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာတို့ကို အညီအမျှ ခွဲဝေပိုင်းခြားသုံးစွဲပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူများထံမှဆင်းသက်ပြီး ပြည်သူလူထုထံတွင်သာ ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးတာဝန်ကို အဓိကထား ထမ်းဆောင်ရသည် ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ပါမှ အခြားမဏ္ဍိုင်၏လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အဆင်ပြေစွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို အလေးထား၍ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ရိုးရိုးသားသား သန့်သန့်ရှင်းရှင်း အလုပ်လုပ်ကြရမည် ဖြစ်ကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ကို ရွေးချယ်ပေးလိုက်သည့် ပြည်သူများထံ အရောက်သွားပြီး ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်များကို ဖော်ဆောင်သည့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခြင်းက ပို၍အောင်မြင်မှု ရရှိနိုင်ပါကြောင်း။

ဥပဒေပြုရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ညီရန်လိုအပ်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေသည့် ကိစ္စရပ်များကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည် ဒီမိုကရေစီ စံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးစံနှုန်းများနှင့် ညီရမည်ဖြစ်ပြီး နိုင်ငံတကာနှင့် ချုပ်ဆိုထားသော စာချုပ်၊ ပဋိညာဉ်သဘောတူညီချက်များနှင့်လည်း ညီညွတ်မှု ရှိ/မရှိ သေချာစွာ စိစစ်ကြရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်တွင် လူနည်းစု၏တင်ပြချက်ကို အလေးအနက်ထားရမည်ဖြစ်ပြီး လူအများစု၏ဆုံးဖြတ်ချက်ကို လိုက်နာရမည် ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် အဂတိတရားကင်းစင်သည့် လူမှုအသိုင်းအဝိုင်းဖြစ်အောင် ဖော်ဆောင်နေပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လာဘ်ပေးလာဘ်ယူ ကင်းကင်းရှင်းရှင်းဖြင့် ဆောင်ရွက်စေလိုကြောင်း၊ ထို့အပြင် တရားမျှတမှု ရှိရမည်ဖြစ်ပါကြောင်း၊ တရားမျှတမှု ခိုင်မာအောင် တည်ဆောက်နိုင်မှ တရားမျှတသည့် လူ့အသိုင်းအဝိုင်းနှင့် ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်း ပေါ်ပေါက်လာပြီး ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်အတွက် အားလုံးတက်ညီလက်ညီ ပူးပေါင်းပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ မထားဘဲ မည်သည့်အဖွဲ့အစည်း၊ ပါတီ၊ ပုဂ္ဂိုလ်များနှင့်မဆို လက်တွဲဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက လွှတ်တော်ကိုယ်စားလှယ်များ အရည်အသွေးမြှင့်တင်ရေးအတွက် သင်တန်းများပို့ချနိုင်ရန် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး လွှတ်တော် ကိုယ်စားလှယ်များက မေးခွန်းမေးမြန်းခြင်း၊ အဆိုနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်းဆိုင်ရာ အချက်အလက်များနှင့် ပညာရေး၊ လူမှုရေးစသည့် ဒေသဖွံ့ဖြိုးရေး အခြေခံလိုအပ်ချက်များကို မေးမြန်းဆွေးနွေးကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြမှုများအပေါ် လွှတ်တော်အပိုင်းမှ ဆောင်ရွက်ရမည့် နည်းလမ်းအဆင့်ဆင့်နှင့် လုပ်ထုံးလုပ်နည်းများကို အသေးစိတ် ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်၌ တည်ဆောက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုသည်။

**(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် မေ ၂၇**

သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများကို နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပြီး လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း မေ ၂၆ ရက် ညနေပိုင်းက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများနှင့် တွေ့ဆုံကာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားစေရန်အတွက် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု အခြေပြု ကျန်းမာရေးဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်မှုများသည် ကျေးလက်နေ ပြည်သူများအတွက် အလွန်အကျိုးရှိသဖြင့် ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန်၊ ရောဂါနှိမ်နင်းရေး၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သုတေသနလုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ အသစ်တိုးချဲ့ တည်ဆောက်ရာတွင် ဘဏ္ဍာငွေ အလေအလွင့်မရှိစေရန် ဒေသ၏လိုအပ်ချက်နှင့် ကိုက်ညီခြင်း ရှိ မရှိ စိစစ်ဆောင်ရွက်ရန်၊ ကျောင်းကျန်းမာရေး လုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန် တို့ကိုပြောကြားပြီး လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဌာနခွဲများအလိုက် စီမံခန့်ခွဲရေး၊ ရောဂါနှိမ်နင်းရေး၊ ပြည်သူ့ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်နှင့် ကူးစက်ရောဂါကာကွယ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းက ဖြည့်စွက်ရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နွေရာသီရေလိုအပ်လျက်ရှိသော ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေ

**နေပြည်တော် မေ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် နွေရာသီကာလ အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေရှားပါးမှုဖြစ်ပေါ်နိုင်သော ကျေးရွာများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ကျေးရွာများမှ ရေပြတ်လပ်မှုသတင်းများရယူ၍ ကျေးရွာများအရောက် ယာယီရေသိုလှောင်ကန်များ ဆောက်လုပ်ခြင်း၊ ရေဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ကယားပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီး၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အခြားဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အလှူရှင်များပူးပေါင်းကာ မေ ၂၆ ရက်က လွိုင်ကော်မြို့နယ်အတွင်းရှိ ဒေါမူကလားကျေးရွာ၊ လယ်ထွဲ (ရွာသစ်)ကျေးရွာ၊ သုံးမိုင်ပကြဲ ကျေးရွာ၊ ပဒါးဩေးကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဆောင်ပထန်ကျေးရွာ၊ ဖရူဆိုမြို့နယ် အတွင်းရှိ ခေါသမောကျေးရွာ၊ မယ်စဲ့မြို့နယ်အတွင်းရှိ ကျောက်စုကျေးရွာတို့အား ရေဂါလန် စုစုပေါင်း ၁၂၂၂၅ ဂါလန် ဖြန့်ဝေလှူဒါန်းခဲ့သည်။

အလားတူ ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မတ်လနှင့် ဧပြီလအတွင်း ရေဖြန့်ဝေပေးလျက်ရှိရာ မေ ၂၆ ရက်အထိ ဘားအံမြို့နယ် အလယ်ရွာ၊ သစ်ဖြူပင်ဆိပ်၊ လှာကာ၊ လှိုင်းဘွဲ့မြို့နယ် ကော့တာဟိုး၊ ပျဉ်းကတိုးကုန်း၊ တောင်ခြေရင်း၊ ကွမ်ဘီ၊ ချမ်းသာကျေးရွာ၊ သံတောင်ကြီးမြို့နယ် မယ်ဇလီကုန်း၊ သူဌေးကုန်း၊ ကော့ကရိတ်မြို့နယ် ရွာတန်းရှည်၊ အီဘိုင်းရွာတန်းရှည်၊ ကြာရိုးကုန်း၊ ထီးဖိုးကလောင်၊ ပိတောက်ကုန်း၊ ရသေ့တောင်၊ မြဝတီမြို့နယ် စံပါလိုက်၊ မဲပလဲ့၊ ညောင်နန်းသာ၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းကြီး၊ နန်းသိုင်းထွန်း၊ တံခွန်တိုင်နှင့် ဖာပွန်မြို့နယ် ကမမောင်းမြို့ရှိ ညီညာချမ်းသာ ကျေးရွာများသို့ ရေဂါလန် ၂၃၀၀၀၀ ဖြန့်ဝေပေးခဲ့ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**



# နိုင်ငံသားများ၏အကျိုးကို လွှတ်တော်၊ အစိုးရအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

သတင်း-မျိုးမြင့်၊ ဟန်နီဝင်း၊ တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မောင်ထိန်



**နေပြည်တော် ဧပြီ ၂၇**

မိမိနှင့်အတူ ကော်မရှင်တွင် တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်အများစုကို ပါတီမှ အနားပေးထုတ်ပယ်လိုက်သော်လည်း မိမိအနေဖြင့် ပါတီဝင်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ပါတီကို တာဝန်ခံ ဆောင်ရွက်ရသည်ဖြစ်စေ၊ မဆောင်ရွက်ရသည် ဖြစ်စေ မိမိ၏ နိုင်ငံရေးယုံကြည်ချက်၊ ခံယူချက်ဖြစ်သည့် ပြည်သူများ၏ ဘဝလုံခြုံရေးနှင့် တိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားလိုက်သည်။

အဆိုပါ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက လွှတ်တော်ဝင်းအတွင်းရှိ ရေးရာဆောင် အမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပစဉ် သူရဦးရွှေမန်းက ထိုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။ **(ယာပုံ)**

"မိမိတို့ ကော်မရှင်အနေနဲ့ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် လွှတ်တော်များ၊ အစိုးရအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနဲ့အတူ ပူးပေါင်းဆောင်ရွက်နေပါတယ်။ လွယ်လွယ်ပြောရရင် ဒီကော်မရှင်က ပြည်သူတွေနဲ့အတူရှိပါတယ်၊ ပြည်သူ့အကျိုးစီးပွားအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင် ရက် ၁၀၀ စီမံကိန်းအတွက် ကော်မရှင်၏ ဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး ကော်မရှင်ဥက္ကဋ္ဌက "ရက် ၁၀၀ စီမံကိန်းအတွက် ကော်မရှင်က ဘယ်လောက်အထိ လုပ်ပေးနိုင်မလဲဆိုရင် တည်ဆဲဥပဒေတွေကို ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့အတွက် လာမယ့်လွှတ်တော်ပြန်စပြီဆိုရင် ကော်မရှင်က သုံးသပ်အကြံပြုထားတဲ့ ဥပဒေကို ဆွေးနွေးအတည်ပြုပြီး ဥပဒေရေးဆွဲပြီးရင် နိုင်ငံတွင်းမှာရှိတဲ့ ကျန်တဲ့ တရားမျှတမှုမရှိသော၊ အများပြည်သူလိုက်နာနိုင်ခြင်း မရှိသောဥပဒေတွေ ဆက်လက်ပြင်ဆင်ဆောင်ရွက်ဖို့ရှိပါတယ်"ဟု ထပ်မံပြောသည်။

အလားတူ ကော်မရှင်အဖွဲ့ဝင် ဦးဇော်မြင့်ဖေကလည်း "ပါတီအတွင်းမှာ ပါတီ စည်းမျဉ်းစည်းကမ်းနှင့် မညီညွတ်တဲ့ကိစ္စတွေ ဖြစ်လာတဲ့အပေါ် တပ်မတော်နဲ့ NLD အစိုးရရဲ့ ဆက်ဆံရေးကို တိုက်ရိုက်ထိခိုက်မယ်လို့တော့ မထင်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ အခက်အခဲတွေ ရှိပေမယ့် တည်ငြိမ်အေးချမ်းတယ်၊ တပ်မတော်ကလည်း ပြည်သူတွေ ရွေးကောက်ထားတဲ့ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုတာ အတိအလင်းပြောထားတာဖြစ်တဲ့အတွက် တွေးမိသလောက် ပြဿနာမရှိဘူးလို့ပဲ မြင်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် သူရဦးရွှေမန်းက ၎င်း၏လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖော်ပြခဲ့မှုအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ထုတ်ပြန်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ မှတ်ချက်မပြုလိုပါကြောင်း၊ သို့သော်လည်း ၎င်းအနေဖြင့် တပ်မတော်တွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ရာ တွဲဖက်လုပ်ကိုင်ခဲ့ဖူးသည့် တပ်မတော်သားများသည် ၎င်း၏သဘောထားကို သိရှိကြပါကြောင်း၊ တပ်မတော်အား သံယောဇဉ်ရှိပြီး လေးစားတန်ဖိုးထားပါကြောင်း မီဒီယာများ၏ မေးမြန်းချက်များအား ဖြေကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ပါဝင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင်များက ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကော်မရှင်အဖွဲ့ဝင်အများစုအား ဧပြီ ၂၂ ရက်တွင် ကျင်းပခဲ့သည့် ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ပါတီဝင်အဖြစ်မှ အနားပေးမှုအား အကြောင်းကြားစာပေးပို့ခဲ့ပါကြောင်း။

ပါတီညီလာခံနှင့် ပါတီဗဟိုကော်မတီက ရွေးချယ်တင်မြှောက်ထားသည့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်တွင် ပြင်ဆင်ဖွဲ့စည်းမှုပြုလုပ်ခဲ့ပြီး ရက်ပိုင်းအတွင်း၌ ပါတီဝင်ဖြစ်လာသူများနှင့် သာမန်ပါတီဝင်အချို့ကို ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အဖြစ် တိုက်ရိုက်ခန့်အပ်ခြင်းသည် တည်ဆဲဥပဒေနှင့် ပါတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ချိုးဖောက်ခြင်း ရှိ/မရှိ သိမြင်နိုင်ပါကြောင်း။

ကော်မရှင်အဖွဲ့ဝင်များသည် ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ "ပါတီ၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏အကျိုးစီးပွားယှဉ်လာလျှင် နိုင်ငံတော်၏အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်သွားရမည် တရားဝင်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီ အဖွဲ့အစည်းအင်အားစုများအားလုံးကို လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထား၍ဆက်ဆံမည်၊ အမျိုးသားအကျိုးစီးပွားအတွက် မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းနှင့်မဆို ညှိနှိုင်းပူးပေါင်းဆောင်ရွက်မည်"ဆိုသည့် မူဝါဒများနှင့်အညီ ပြည်သူများက ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်၊ အစိုးရအဖွဲ့တို့နှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ရှေးရှုဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၂၀၁၆ ခုနှစ် ဧပြီ ၂၂ ရက်စွဲဖြင့် အကြောင်းကြားစာပေးပို့မှုအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များဖြစ်ကြသော သူရဦးရွှေမန်း၊ ဦးဇော်မြင့်ဖေ၊ ဦးမောင်တိုး၊ ဦးကြည်သာ၊ ဦးအေးမောက်၊ ဦးကိုကိုနိုင်၊ ဦးမြင့်ထွန်း၊ ဦးတင်မောင်ဦး၊ ဦးလှမြင့်ဦး၊ ဦးစိုးမြင့်၊ ဦးမောင်မောင်သိမ်း၊ သူရဦးအောင်ကို၊ ဦးမျိုးမြင့်၊ ဦးဆန်းဆင့်၊ ဦးဝင်းသန်း၊ ဦးခင်ရွှေနှင့် ဦးစံရွှေအောင် စုစုပေါင်း ၁၇ ဦးကို ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ပါတီဝင်အဖြစ်မှ အနားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် သတင်းဌာနအသီးသီးမှ အယ်ဒီတာနှင့် သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။

---

## ◆ ကျောဖုံးမှ

ဌာနအနေနဲ့ကတော့ ဒီကာလမှာ ပြည့်ပြည့်ဝဝ ထိန်းသိမ်းစေချင်တယ်။ ဒါပေမယ့် တစ်ဖက်ငါးဖမ်းရေယာဉ် သင်္ဘောတွေ၊ ရေလုပ်သားတွေရဲ့ အခက်အခဲကလည်း ရှိသေးတော့ အားလုံး ပူးပေါင်းဆောင်ရွက်သွားမှာပါ။ အရင်နှစ်တွေကထက်တော့ ငါးမဖမ်းရရာသီမှာ ငါးဖမ်းရေယာဉ်သင်္ဘောတွေကို ပိုမိုပြီးတော့ လျှော့ချနိုင်မယ်လို့ မျှော်လင့်တယ်။ ဒါကလည်း မြန်မာနိုင်ငံ ငါးသယံဇာတ ရေရှည်တိုးပွားတည်တံ့စေဖို့ ဖြစ်ပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ပင်လယ်ပြင်၏ ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဇရိယာ သတ်မှတ်ရေးကို ၂၀၁၀-၂၀၁၁ ခုနှစ်မှ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယင်းနှစ်တွင် တနင်္သာရီငါးဖမ်းကွက်ကို ကန့်သတ်တားမြစ်ခဲ့သည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မြန်မာ့ပင်လယ်ပြင် ငါးဖမ်းကွက်အားလုံးကို ငါးဖမ်းရေယာဉ် ၇၅ ရာခိုင်နှုန်း ခွင့်ပြုခဲ့ပြီး ၂၅ ရာခိုင်နှုန်းကို တားမြစ်ခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ခွင့်ပြုငါးဖမ်းရေယာဉ် ၆၅ ရာခိုင်နှုန်းကို ခွင့်ပြုခဲ့ပြီး ၃၅ ရာခိုင်နှုန်းကို တားမြစ်ခဲ့သည်။ တစ်ဖန် ၂၀၁၄-၂၀၁၅ ခုနှစ် ငါးမဖမ်းရရာသီတွင် ခွင့်ပြုငါးဖမ်းရေယာဉ် ၅၀ ရာခိုင်နှုန်းနှင့် တားမြစ်ရေယာဉ်ကို ၅၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့သည်။ ယခုနှစ်တွင်မူ မြန်မာ့ပင်လယ်ပြင် ပူနွေးလာမှုနှင့် အတူ ငါးသယံဇာတ ရှားပါးလာမှုတို့ကြောင့် ငါးမဖမ်းရရာသီတွင် သတ်မှတ်ငါးဖမ်းရေယာဉ် ခွင့်ပြုမှုရာခိုင်နှုန်းကို ယခင်နှစ်များကထက် ပိုမိုလျှော့ချနိုင်ရန် စီစဉ်လျက်ရှိသည်။

"မြန်မာနိုင်ငံအနေနဲ့ ငါးသယံဇာတကို ဘယ်လိုမှ ထိန်းကျောင်းမှု မလုပ်ဘဲ ဆက်သွားမယ်ဆိုရင် သုတေသနပြုချက်အရ ပြန်သုံးသပ်လိုက်ရင် နောက်ထပ်ငါးနှစ်လောက်ဆို တော်တော်လေးကို ဆိုးဆိုးရွားရွားကျသွားမှာပါ။ ဒါပေမယ့် ထိန်းသိမ်းရေးအစီအမံတွေလုပ်ဖို့ နောက်မကျသေးပါဘူး။ လုပ်လို့ရပါသေးတယ်။ ကျွန်တော်တို့ဆီမှာက အပူပိုင်းရာသီဖြစ်တာကြောင့် တစ်နှစ်ကို တစ်ကြိမ်ကနေ သုံးကြိမ်အထိ သားပေါက်နိုင်တဲ့ ငါးမျိုးစိတ်တွေ ကျန်ပါသေးတယ်၊ ဒါကြောင့် ဒီနေ့ လုပ်ငန်းရှင်တွေနဲ့ ငါးလုပ်ငန်းဦးစီးဌာနက ပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲဟာ အရင်နှစ်တွေက ငါးမဖမ်းရရာသီမှာ ခွင့်ပြုခဲ့တဲ့ ငါးဖမ်းရေယာဉ်တွေကို အခုနှစ်မှာ ပိုမိုလျှော့ချနိုင်စေဖို့ ရည်ရွယ်လုပ်ဆောင်တာဖြစ်တယ်"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းသိန်းက ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတ သုတေသနလုပ်ငန်းများကို ၁၉၇၉-၁၉၈၀ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ပြီး ဒုတိယအကြိမ်ကို ၂၀၁၃ ခုနှစ်နှင့် တတိယအကြိမ်ကို ၂၀၁၅ ခုနှစ်တို့တွင် နော်ဝေနိုင်ငံ ငါးသုတေသနပညာရှင်များဖြင့် ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ ယင်းသုတေသနပြုချက်များအရ ၁၉၇၉-၁၉၈၀ ခုနှစ်တွင် ရေပေါ်/ရေအောက် ငါးသယံဇာတ တန်ချိန် ခုနစ်သိန်းငါးသောင်း၊ ၂၀၁၃ ခုနှစ်တွင် ရေပေါ်/ရေအောက် ငါးသယံဇာတ တန်ချိန် သုံးသိန်းကိုးသောင်းရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သုတေသနပြုချက် နှစ်ခု၏ နှစ် ၃၀ အတွင်း ကွာခြားမှုမှာ ရာခိုင်နှုန်း ၉၀ မြန်မာနိုင်ငံ ငါးသယံဇာတ ကျဆင်းသွားခဲ့ကြောင်း တွေ့ရှိရသည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် နော်ဝေငါးလုပ်ငန်းပညာရှင်များနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးတို့ သုတေသန နောက်ဆုံးတွေ့ရှိချက်အရ မြန်မာနိုင်ငံ၏ ရေပေါ်/ရေအောက် ငါးသယံဇာတတန်ချိန်မှာ ငါးသိန်းခြောက်သောင်းအထိ တွေ့ရှိခဲ့သဖြင့် မြန်မာနိုင်ငံ ငါးသယံဇာတမှာ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။ သို့သော် မြန်မာနိုင်ငံ ငါးသယံဇာတ ယခင်ထက် ပိုမိုလျော့နည်းလာခြင်းကြောင့် ရေခူများမှာ ငါးသယံဇာတနေရာများတွင် အတော်အတန် နေရာယူလာကြောင်းနှင့် နောင်တွင် ငါးသယံဇာတ ရှားပါးခြင်း၏ အကြောင်းရင်းတွင် ရေခူများက အဓိက ပါဝင်လာနိုင်ကြောင်း သုတေသနပြုချက်များ အရသိရသည်။

မြန်မာနိုင်ငံတွင် မြန်မာ့ပင်လယ်ပြင်ဖြစ်သည့် ရခိုင်၊ မွန်၊ တနင်္သာရီ၊ ဧရာဝတီနှင့် ရန်ကုန် ငါးဖမ်းကွက်တို့၌ ငါးမဖမ်းရရာသီအဖြစ် ငါးသားပေါက်ချိန်၊ ကြီးထွားချိန်တို့ဖြစ်သည့် နှစ်စဉ်ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတို့ကို သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတကာတွင်လည်း ငါးမဖမ်းရရာသီ သတ်မှတ်လျက်ရှိရာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်တွင် နွေရာသီ သုံးလ၊ ဘင်္ဂလားဒေ့ရှ်တွင် ဇန်နဝါရီ ၁၅ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ တစ်လ၊ ထိုင်းတွင် ဖေဖော်ဝါရီ ၁၅ ရက်မှ မေ ၁၅ ရက်အထိ သုံးလ၊ ကမ္ဘောဒီယားတွင် ဇွန်မှ စက်တင်ဘာအထိ၊ အင်ဒိုနီးရှားတွင် စက်တင်ဘာမှ အောက်တိုဘာအထိ နှစ်လ၊ အိန္ဒိယတွင် ဇွန်မှ စက်တင်ဘာအထိတို့ကို ငါးမဖမ်းရရာသီများအဖြစ် သတ်မှတ်ခဲ့ကာ ဖမ်းဆီးခွင့်ဇရိယာများကိုလည်း ကန့်သတ်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ✻ ကျောဖုံးမှ

နီးကပ်လာသည့် အခြေအနေကြောင့် အစိုးရနှင့် ပြည်သူလူထုပူးပေါင်း၍ ငလျင်အန္တရာယ် ကြိုတင်ကာကွယ်သည့်လုပ်ငန်းစဉ်များ လုပ်ဆောင်ထားသင့်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"၁၈၃၉ ခုနှစ် စစ်ကိုင်းပြတ်ရွေ့ရဲ့ အင်းဝငလျင်အပိုင်းက မလှုပ်ဘဲ ငြိမ်နေတာ နှစ်ပေါင်း ၁၇၀ ကျော် ၂၀၀ နီးပါး ရောက်နေပြီ။ ပြန်လှုပ်မယ်ဆို လှုပ်နိုင်ခြေများနေပြီး အရင်လှုပ်ခဲ့တဲ့ ပြင်းအား ၇ ဒသမ ၃ အထက်ပဲ လှုပ်မှာပါ။ ဒါကြောင့် မြို့တော်စည်ပင်သာယာ၊ အုပ်ချုပ်ရေးအဖွဲ့တွေ၊ အင်ဂျင်နီယာအသင်းတွေနဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အဆောက်အအုံတွေရဲ့ ခံနိုင်ရည်ကို ပြန်လည်ဆန်းစစ်ပြီး မွမ်းမံဖို့ လိုအပ်နေပါပြီ။ အထူးသဖြင့် ကျောင်း၊ ဆေးရုံဈေးတွေရဲ့အဆောက်အအုံ ခံနိုင်ရည်တွေကို ပြန်လည်မွမ်းမံပြီး ဆုံးရှုံးမှုကိုလျှော့ချနိုင်မှာပါ"ဟု ၎င်းက သုံးသပ်ပြောကြားသည်။

ထိုသို့ လှုပ်ခတ်ပါက ဧရာဝတီမြစ်ကြောင်းပြောင်းလဲမှုများ ရှိနိုင်ပြီး မြစ်ကမ်းပါးများ ပြိုကျခြင်း၊ မြစ်ကြောင်း ပြောင်းပြန်စီးဆင်းခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် နယ်ပယ်ပေါင်းစုံမှ ပညာရှင်များပါဝင်သည့် သုတေသနစင်တာတစ်ခု ပေါ်ပေါက်လာရန် မျှော်လင့်လျက်ရှိသည်။

---

## ရိုခေါဒါရ်နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**ရိုခေါဒါရ် ဧပြီ ၂၇**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ဖလမ်းခရိုင် ရိုခေါဒါရ်မြို့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧပြီ ၁၈ ရက်က ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပခဲ့ရာ ရပ်ကွက်/ကျေးရွာ ၁၈ ခုတို့မှ မိမိနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များနှင့်ပတ်သက်၍ ရိုခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး အပါအဝင် ဌာနဆိုင်ရာတာဝန်ရှိသူများအား နယ်မြေဒေသခွဲဝေသတ်မှတ်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တင်ပြမှုများအပေါ် အသေးစိတ်အချက်အလက်များရရှိရေးနှင့် ဆက်လက်ဆောင်ရွက်နိုင်ရေးတို့ကို ဧပြီလတတိယပတ်အတွင်း မိမိနယ်မြေဒေသအရောက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# လေကြောင်းတိုက်ခိုက်မှုမစမီ အရပ်သားများ ရှောင်ရှားနိုင်ရေး အကြိုသတိပေးသည့်နည်းလမ်း အသုံးပြု

**မိုဆူးလ် မေ ၂၇**

အမေရိကန်တို့သည် အီရတ်ရှိ အိုင်အက်စ် အကြမ်းဖက်သမားများကို ပစ်မှတ်ထား၍ တိုက်ခိုက်ရာ၌ အရပ်သားများ ထိခိုက်မှုမရှိစေရေး အစ္စရေးတို့အသုံးပြုခဲ့သည့် ဒုံးကျည်ပစ်လွှတ်သတိပေးသည့် နည်းလမ်းကို ယခုလအတွင်း အသုံးပြုခဲ့သည်။ သို့သော် တိုက်ခိုက်မှုများအတွင်း အမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်ဟု အမေရိကန်စစ်တပ်က အင်္ဂါနေ့က ပြောခဲ့သည်။

ယခုအသုံးပြုသည့် နည်းလမ်းမှာ အရပ်သားများ ကြိုတင်ရှောင်ရှားနိုင်ရေး ၎င်းတို့ပစ်မှတ်ထား တိုက်ခိုက်မည့်နေရာအနီး၌ သတိပေးသည့်အနေဖြင့် ဒုံးကျည်ပစ်ခတ်ခြင်းဖြစ်သည်။



အဆိုပါနည်းလမ်းကို အစ္စရေးတို့က ၂၀၁၄ ခုနှစ် ဂါဇာတိုက်ပွဲတွင် အသုံးပြုခဲ့သည်။ သို့သော် ၂၀၁၅ ခုနှစ်၌ ကုလသမဂ္ဂက အဆိုပါနည်းလမ်းမှာ အသုံးမဝင်ကြောင်း ဒေသခံအရပ်သားများ ထွက်ပြေးလွတ်မြောက်နိုင်ရန် အချိန်မလုံလောက်ကြောင်း တွေ့ရှိခဲ့သည်။

အမေရိကန်တို့သည် အီရတ်နိုင်ငံ မိုဆူးလ်၌ မေ ၅ ရက်နေ့ လေကြောင်းတိုက်ခိုက်မှုတွင် အဆိုပါနည်းလမ်းကို အသုံးပြုခဲ့သည်။ အဆိုပါလေကြောင်း တိုက်ခိုက်မှုမှာ အိုင်အက်စ် အကြမ်းဖက်သမားများကို ငွေကြေးဖြန့်ဝေရာ၌ အသုံးပြုသည့် အဆောက်အအုံတစ်ခုကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်ဟု လေတပ်ဗိုလ်ချုပ်ကြီး ပီတာဂါစတန်က ပြောသည်။

**(ရိုက်တာ)**

# ကျူးရှူးရှင်ကန်ဆန် မြန်နှုန်းမြင့်ကျည်ဆန်ရထား ပြန်လည်ပြေးဆွဲ

**တိုကျို မေ ၂၇**

ဂျပန် ကျူးရှူးရှင်ကန်ဆန်မြန်နှုန်းမြင့်မီးရထား(ကျည်ဆန်ရထား) လိုင်းကြောင်းတစ်လျှောက် ပြုပြင်ခြင်းလုပ်ငန်းများကို ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ငလျင်လှုပ်ခတ်ပြီး ၁၃ ရက်အကြာတွင် ပြန်လည်စတင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် မေ ၂၇ ရက်က ဖော်ပြခဲ့သည်။

ကျူးရှူးမီးရထားကုမ္ပဏီက မီးရထားလမ်းကြောင်း ပြုပြင်ခြင်းလုပ်ငန်းများမှာ နှေးကွေးလိမ့်မည်ဖြစ်ပြီး မီးရထားများမှာ ဘူတာရုံတိုင်းတွင် ရပ်တန့်လိုက်မည်ဖြစ်ကြောင်း ပြောခဲ့သည်။ သတ်မှတ် ခရီးပန်းတိုင်ရောက်ရန် တစ်နာရီ ပိုမိုကြာမြင့်မည်ဖြစ်ကြောင်း ကျူးရှူးမီးရထားကုမ္ပဏီမှ တာဝန်ရှိသူများက ပြောသည်။



ပထမဆုံး ငလျင်သည် မေပြီ ၁၄ ရက်၌ ယင်းဒေသတွင် လှုပ်ခတ်သောကြောင့် မီးရထားအလွတ်တစ်စင်း ကူမာမိုတိုနှင့် ရှင်မိနာမတ်တ ဘူတာရုံကြားတွင် လမ်းချော်ခဲ့သည်။ ထို့နောက် အင်အားပြင်းငလျင်သည် ယင်းဒေသတွင် ဆက်လက် လှုပ်ခတ်သောကြောင့် လမ်းကြောင်းတစ်လျှောက် နေရာပေါင်း ၁၅၀ ခန့် ပျက်စီးခဲ့သည်။

ရှင်ကန်ဆန်လမ်းကြောင်းသည် ကျူးရှူးတွင် အဓိကသယ်ယူပို့ဆောင်ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။ ပြန်လည် ပြုပြင်ရေးလုပ်ငန်းများသည် ငလျင်ဒဏ်ခံဒေသများတွင် ခရီးသွားလာရေးကဏ္ဍကို တစ်ဖန်အသက်ဝင် လှုပ်ရှားလာစေမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အိုင်အက်စ်နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများ အရေအတွက် ကျဆင်းလာကြောင်း အမေရိကန်စစ်ဘက်ပြော

**ဝါရှင်တန် မေ ၂၇**

အိုင်အက်စ်စစ်သွေးကြွများ နှိမ်နင်းရာတွင်ပါဝင်သော အဆင့်မြင့် အမေရိကန်တပ်မှူးက စစ်သွေးကြွများနှင့် ဆက်သွယ်သော နိုင်ငံခြားတိုက်ခိုက်ရေးသမားအရေအတွက်သည် လွန်ခဲ့သောတစ်နှစ်နှင့် နှိုင်းယှဉ်လျှင် သိသိသာကျဆင်းလာပုံရှိသည်ဟု ပြောကြားခဲ့သည်။

ဗိုလ်ချုပ် ပီတာဂျာစတန်က အင်္ဂါနေ့တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများအပေါ် လေ့လာမှုပြုလုပ်ထားသော နောက်ဆုံးစစ်တမ်းတစ်ခုကို တင်ပြခဲ့ပြီး အိုင်အက်စ်အကြမ်းဖက်သမားများနှင့် ဆက်သွယ်ရန် အီရတ်နှင့် ဆီးရီးယားသို့လာရောက်ကြသော နိုင်ငံခြားတိုက်ခိုက်ရေးသမား ခန့်မှန်းအရေအတွက်မှာ တစ်လလျှင် အနည်းဆုံး ၂၀၀ ဝန်းကျင်လောက်ရှိကြောင်း ပြောကြားခဲ့သည်။ လွန်ခဲ့သောနှစ်က တစ်လလျှင် ၁၅၀၀ မှ ၂၀၀၀ ကြားလာရောက်ကြောင်း ပြောကြားခဲ့သည်။

ဂျာစတန်သည် အမေရိကန်ဦးဆောင်သော အိုင်အက်စ်နှိမ်နင်းတိုက်ခိုက်ရေးစစ်ဆင်ရေးတွင် ဒုတိယတပ်မမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ဂျာစတန်က နိုင်ငံခြားတိုက်ခိုက်ရေးသမားများ တပ်မှစွန့်ခွာထွက်ပြေးမှုအရေအတွက်မှာ သိသိသာသာမြင့်တက်လာကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ဦးဆောင်တပ်ဖွဲ့က အိုင်အက်စ်အကြမ်းဖက်သမားများ၏ ငွေကြေးသိုလှောင်ရုံကို တိုက်ခိုက်သောအကျိုးဆက်ကြောင့် အိုင်အက်စ်အကြမ်းဖက်အုပ်စုမှာ နိုင်ငံခြားတိုက်ခိုက်ရေးသမားများကိုပေးရန် ဒေါ်လာသန်း ၃၀၀မှ ၈၀၀ ကြားဆုံးရှုံးခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ပြန်ပေးငွေပေးသည့်အလေ့အထကို ငြင်းဆန်ရန်တိုက်တွန်း

**တိုရွန်တို မေ ၂၇**

ကနေဒါလူမျိုး ဓားစာခံတစ်ဦး သတ်ဖြတ်ခံရပြီးနောက် ကနေဒါနှင့် ဗြိတိန်နိုင်ငံတို့သည် ပြန်ပေးငွေပေးမှုနှင့်ပတ်သက်၍ အခြားနိုင်ငံများကိုပါ ဖိအားပေးပြောဆိုမည်ဖြစ်သည်ဟု ကနေဒါဝန်ကြီးချုပ်က ပြောသည်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူဒီယူးက ကနေဒါနိုင်ငံသည် အကြမ်းဖက်သမားများကို ပြန်ပေးငွေပေးလိမ့်မည်မဟုတ်ဟု ဆိုသည်။

ပြန်ပေးငွေပေးသည့် အလေ့အထမှာ မှားယွင်းကြောင်း ၎င်းနှင့် ဗြိတိန်ဝန်ကြီးချုပ်တို့ သဘောတူညီထားသည်ဟု ၎င်းကပြောသည်။ တနင်္လာနေ့က ဖိလစ်ပိုင်အကြမ်းဖက်အဖွဲ့က အသက် ၆၈ နှစ်အရွယ်ရှိ ကနေဒါလူမျိုး ဓားစာခံတစ်ဦးကို သတ်ဖြတ်ခဲ့သည်။

အကြမ်းဖက်သမားများကို ပြန်ပေးငွေပေးခြင်းသည် အကြမ်းဖက်လှုပ်ရှားမှုကို အားပေးရာရောက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းကိုလည်း အန္တရာယ်ဖြစ်စေသည်ဟု ကနေဒါဝန်ကြီးချုပ်က ပြောသည်။

ထို့ပြင် ၎င်းက ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံများကလည်း ပြန်ပေးငွေပေးသည့် အလေ့အထကို ငြင်းဆန်သင့်ကြောင်း၊ အကြမ်းဖက်သမားများသည် အပြစ်မဲ့သည့် ဓားစာခံများကို ဖမ်းဆီးခြင်းဖြင့် ၎င်းတို့ တောင်းဆိုသည့် ငွေရရှိမည်မဟုတ်ကြောင်း သေချာစွာသဘောပေါက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်နှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့သည်။

**(ဘီဘီစီ)**

# မက္ကဆီကို၌ ကျောင်းသား ၄၃ ဦး ပျောက်ဆုံးမှုအတွက် မိဘများကဦးဆောင်၍ ဆန္ဒဖော်ထုတ်

**မက္ကဆီကိုစီးတီး မေ ၂၇**

၂၀၁၄ ခုနှစ်က ကျောင်းသား ၄၃ ဦး ပျောက်ဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုအပေါ် အစိုးရ၏ကိုင်တွယ်ပုံကို မကျေနပ်၍ မက္ကဆီကို၌ ထောင်ပေါင်းများစွာသော ဆန္ဒဖော်ထုတ်သူတို့သည် မေ ၂၆ ရက်က စုဝေးခဲ့ကြသည်။

ဂူရာရို၏အနောက်တောင်ပိုင်း၌ ၂၀၁၄ ခုနှစ် စက်တင်ဘာလက အတင်းအဓမ္မခေါ်ဆောင်ခြင်းခံရသော ကျောင်းသား ၄၃ ဦး၏အမှုသည် သမ္မတတစ်ဦး၏ဂုဏ်သိက္ခာကိုညှိုးနွမ်းစေပြီး မက္ကဆီကို၌ လူ့အခွင့်အရေးအလွဲသုံးစားမှုစံနှုန်းကို မီးမောင်းထိုးပြလျက်ရှိသည်။



အတင်းအဓမ္မခေါ်ဆောင်ခြင်းခံရသော ကျောင်းသားများ၏ မိဘများနှင့်ဆွေမျိုးများက ပျောက်ဆုံးသွားသော ကျောင်းသားများ၏အဖြူရောင်ဓာတ်ပုံများနှင့် သေးငယ်သောဓာတ်မီးများကို ကိုင်ဆောင်၍ မက္ကဆီကို၏မြို့တော် ပါဆိုဒီလာရီဖော်မာ၏လမ်းမများထက်တွင် ဆန္ဒဖော်ထုတ်သူ ၂၀၀၀ ကျော်ကို ဦးဆောင်ခဲ့သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့ညက အီဂူလာရှိ အကျင့်ပျက်လာဘ်စားသော ရဲအချို့က ကျောင်းသားများကို အတင်းခေါ်ဆောင်သွားပြီး မူးယစ်ဆေးဂိုဏ်းအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ကြောင်း အစိုးရက ထပ်ကာထပ်ကာပြောခဲ့သည်။ မူးယစ်ကုန်သည်များက ကျောင်းသားများကို အနီးရှိအမှိုက်ပုံတွင် မီးရှို့ သတ်ခဲ့သည်ဟု အစိုးရစုံစမ်းရေးအဖွဲ့က အဆုံးသတ်ခဲ့သည်။

နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ထိုအဖြစ်အပျက်ပေါ်တွင် ကြီးစွာသောသံသယရှိကြောင်း အစီရင်ခံစာများဖြင့် ရေးသားထုတ်ဝေခဲ့သည်။ နောက်ဆုံးအစီရင်ခံစာကို ပြီးခဲ့သောတနင်္ဂနွေနေ့က ထုတ်ဝေခဲ့ပြီး အစိုးရအနေဖြင့် ၎င်း၏စုံစမ်းစစ်ဆေးမှုကို လျှော့ပေါ့ ပြီး အမှန်တရားဖော်ထုတ်ရန် ရှောင်လွှဲခဲ့သည်ဟု စွပ်စွဲခံထားရသည်။

**(ရိုက်တာ)**

# ချာနိုဘိုင်းကပေးသော သင်ခန်းစာ

## မြူးစန္ဒီနွေး

ဧပြီလ ၂၆ ရက်နေ့သည် ချာနိုဘိုင်းနျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အနှစ် ၃၀ မြောက်နေ့ဖြစ်သည်။ ချာနိုဘိုင်း နျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲမှုကို ပြန်လည်သတိရရင်း လူများ၏ရင်တွင်း၌လည်း စိုးရိမ်ထိတ်လန့်မှုများ ကြီးထွားလာသည်။ အဓိကကြောက်လန့်နေရသည့်အချက်မှာ နျူကလီးယားဓာတ်ပေါင်းဖိုများသည် အကြမ်းဖက်သမားများ၏ အဓိကပစ်မှတ်များဖြစ်လာမည်ကို စိုးရိမ်ကြခြင်းဖြစ်သည်။

မကြာသေးမီအချိန်က ဘရပ်ဆဲလ်မြို့၌ အိုင်အက်စ်စစ်သွေးကြွများ တိုက်ခိုက်ခဲ့မှုကြောင့်လည်း ပူပန်မှုများ မြင့်တက်လာသည်။ အကြမ်းဖက်တိုက်ခိုက်သူများသည် နျူကလီးယားနှင့် ဆက်စပ်သောတိုက်ခိုက်မှုမျိုးပြုလုပ်ရန် စဉ်းစားလာကြသည်ဟူသော အထောက်အထားများလည်းရှိသည်။ ဘယ်လ်ဂျီယံနျူကလီးယားဓာတ်ပေါင်းဖိုမှ အရာရှိတစ်ဦးကို မသင်္ကာမှုဖြင့် ရဲများက အနီးကပ်စောင့်ကြည့်နေပြီး နျူကလီးယားဓာတ်ပေါင်းဖိုမှ အလုပ်သမားဟောင်းနှစ်ဦးကိုလည်း အိုင်အက်စ်အဖွဲ့နှင့် ဆက်သွယ်ခဲ့သည်ဟူသောအထောက်အထားများ တွေ့ရသည်။

ဤအကြောင်းအရာများသည် ဘယ်လ်ဂျီယံအာဏာပိုင်များ နျူကလီးယား ဓာတ်ပေါင်းဖို၏လုံခြုံရေးအတွက် စစ်တပ်မှ တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားရန် တွန်းအားတစ်ရပ်ဖြစ်လာခဲ့သည်။

နျူကလီးယားဓာတ်ပေါင်းဖိုသည် အကြမ်းဖက်သမားများ ဖောက်ခွဲတိုက်ခိုက်မှုပြုလုပ်ရန် ရေဒီယိုသတ္တိကြွမိုင်းတွင်းကြီးဖြစ်သည်။ ဓာတ်ပေါင်းဖိုဖောက်ခွဲ တိုက်ခိုက်ခံရပါက အကြမ်းဖက်တိုက်ခိုက်မှုသမိုင်းတွင် အကြီးမားဆုံးနှင့် အပြင်းထန်ဆုံးသော တိုက်ခိုက်မှုဖြစ်လာမည်ဖြစ်သည်။

ရေဒီယိုသတ္တိကြွပစ္စည်းများသည် နိုင်ငံ၏နယ်စပ်ဒေသများကိုပါ ပျံ့နှံ့ရောက်ရှိသွားမည်ဖြစ်သည်။ လူပေါင်းများစွာ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပျက်စီးသွားမည်ဖြစ်သည်။ ချာနိုဘိုင်းနှင့် ဖူကူရှီးမားပေါက်ကွဲမှုများက သက်သေပြချက်များပင် ဖြစ်သည်။

အနောက်ကမ္ဘာခြမ်းမှ နိုင်ငံများအတွက် မည်သို့သော သက်ရောက်မှုမျိုး ကျရောက်လာမည်နည်း။ ဤမျှလောက်သော စိုးရိမ်ထိတ်လန့်ဖွယ်အနေအထားမျိုး၌ လုံခြုံရေးအမြင့်ဆုံးအထိ ဆောင်ရွက်ရန်မလိုအပ်ပါသလော။

အမှန်စင်စစ် အမေရိကန်သည်နျူကလီးယားလုံခြုံရေး ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ၁၉၄၆ ခုနှစ် ဇွန် ၁၄ ရက်က အမေရိကန်တို့သည် (Baruch Plan) နျူကလီးယားထိန်းချုပ်ရေး အစီအစဉ်ကို ကုလသမဂ္ဂ၌ စတင်တင်သွင်းခဲ့သည်။ ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်သည့် အဏုမြူစွမ်းအင်ထိန်းချုပ်ရေး စီမံခန့်ခွဲမှုကို ထိန်းသိမ်းရန် အပြည်ပြည်ဆိုင်ရာ အဏုမြူ ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ကို တောင်းဆိုခဲ့သည်။



စစ်အေးတိုက်ပွဲ၌ နိုင်ငံရေးအခြေအနေများသည် ပြောင်းလဲလာသည်။ နိုင်ငံတကာ အသိုက်အဝန်း၌ နိုင်ငံတစ်ခုချင်းစီ၏ စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့် တွေ့ကြုံနေရသည်။ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များသည် အကြမ်းဖက်သမားများ နျူကလီးယားဓာတ်ပေါင်းဖိုကို ဖောက်ခွဲရန် အကြောင်းများ ဖြစ်လာခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကာကွယ်ရေးအတွက် လူအင်အားဖြည့်တင်းပေးမှုများ၊ လုံလောက်သောသင်တန်းပေးမှုများ၊ အရေးကြီးသည့် ဧရိယာအတွင်း ရုပ်ဝတ္ထုအတားအဆီးထားရှိခြင်းများ၊ စုံစမ်းထောက်လှမ်းမှုများ၊ အချက်ပေးမှုများ၊ ဆက်သွယ်ရေးစနစ်များ၊ နျူကလီးယားစက်ရုံ အလုပ်သမားများ အကြမ်းဖက်သမားများနှင့် ဆက်သွယ်မှုရှိ မရှိ သေချာစွာစိစစ်ခြင်းအပါအဝင် ပြည့်စုံခိုင်မာသည့် လုံခြုံရေးဆောင်ရွက်ခြင်းသည် အသေးစိတ်လုပ်ဆောင်ရသည့်ကိစ္စများဖြစ်သော်လည်း ချာနိုဘိုင်းနှင့် ဖူကူရှီးမား ပေါက်ကွဲမှုမျိုးမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။ နျူကလီးယားအရေးဝေဖန်သူများက ဓာတ်ပေါင်းဖိုများကို အကြမ်းဖက်သမားများက ပစ်မှတ်ထားတိုက်ခိုက်နိုင်ကြောင်းနှင့် ၎င်းတို့ကို လုံခြုံစွာထိန်းသိမ်းထားနိုင်မည်မဟုတ်ဟု ဆယ်စုနှစ်များစွာကြာအောင် ဝေဖန်လျက်ရှိသည်။ အကြမ်းဖက်သမားများသည် နောက်ဆုံးပေါ် လက်နက်ကိရိယာများ အသုံးပြု၍သော်လည်းကောင်း၊ ဒုံးကျည်များ၊ ဗုံးများ အသုံးပြု၍သော်လည်းကောင်း၊ လေကြောင်းမှသော်လည်းကောင်း တိုက်ခိုက်မှုများပြုလုပ်နိုင်သည်ဟူ၍ ဝေဖန်ထောက်ပြထားသည်။

ဘယ်လ်ဂျီယံအာဏာပိုင်များသည် လွန်ခဲ့သောနှစ်က ပါရီတိုက်ခိုက်မှုအပြီး ၎င်းတို့၏ ဓာတ်ပေါင်းဖို လုံခြုံရေးအတွက် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ချထားခဲ့သည်။ တခြားသော နျူကလီးယားစက်ရုံပိုင်ဆိုင်သည့်နိုင်ငံများ အနေဖြင့် လုံခြုံရေးကို မည်မျှဆောင်ရွက်နိုင်ပါသနည်း။

၂၀၁၂ ခုနှစ်က အစိမ်းရောင်ငြိမ်းချမ်းရေးဟုခေါ်သော တက်ကြွလှုပ်ရှားသူများသည် ဆွီဒင်နျူကလီးယား စက်ရုံအတွင်း ချိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်၌လည်း အဆိုပါအဖွဲ့မှ တက်ကြွလှုပ်ရှားသူများသည် ဂျာမနီနယ်စပ်အနီးရှိ ပြင်သစ်နျူကလီးယား စက်ရုံအတွင်း ချိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။

ဤဖြစ်ရပ်များက နျူကလီးယားစက်ရုံများတွင် လုံခြုံရေးအစီအမံများ လိုအပ်နေသေးသည်ကို ညွှန်ပြလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၊ ကမ္ဘာ့နျူကလီးယားထိန်းချုပ်ရေးအဖွဲ့၊ ဥရောပသမဂ္ဂအစရှိသော အဖွဲ့အစည်း အသီးသီးက ဓာတ်ပေါင်းဖိုများလုံခြုံစိတ်ချရရေးနည်းလမ်းများနှင့် အကြံပြုချက်များ ပေးလျက်ရှိသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ရက်နေ့က အမေရိကန်၌ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အမေရိကန် အာဏာပိုင်များအနေဖြင့်လေကြောင်းလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်သည်။ အကြမ်းဖက်သမားများသည် ၉/၁၁ တုန်းက ပုံစံမျိုးဖြင့် နျူကလီးယားဓာတ်ပေါင်းဖိုကို တိုက်ခိုက်နိုင်သည်ဟူသောအချက်ကို မေ့လျော့မထားသင့်ပေ။ နျူကလီးယားထိန်းသိမ်းရေးကော်မရှင်ကလည်း နျူကလီးယားလုံခြုံရေးကာကွယ်မှုလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

အမေရိကန်နိုင်ငံကဲ့သို့ လုံခြုံရေးကိုအဆင့်မြင့်ဆုံးဆောင်ရွက်ထားသည့်နိုင်ငံမျိုး၌ပင် နျူကလီးယားခြိမ်းခြောက်မှုများရှိနေဆဲပင်ဖြစ်သည်။ နိုင်ငံအသီးသီးသည် ချာနိုဘိုင်းဖြစ်ရပ်ကိုသတိပြုမိပြီး နိုင်ငံ၏နျူကလီးယားလုံခြုံရေးကိုဆောင်ရွက်နိုင်ရန် မျှော်လင့်ရသည်။

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အောက်တွင် ကမ္ဘာတစ်ဝန်းရှိ နျူကလီးယားဓာတ်ပေါင်းဖိုများလုံခြုံရေးအတွက် ဥပဒေစည်းမျဉ်းများ ချမှတ်ရန် စီစဉ်သင့်သည်။ နျူကလီးယားစက်ရုံများကို လိုအပ်သည့် အချက်များ မပြည့်စုံပါက အာဏာပိုင်များအနေဖြင့် လိုင်စင်ချထားပေးမှုကို ဆိုင်းငံ့သင့်သည်။

ကမ္ဘာကြီးသည်ချာနိုဘိုင်းအိပ်မက်ဆိုးကြီးမှ မနိုးထနိုင်သေးပါ။ ချာနိုဘိုင်းမှ ပေးအပ်လိုက်သော သင်ခန်းစာများကို ယနေ့ထိခံစားနေရဆဲဖြစ်သည်။ လူပေါင်းများစွာ အသက်အိုးအိမ်စည်းစိမ်ပျက်စီးခြင်းမှ တားဆီးနိုင်ရန်၊ နောင်လာမည့်မျိုးဆက်သစ်များကောင်းမွန်စွာ ရှင်သန်နိုင်မည့် ကမ္ဘာလောကကြီး ဖြစ်လာစေရန် ချာနိုဘိုင်းကဲ့သို့သော အလားတူ ဖြစ်ရပ်မျိုးမှ ရှောင်ရှားနိုင်ရန်နျူကလီးယားဓာတ်ပေါင်းဖိုများ ပိုင်ဆိုင်ထားသည့်နိုင်ငံများအနေဖြင့် လုံခြုံရေးကို ထိပ်တန်းအဆင့်ဆောင်ရွက်ရန်အရေးကြီးလျက်ရှိပါကြောင်း။ ။

**ကိုးကား-ရိုက်တာ**



**အဓိက ကြောက်လန့်နေရသည့် အချက်မှာ နျူကလီးယားဓာတ်ပေါင်းဖိုများသည် အကြမ်းဖက်သမားများ၏ အဓိကပစ်မှတ်များ ဖြစ်လာမည်ကို စိုးရိမ်ကြခြင်းဖြစ်**


### လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်း အမှတ်စဉ်(၃) ဖွင့်လှစ်ရန်ကြေညာခြင်း

ပိုးသတ်ဆေးကုမ္ပဏီများတွင် လုပ်ကိုင်နေသူဝန်ထမ်းများ၊ ပိုးသတ်ဆေးထုတ်လုပ် ရောင်းချသူများ၊ ပိုးသတ်ဆေးကိုင်တွယ်အသုံးပြုနေသူများ၊ ခြင်ဆေးခွေထုတ်လုပ်ရောင်းချသူများ၊ စိုက်ပျိုးရေးဝါသနာရှင်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများနှင့် လယ်ယာလုပ်ငန်းခွင်မှ တောင်သူဦးကြီးများ၊ ပိုးသတ်ဆေးအကြောင်းကို စိတ်ပါဝင်စားသူများ အားလုံးအတွက် ပိုးသတ်ဆေးအကြောင်းနှင့်ပိုးသတ်ဆေးအန္တရာယ်ကင်းစွာ ကိုင်တွယ်အသုံးချနိုင်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်နေကျဖြစ်သောလက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်းအမှတ်စဉ်(၃)ကိုပြည်ထောင်စု နယ်မြေ၊ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ဦးစီး၍ ၂-၅-၂၀၁၆ရက်မှ ၆-၅-၂၀၁၆ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများအားလုံး တက်ရောက်နိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**သင်တန်းဖွင့်လှစ်မည့်ရက်** - ၂-၅-၂၀၁၆ရက် မှ ၆-၅-၂၀၁၆ရက်ထိ
လိုင်စင်ဓာတ်ပုံသုံးပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း
**သင်တန်းဖွင့်လှစ်မည့်နေရာ** - အထက်တန်းကျောင်းခွဲ၊ အလက(၂) စာသင်ကျောင်း၊ အမှတ်၂ဘားနပ်လမ်း၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့။
**ဆက်သွယ်ရန်** - ဖုန်း-၀၉-၄၃၂၀၅၈၇၇၊ ၀၉-၇၈၅၇၇၇၆၄၇၅၊ ၀၉-၃၁၂၅၅၂၅၁



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂ (တပင်ရွှေထီးရပ်ကွက်)၊မြေကွက်အမှတ်-(ပ၈၀-၂၅၇၉)၊ဧရိယာ(၀. ၀၅၅)ဧကရှိ တပ်ကြပ်ကြီးမျိုးမင်းဦး (၇/တဝန(နိုင်)၀၃၉၉၇၅)အမည်ပေါက်ဂရန်မြေကွက်နှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးမျိုးဇော်ထွန်း(၅/တဆန (နိုင်)၀၇၄၆၇၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေအနက်မှတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက် အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဝင်းနိုင် (တရားလွှတ်တော်ရှေ့နေ)
Win & Associates Legal Practitioner Group
အမှတ် (၁၂၄)၊ ဒုတိယထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၃၉၁၂၇၅၊ ၀၉-၅၁၄၃၁၇၀၊ ၀၉-၅၀၃၅၄၇၆။



### ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲ

ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်) ၏ နှစ်ပတ်လည်နှင့်ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ၂၀၁၅ ခုနှစ် အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူး (၃) ဘာသာနှင့်အထက်ရရှိသည့် ရန်ကုန်ရောက် မြို့သူမြို့သားများ၏ သားသမီးများ အောက်ပါဖုန်းနံပါတ်များသို့ စာရင်းပေးပို့ပါရန်နှင့် မြို့သူမြို့သားများနှင့်အတူ အခမ်းအနားသို့တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

- အခမ်းအနားအစီအစဉ် -

ရက်စွဲ - ၈-၅-၂၀၁၆ (တနင်္ဂနွေနေ့)
အချိန် - နံနက် (၉း၀၀) နာရီ
နေရာ - ဦးထောင်ဘိုလမ်း၊ ခေမာသိဝံကျောင်းတိုက်ဝင်း၊ ဗဟန်းမြို့နယ်။
ဆက်သွယ်ရန်ဖုန်း - ဦးစန်းလွင် (၀၉ ၅၁၀၈၈၁၃၉)
ဦးအောင်မင်း (၀၉ ၄၂၀၁၃၅၉၆၅)
ဦးတင်မြင့် (၀၉ ၃၆၂၂၄၄၀၀)



### ဖခင်အမည်မှန်

သရက်ချောင်းမြို့နယ်နေ မဝါချိုငွေး (၆/သရခ(နိုင်)၀၀၇၃၁၂) ၏ ဖခင်ဖြစ်သူ အမည်မှန်မှာ ဦးကျော်လွင် (၆/သရခ(နိုင်)၀၀၀၅၂၆) ဖြစ်ပါကြောင်း။
ဦးကျော်လွင် (၆/သရခ(နိုင်)၀၀၀၅၂၆)



### အမည်မှန်

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (အဘ) ဦးဇော်ဝင်း (၁၂/လမန(နိုင်)၀၈၁၁၃၇) ၏သားဖြစ်သူ မောင်မျိုးမြင့်ဇော်၏ အမည်မှန်မှာ မောင်ဖြိုးပြည့်စုံဖြစ်ပါကြောင်း။
မောင်ဖြိုးပြည့်စုံ



### ပြည်နယ်ပညာရေးမှူးရုံး ရှမ်းပြည်နယ် တောင်ကြီးမြို့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား/ကျောင်းသူအားလုံးအခမဲ့ ထောက်ပံ့ပေးရန်အတွက် လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **လေ့ကျင့်ခန်းစာအုပ် အရည်အသွေး**

(၁) စာအုပ်အရွယ်အစား - ၆ဒသမ၂၅×၈ဒသမ၂၅လက်မ
(၂) လိုင်းအရေအတွက် - ၂၂ လိုင်း
(၃) အဖုံးစက္ကူ - ၁၈၀ gsm Duplex board (colour)
(၄) အတွင်းစက္ကူ - ၆၀ gsm indo 1 K woodfree
(၅) စာမျက်နှာ - ၈၀ pages
(၆) - စာအုပ်၏ နောက်ကျောဖုံး၊ အပြင်ဘက်တွင် မြန်မာ့ရိုးရာလူမှုရေးကျင့်ဝတ် (သားသမီးဝတ်၊ တပည့်ဝတ်၊ မိဘဝတ်၊ ဆရာဝတ်)၊
- ရှေ့ဖုံးအတွင်းဘက်တွင် ကျောင်းသား/ကျောင်းသူများသို့ ထောက်ပံ့မည့်စာအုပ်တစ်အုပ်စီအလိုက် သဘာဝဘေးအန္တရာယ် အသိပညာပေးလမ်းညွှန် ခြောက်မျိုး၊
- နောက်ကျောဖုံးအတွင်းဘက်တွင် အမြှောက်အလီပေါင်း ၁မှ ၁၂အထိ ပုံနှိပ်ရန်၊

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၅-၂၀၁၆ရက် ညနေ ၄ နာရီ

၄။ တင်ဒါပုံစံကို ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးတွင် ၂၆-၄-၂၀၁၆ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များသိရှိလိုပါက အောက်ပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့ **ဖုန်း-၀၈၁-၂၀၆၈၅၁၊ ၀၈၁-၂၁၂၁၃၁၉**
**တင်ဒါခေါ်ယူရေးအဖွဲ့**



# မသင်္ကာဖွယ်လူနှစ်ဦးအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုများ ပေါ်ပေါက်

**တိုက်ကြီး ဧပြီ ၂၇**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းနှင့် ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၆ ရက် ညနေ ၄ နာရီခန့်တွင် တိုက်ကြီးမြို့ ဗောဓိကုန်းရပ်ကွက် ပညာဝတီလမ်းရှိ ဆိုင်ကယ်ပြင်ဆိုင်ရှေ့တွင် ဆိုင်ကယ်တစ်စီးကိုတွန်းလျက် ဖိုးဇော်ငြိမ်း ဈေးရပ်ကွက်နေသူနှင့် ကျော်ဝင်းစိုး ဝန်ထောက်ကုန်း တိုက်ကြီးမြို့နေသူ နှစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းရာ ဆိုင်ကယ်ပိုင်ဆိုင်ကြောင်း ခိုင်လုံစွာ ပြောပြနိုင်ခြင်းမရှိဘဲ ရဲစခန်းပိုင်နယ်မြေ နေအိမ်တစ်ခုခုအတွင်းမှ ခိုးယူလာနိုင်သည်ဟု ယူဆရသဖြင့် သက်သေများနှင့်အတူ သိမ်းဆည်းပြီး ၎င်းတို့နှစ်ဦးအား တိုက်ကြီးရဲစခန်းတွင် အမှုဖွင့် တရားစွဲခဲ့ကြောင်း သိရသည်။

ယင်းအမှုနှင့်ဆက်စပ်၍ အခြားခိုးမှုများအား ဆက်လက်စစ်ဆေး ဖော်ထုတ်ချက်အရ ပြစ်မှုကျူးလွန်သူများ ဖြစ်ကြသော ကျော်ဝင်းစိုးနှင့် ဖိုးဇော်ငြိမ်း၊ မင်းပိုင်ဝင်း(ခ)ပိုင်ကြီး ရွှေပြည်သာမြို့၊ ဇော်ရှမ်း(ခ)ဇော်သန်း မင်္ဂလာရပ်ကွက် တိုက်ကြီးမြို့နေသူတို့မှ တိုက်ကြီးမြို့နယ် တာခွကျေးရွာ ရန်ကုန်-ပြည်လမ်း၌ ရပ်ထားသော ဆိုင်ကယ်တစ်စီးအား ခိုးယူခဲ့ပြီး တိုက်ကြီးမြို့ ရှမ်းစုရပ်ကွက် လယ်တီ(၆)လမ်းနေ မျိုးမင်းဝင်း(ခ)ကိုမျိုးထံတွင် ငွေကျပ် ၁၆၀၀၀၀ဖြင့် ရောင်းချထားကြောင်း စစ်ဆေးဖော်ထုတ်ခဲ့သည့်အပြင် ဆက်စပ် ရဲစခန်းပိုင်နယ်မြေများမှ ဆိုင်ကယ် စုစုပေါင်း ၁၁ စီးအား ဖော်ထုတ်ဖမ်းဆီးရရှိပြီး ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ အထက်ဖော်ပြပါ လူလေးဦးအား တိုက်ကြီးမြို့မရဲစခန်းမှ ထပ်မံတရားစွဲခဲ့ပြီး ကျန်ဆိုင်ကယ်များကို သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများတွင် အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ကုန်ရထားပေါ်မှတရားမဝင်ကျွန်းတုံးခါးချပ်များ ဖမ်းဆီးရမိ

**အင်းတော် ဧပြီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဘူတာတွင် ရပ်ထားသော ကုန်ရထားပေါ်မှ တရားမဝင်ကျွန်းတုံးခါးချပ်များ ပိုင်ရှင်နှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၆ ရက် နံနက် ၈ နာရီခန့်တွင် အင်းတော်မြို့နယ် မော်လူးသစ်တောမှ ဘိနယ် တာဝန်ခံတောအုပ်ကြီး ဦးစိန်သန်းနှင့် အဖွဲ့သည် မန္တလေး-မြစ်ကြီးနား အဆန်ရထား အမှတ်(၉၃၇)ကုန်ရထားတွဲပေါ်တွင် တရားမဝင်ကျွန်းတုံးခါးချပ်များ တင်ဆောင်ထားကြောင်းသတင်းအရ မော်လူးဘူတာရုံတွင် သွားရောက်စစ်ဆေးရာ စက်ခေါင်းမောင်း ဦးအောင်ဆန်းလွင်၊ ဦးနေမျိုးကျော်၊ ရထားထိန်း ဦးဆန်းဝင်းတို့မောင်းနှင်သော ကုန်ရထား၏ စက်ခေါင်းမောင်းများနားနေတွဲပေါ်တွင် တရားမဝင်ကျွန်းတုံးခါးချပ် ၇၃ ချပ် ၀ ဒသမ ၉၇၈၈ တန် တန်ဖိုးငွေကျပ် ၁၅၆၆၀၈ အား ရှာဖွေတွေ့ရှိရပြီး ပစ္စည်းပိုင်ရှင်မှာ မော်လူးကျေးရွာ အမှတ် ၅ ရပ်ကွက်မှ နိုင်လင်းဆိုသူ၏ ပစ္စည်းများဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ တရားမဝင်ကျွန်း တုံးခါးချပ်များပြုလုပ်သူနိုင်လင်း၊ (၃၂) နှစ် အမှတ်(၅)ရပ်ကွက် မော်လူးကျေးရွာ အင်းတော်မြို့နယ်နေသူအား မော်လူးရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မုဒုံမြို့ မြို့မ(၄) ရပ်ကွက်၌ စိတ်ကြွရူးသွပ်ဆေးပြား ရောင်းချသူဖမ်းမိ

**မုဒုံ ဧပြီ ၂၇**
မွန်ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲ မှုခင်းအကူဌာနစုမှ ရဲအုပ်ကျော်ဆန်းဦးစီးအဖွဲ့နှင့် မုဒုံမြို့မှ ဒုရဲအုပ်ကျော်စွာလင်း ဦးစီးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၄ ရက်ကမုဒုံမြို့ မြို့မ(၄) ရပ်ကွက် မုဒုံ-ကျွန်းရွာသွားကားလမ်းဘေးရှိ နာမည်ကြီးစားသောက်ဆိုင်ရှေ့တွင် စောင့်ဆိုင်းနေစဉ် သံမဏိ (ခ)မိုးပုလဲ အမှတ် (၃၈) ရပ်ကွက်(၁) တံခွန်တိုင်ကျေးရွာ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည် နယ်နေသူမောင်းနှင်ပြီး ဇင်လင်းဦး (၂၉)နှစ် မုပွန်ရပ်ကွက် မော်လမြိုင်မြို့နေသူ လိုက်ပါလာသော ဆိုင်ကယ် အမှတ် ၃၀/ယ ---- Wave -125 ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၄ ပြား၊ ၁၉၄ ဒသမ ၄ ဂရမ် တစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ကာလတန်ဖိုးငွေကျပ် ၉၇၂၀၀၀၀ နှင့် ငွေစက္ကူ ၂၀၀၀၀၀၊ ဆင်းကတ် နှစ်ကတ်ပါ လက်ကိုင်ဖုန်းတစ်လုံးကို ရှာဖွေတွေ့ရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# ကားနှင့် ဆိုင်ကယ်တိုက်မိ၊ တစ်ဦးသေ

**နွားထိုးကြီး ဧပြီ ၂၇**
နွားထိုးကြီးမြို့နယ် မြို့မရဲစခန်းအပိုင် မြင်းခြံ-ရေဝန်း-မန္တလေး ကားလမ်းမိုင်တိုင် ၂၃/၂နှင့် ၃ ကြား ထန်းဇင်ရွာအနီးတွင် အမြန်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိကြရာမှဆိုင်ကယ်စီးသူ သေဆုံးမှုတစ်မှု ဧပြီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာမြင်းခြံ-မန္တလေးပြေးဆွဲနေသော ပြည်တော်အေးအမြန်ယာဉ်အသင်းမှ ဒရိုင်ဘာစန်းမြင့်အောင် ၂၉ နှစ် မောင်းနှင်လာသော ခရီးသည်တင်အမြန်ယာဉ်သည် မန္တလေးမှ မြင်းခြံသို့ ပြန်လာစဉ်ထန်းဇင်ရွာအနီး၌ အောင်လင်း ၂၇ နှစ် စီးနင်းလာသော ၃၂ယ/---- ဆိုင်ကယ်ကို တိုက်မိရာ အောင်လင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ နွားထိုးကြီး မြို့မရဲစခန်းက ဒရိုင်ဘာစန်းမြင့်အောင်နှင့်သေဆုံးသူ အောင်လင်းတို့ကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ဇာမွန်မြင့် (ဥပဒေ)**

# တရားမဝင်သစ်စက်များ ရှာဖွေဖမ်းဆီးရမိ

**ယင်းမာပင် ဧပြီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ကပိုင်ကျေးရွာ တောင်ဘက် ချောင်းအနီး ဦးဘကြည်(၅၃)နှစ် တောင်သူ၏ စိုက်ပျိုးရေးခြံအတွင်း တရားမဝင် သစ်စက်လုပ်ကိုင်ရန် စီစဉ်နေကြောင်း သတင်းအရ ဧပြီ ၂၆ ရက် ည ၁၁ နာရီခွဲက အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းဦးဆောင်သော ဝန်ထမ်းများ၊ ကပိုင်ရဲကင်းစခန်းရဲအုပ်တင်မောင်လတ်နှင့်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ရှာဖွေဖမ်းဆီးရာ ပျဉ်းကတိုးသစ် တစ်လုံး ၀ ဒသမ ၁၁၈၈ တန်၊ သန်းသစ်နှစ်လုံး ၀ ဒသမ ၃၃၃၀တန်၊ အင်ကြင်း သစ်သုံးလုံး ၀ ဒသမ ၄၇၁၆ တန် စုစုပေါင်း ၀ ဒသမ ၉၂၃၄ တန်နှင့်အတူ သစ်ခွဲရာတွင်အသုံးပြုသော တရုတ်အင်ဂျင်စက် ၂၅ ကောင် တစ်လုံး၊ သုံးပေလွှဝိုင်းနှင့် သစ်စက်ပစ္စည်းအစုံတို့ကို ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိ သစ်စက်၊ လွှဝိုင်းအစုံနှင့် သစ်များအား အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် ရွှေတန်းရုံး(ကပိုင်)ရွာတွင် ခေတ္တသိမ်းဆည်းထားရှိပြီး ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်း၍ တရားမဝင်သစ်စက်လုပ်ကိုင်သူအား သစ်တောဥပဒေအရ အရေးယူစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**




## ကျောက်ပန်းတောင်းမြို့နယ်၊ စည်ပင်သာယာရေးကော်မတီ မြို့ရှေ့ပန်းသီတာဥယျာဉ်အား အဆင့်မြင့်အပန်းဖြေပန်းဥယျာဉ်အဖြစ် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျောက်ပန်းတောင်းမြို့နယ်၊ စည်ပင်သာယာရေးကော်မတီမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြို့ရှေ့ပန်းသီတာဥယျာဉ်အား အဆင့်မြင့်အပန်းဖြေပန်းဥယျာဉ်အဖြစ် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ချထားပေးမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းများနှင့် အိတ်ဖွင့်တင်ဒါအသေးစိတ်အချက်အလက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး လွှတ်လပ်ရေးရပ်ကွက် ကျောက်ပန်းတောင်းမြို့တွင် ၁၅-၅-၂၀၁၆ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုသောအချက်များကို ၀၆၁-၅၀၅၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် တင်ဒါရောင်းချမည့်ရက်အား ထပ်မံကြော်ငြာသွားမည်ဖြစ်ပါကြောင်း အများပြည်သူများ သိရှိနိုင်ပါရန် ကြော်ငြာအပ်ပါသည်။

**တင်ဒါရောင်းချရေးအဖွဲ့**
**ကျောက်ပန်းတောင်းမြို့**

## ကျောက်ပန်းတောင်းမြို့နယ်၊ စည်ပင်သာယာရေးကော်မတီ မြို့သန့်ရှင်းရေးလုပ်ငန်းလုပ်ကိုင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျောက်ပန်းတောင်းမြို့နယ်၊ စည်ပင်သာယာရေးကော်မတီမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြို့သန့်ရှင်းရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ချထားပေးမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းများနှင့် အိတ်ဖွင့်တင်ဒါအသေးစိတ်အချက်အလက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး လွှတ်လပ်ရေးရပ်ကွက် ကျောက်ပန်းတောင်းမြို့တွင် ၁၅-၅-၂၀၁၆ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုသော အချက်များကို ဖုန်း-၀၆၁-၅၀၅၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် တင်ဒါရောင်းချမည့်ရက်အား ထပ်မံကြော်ငြာသွားမည်ဖြစ်ပါကြောင်း အများပြည်သူများသိရှိနိုင်ပါရန် ကြော်ငြာအပ်ပါသည်။

**တင်ဒါရောင်းချရေးအဖွဲ့**
**ကျောက်ပန်းတောင်းမြို့**

## ဖခင်အမည်မှန်

ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ အလက(ခွဲ)စပါယ်နံ့သာရွာ၊ အဋ္ဌမတန်းမှ မဝါဝါအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုး ၅/ကဘလ(နိုင်)၁၅၁၆၁၆ ဖြစ်ပါသည်။
**ဦးအောင်မျိုး**

## ဖခင်အမည်မှန်

ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်သက်ပိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်ထွန်း(ခ)ဦးနေလှ ၁၂/သဃက(နိုင်) ၀၃၃၇၆၀ ဖြစ်ပါသည်။
**ဦးနိုင်ထွန်း(ခ)ဦးနေလှ**

## CLAIMS DAY NOTICE
## M.V MORNING MENAD VOY:NO(102)

Consignees of cargo carried by M.V. MORNING MENAD VOY:(102) are here by notified that the vessel will arrive of about 29-4-2016 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

မြို့လယ်ကျောင်း
BASIC ENGLISH SPEAKING
7:30 - 9 (Mon~Thurs) 11 May
9 - 12:00 (Sat + Sun) 14 May
1 - 4:00 (Sat + Sun) 14 May
10-11:30 (Mon~Thurs) 17 May
BASIC FOUR SKILLS ENGLISH
1 - 4:00 (Sat + Sun) 30 Apr
1 - 2:30 (Mon~Thurs) 2 May
7:30 - 9 (Mon~Thurs) 4 May
12 - 3:00 (Sat + Sun) 7 May
7:30-10:30 (Sat + Sun) 14 May
1 - 4:00 (Sat + Sun) 14 May
9 - 12:00 (Sat + Sun) 22 May
7:30 - 9 (Mon~Thurs) 23 May
PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon~Thurs) 25 Apr
1 - 4:00 (Sat + Sun) 22 May
10-11:30 (Mon~Thurs) 23 May
3:30 - 5 (Mon~Thurs) 30 May
12 - 3:00 (Sat + Sun) 4 Jun
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 30 May
VOCAB ENRICHMENT
10-11:30 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May
BASIC GRAMMAR
3:30 - 5 (Mon~Thurs) 9 May
9 - 12:00 (Sat + Sun) 14 May
BASIC WRITING
10-11:30 (Mon~Thurs) 25 Apr

လှည်းတန်းကျောင်းခွဲ
BASIC ENGLISH SPEAKING
1 - 2:30 (Mon~Thurs) 4 May
10-11:30 (Mon~Thurs) 17 May
3:30 - 5 (Mon~Thurs) 30 May
BASIC GRAMMAR
7:30-10:30 (Sat + Sun) 29 May
PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 16 May
12 - 3:00 (Sat + Sun) 29 May
BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 2 May
10-11:30 (Mon~Thurs) 4 May
6 - 7:30 (Mon~Thurs) 9 May
7:30-10:30 (Sat + Sun) 14 May
INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 5 Jun
IELTS (Preparation)
4:30-7:30 (Sat + Sun) 4 Jun
IELTS (Writing)
12:30-3:30 (Sat+Sun) 28 May

IELTS (Preparation)
7:30-9:30 (Mon~Thurs) 9 May
IELTS (Speaking)
7:30-9 (Mon~Thurs) 25 Apr
IELTS (Writing)
7:30 - 9 (Mon~Thurs) 9 May
IELTS (Reading)
1-3:00 (Mon~Thurs) 25 Apr
IELTS (Grammar)
10-11:30 (Mon~Thurs) 25 Apr

# လက်ရွေးစင်အသင်းနှင့် ခြေစမ်းမည့် MNL ညွှန့်ပေါင်းအသင်းဖွဲ့စည်း

**ရန်ကုန် ဧပြီ ၂၇**

မေ ၁ ရက်တွင် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် MNL နိုင်ငံခြားသားများ ညွှန့်ပေါင်းအသင်းကို ကစားသမား ၁၇ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်ပြီး ပြည်တွင်းနည်းပြဆရာများက ကိုင်တွယ်သွားမည်ဖြစ်သည်။

ယခုဖွဲ့စည်းထားသည့် MNL နိုင်ငံခြားသားများ ညွှန့်ပေါင်းအသင်းတွင် လက်ရှိပြိုင်ပွဲ၌ ခြေစွမ်းပြနေသည့် ကစားသမားအချို့ ပါဝင်လာခြင်းမရှိဘဲ ထိပ်သီးကလပ်အသင်းများဖြစ်သည့် ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့မှ တစ်ဦးသာ ပါဝင်လာသည်။ ယင်းအသင်းကို နည်းပြဆရာများအဖြစ် နေပြည်တော်အသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းနှင့် ဟံသာဝတီအသင်းနည်းပြချုပ် ဦးငွေထွန်းတို့က ပူးတွဲကိုင်တွယ်သွားမည်ဖြစ်ပြီး နေပြည်တော်အသင်း၏ နိုင်ငံခြားသားလက်ထောက်နည်းပြ ဂျိုနသန်ကို လက်ထောက်နည်းပြအဖြစ် ခန့်အပ်ထားသည်။

MNL ကလပ်အသင်းများတွင် နိုင်ငံခြားသားဂိုးသမားအသုံးပြုနေသည့်အသင်းမှာ ရန်ကုန်တစ်သင်းတည်းသာရှိသောကြောင့် ပြည်တွင်းကစားသမားဖြစ်သည့် ဧရာဝတီ ဂိုးသမား ဗန်လားဟရွယ်ကို ရွေးချယ်ထားသည်။

MNL နိုင်ငံခြားသားများ ညွှန့်ပေါင်းအသင်းတွင် နည်းပြများအဖြစ် ဦးမျိုးလှိုင်ဝင်းနှင့် ဦးငွေထွန်း၊ လက်ထောက်နည်းပြအဖြစ် ဂျိုနသန်၊ ကစားသမားများအဖြစ် ဂိုးသမား-ဖာနန်ဒို(ရန်ကုန်)၊ ဗန်လားဟရွယ်(ဧရာဝတီ)၊ နောက်တန်း-မိုက်ကယ်(မကွေး)၊ အန်ဒါဆင်ဝက်စ်(ချင်း)၊ အဘူဘာကာ၊ ဟန်ဆန်(ဧရာဝတီ)၊ ကလစ်ဖို့ဒ်(ဇွဲကပင်)၊ အီဗရာဟင်မ်(ဇေယျာရွှေမြေ)၊ အလယ်တန်း-ဂတ်စတာမို (ရှမ်းယူနိုက်တက်)၊ ဂျူနီယာ(ဇွဲကပင်)၊ ဘမ်ဘာ၊ ဂျော့ဂျီ(ဟံသာဝတီ)၊ တာကူမူ(ဧရာဝတီ)၊ ရှေ့တန်း-ဗစ်တာ(ဇေယျာရွှေမြေ)၊ ကင်မ်(ဇွဲကပင်)၊ အီမန်စ်(ဟံသာဝတီ) နှင့်ခရစ္စတိုဖာ(ဧရာဝတီ)တို့ ပါဝင်ကြသည်။ ၎င်းအသင်းသည် ဧပြီ ၂၉ ရက် နှင့် ၃၀ ရက်တို့တွင် နှစ်ရက်ကြာ လေ့ကျင့်မှုများပြုလုပ်ရန် စီစဉ်ထားပြီး ကစားသမား ၁၅ ဦးသာ ပါဝင်သောကြောင့် လေးဦးသာ လူစားလဲမှု ပြုလုပ်နိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် MNL နိုင်ငံခြားသားများ ညွှန့်ပေါင်းအသင်းတို့၏ ခြေစမ်းပွဲကို မေ ၁ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပရိသတ်များ အခမဲ့ကြည့်ရှုအားပေးနိုင်မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**



**ညွှန့်ပေါင်းအသင်းတွင်ပါဝင်လာသည့် နိုင်ငံခြားသားကစားသမားများ MNL ပြိုင်ပွဲ၌ ယှဉ်ပြိုင်နေစဉ်** ဓာတ်ပုံ-ဖိုးသော်ဇင်

## ဧပြီ ၂၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဧပြီ ၂၆ ရက် (ဗုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၅၀၀ မှ ၄၃၅၀၀ |
| ၂။ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးတို(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၅၀၀ မှ ၂၇၅၀၀ |
| ၅။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၀၀၀ |
| ၆။ | ပြောင်းဆန် | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀ မှ ၄၆၅ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၈၀၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၁၅ မှ ၁၇၈၅ |
| ၉။ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၃၅ မှ ၁၆၅၀ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မြစ်သား၊ အောင်လံ၊မြင်းခြံ၊ ပခုက္ကူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၀ မှ ၆၅၀ |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀၀ မှ ၄၁၀၀ |
| ၁၂။ | ကြက်သွန်ဖြူ | ရှမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ မှ ၂၇၀၀ |
| ၁၃။ | ငရုတ်(ရှည်) | ကျောက်ရဲ၊ဝါးခယ်မ၊ရွှေလောင်း၊ ပန်းတနော်၊ အိမ်မဲ၊ ဗိုလ်ကန်မ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၅၀ မှ ၃၆၀၀ |
| ၁၄။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀ မှ ၆၀၀ |
| ၁၅။ | သရက်သီး(စိန်တစ်လုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၅၀၀၀ |
| ၁၆။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ မှ ၁၃၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

## မြန်မာ့ရုပ်မြင်သံကြား News Channel

**၂၈-၄-၂၀၁၆(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ - အနုပညာသတင်း အစီအစဉ်
၈း၃၅ - မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၁၃း၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါဂင်ချီ** (အပိုင်း-၈)
၁၄း၀၀ - မှတ်မှတ်သားသားပုံပြင်များ **ခက်တင်မောင်နှင်း** (ဘလိတ်၊ စောမြတ်နှိုး၊ စောယုနန္ဒာ) (ဒါရိုက်တာ-သီတာလင်း)

**ညပိုင်း**

၁၅း၃၅ - **ရှုမဆုံးတော့သည် လူချွန်လူကောင်း၏ ရုပ်ပုံလွှာ** (အပိုင်း-၁)
၁၆း၃၅ - Football Magazine (ရှမ်းယူနိုက်တက်အသင်း)
၁၇း၃၅ - ပြည်သူတို့ရဲ့စကားသံများ
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါဂင်ချီ** (အပိုင်း-၉)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေထီးဆောင်းမိသားစု** (အပိုင်း-၉)
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## အမြင့်ဆုံးအပူချိန် စံချိန်သစ်

**နေပြည်တော် ဧပြီ ၂၇**

ယနေ့မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားရေးမှူးဦးစီးဌာနမှ ထုတ်ပြန်သည့် အမြင့်ဆုံးအပူချိန်စံချိန်သစ်မှာ ဘီးလင်းစခန်းတွင် အမြင့်ဆုံးစံချိန်သစ်အဖြစ် ၃၉ ဒသမ ၈ ဒီဂရီစင်တီဂရိတ်(၁၀၃ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) ရှိခဲ့ပြီး ယခင်အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း ၃၉ ဒသမ ၇ ဒီဂရီစင်တီဂရိတ်(၁၀၃ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်)ဖြစ်ခဲ့သည်။ ယခင်စံချိန်ကျိုးခဲ့သည်နှစ်မှာ ၂၀-၄-၂၀၀၂ က ဖြစ်ပြီး စခန်းဖွင့်သည့် နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း ၅၁ နှစ်ဖြစ်သည်။

**(မြန်မာ့အလင်း)**









## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက် အကွက်အမှတ် (၃၄)ကိုးသိန်းအရှေ့ကွက် ဦးပိုင်အမှတ် (၃-က) ဧရိယာ ၃၄ဒသမဖ၆၄ဧကရှိမြေကို ဦးကိုနိုင် (ဂေါက်ကလပ်အတွင်းရေးမှူး)က မြေငှားဂရန် (အသစ်) ချထားပေးပါရန်လည်းကောင်း၊ ပုသိမ်မြို့အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃၃)ကိုးသိန်းအကွက်၊ ဦးပိုင်အမှတ်(၄)ဧရိယာ ၂၅ဒသမ ၂၆၇ဧကရှိ မြေကို ဦးကိုနိုင် (ဂေါက်ကလပ်အတွင်းရေးမှူး)က မြေငှားဂရန် (အသစ်) ချထားပေးပါရန်လည်းကောင်း၊ ပုသိမ်မြို့၊ အမှတ် (၃)ရပ်ကွက်၊ အကွက်အမှတ် (၃၀)၊ ကန်သုံးဆင့်အကွက် ဦးပိုင်အမှတ် (၃၇၊ ၃၈)ဧရိယာ ၁၃ဒသမ ၁၂၃၇ဧကရှိမြေကို ဦးကိုနိုင် (ဂေါက်ကလပ်အတွင်းရေးမှူး)က မြေငှားဂရန်(အသစ်) ချထားပေးပါရန်လည်းကောင်း လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

ထင်သာမြင်သာ ပြုပြင်စရာ

## ပျဉ်းမနားမြို့မဈေးဝန်းကျင်လမ်းများ၌ လမ်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပွား



နေ့စဉ်လိုလို ဈေးရောင်းဈေးဝယ် ခရီးသွားများနှင့် စည်ကားလျက်ရှိသော ပျဉ်းမနားမြို့မဈေး တစ်ဝိုက်ရှိ လမ်းများတွင် ဈေးဆိုင်များက အဖီရှေ့ထုတ်ခြင်း၊ ပလက်ဖောင်းပေါ်အထိ ခင်းကျင်းရောင်းချခြင်း၊ အနေးယာဉ်များ စည်းကမ်းမဲ့စွာ ရပ်နားခြင်းများကြောင့် လမ်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားနေကြောင်း ပျဉ်းမနားမြို့ခံများက ပြောသည်။

ပျဉ်းမနားမြို့တွင်းလမ်းများသည် အမှန်တကယ် မကျဉ်းသော်လည်း ဆိုင်များက ပစ္စည်းများကို ရှေ့ထုတ်ရောင်းသဖြင့် လမ်းများမှာကျဉ်းသလို ဖြစ်နေခြင်း၊ အချို့ဆိုင်များဆိုလျှင် လမ်းဘေး ရေမြောင်းအဖုံးပေါ်ထိ ခင်းကျင်းရောင်းချမှုများကြောင့် ခြေကျင်လျှောက်သူများက လမ်းပေါ်ဆင်း၍ သွားလာရခြင်း၊ ပိုမိုဆိုးရွားသည်က အများသူငှာသွားလာနေသည့် လမ်းပေါ်ကို "ဆိုင်ရှေ့ယာဉ်ပိတ်မရပ်ရ" ဆိုင်းဘုတ်များ၊ ကြော်ငြာဆိုင်းဘုတ်များ ချထားမှုက ပိုမိုဆိုးရွားစေပြီး လမ်းများပေါ်တွင် ဆိုက်ကားများက ကပ်ပြီး ရပ်ခြင်း၊ ယာဉ်ငယ်များ ထပ်ပြီး ရပ်ခြင်းများကြောင့် လမ်းပိတ်ဆို့မှုတွေ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

ဈေးပတ်ဝန်းကျင်လမ်းများဖြစ်သည့် ဗိုလ်ချုပ်လမ်း၊ ဗိုလ်တောက်ထိန်လမ်းများကို တစ်လမ်းသွားစနစ် သတ်မှတ်ထားသော်လည်း မော်တော်ဆိုင်ကယ်များ၊ ဆိုက်ကားများနှင့် စက်ဘီးများက လိုက်နာမှုမရှိဘဲ နံနက်အစောနှင့် ညနေပိုင်းအချိန်များတွင်လမ်းပြောင်းပြန်မောင်းနှင်မှုများကြောင့် လမ်းပိတ်ဆို့မှုနှင့် ကျပ်တည်းမှုများ ပိုမိုဖြစ်ပွားနေလျက်ရှိသဖြင့် ယာဉ်မတော်တဆမှုများနှင့် အများပြည်သူများသွားလာမှု ခက်ခဲလျက်ရှိကြောင်း သိရသည်။

**ရွှေကုက္ကို**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းများ ဖွင့်လှစ်မည်

**မန္တလေး ဧပြီ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေးမြို့)၏ အပ်ချုပ်သင်တန်းများနှင့် အစာအစားသင်တန်းများ အပတ်စဉ်(၃/၂၀၁၆)ကို အဆိုပါသင်တန်းကျောင်းတည်ရှိရာ ချမ်းအေးသာစံ ၈၃လမ်း၊ ၂၅×၂၆ လမ်းကြားရှိ သင်တန်းကျောင်းခန်းမ၌ မေ ၂ ရက်မှ ဇွန် ၁၀ အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် စက်ချုပ်သင်တန်း ၊ အစာအစားသင်တန်းများ ပါဝင်မည်ဖြစ်ပြီး ညနေ (အထူး) သင်တန်းများအဖြစ် အနောက်တိုင်း၊ အရှေ့တိုင်း အစာအစား၊ သစ်သီးသီးနှံ၊ ပန်းထိုးအလှဆင်နည်း၊ ဧည့်ခံကျွေးမွေးရေးသင်တန်း၊ ပန်းအလှပြင်သင်တန်း၊ စက်အသေးပန်းထိုး သင်တန်း၊ စက်ကြီးပန်းထိုးသင်တန်း၊ စီးကွင့်ထိုးနည်း သင်တန်း၊ စနေ၊ တနင်္ဂနွေ အပ်ချုပ်သင်တန်းများ၊ မြန်မာသတို့သမီးဝတ်စုံ (ထိုင်မသိမ်း) သင်တန်း၊ ဆံပင်မိတ်ကပ်သင်တန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းများကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ငူ၊ ပုသိမ်၊ မြစ်ကြီးနား၊ ဖျာပုံနှင့်စစ်တွေမြို့တို့တွင် ဖွင့်လှစ်ထားရှိပြီး ရှောင်တွင် မတ် ၁၉ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သောက်သုံးရေရှားပါး ပြတ်လပ်ခဲ့သော ကျေးရွာသို့ ရေများသွားရောက်လှူဒါန်း

**ညောင်လေးပင် ဧပြီ ၂၇**

ယခုနှစ်နွေရာသီတွင် အယ်နီညိုနှင့်ဆက်စပ်၍ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု အောင်ကြီးကျေးရွာတွင် သောက်သုံးရေရှားပါးပြတ်လပ်ခဲ့သည်။ အောင်ကြီးကျေးရွာတွင် ပေ ၃၈၀ စက်ရေတွင်းတစ်တွင်း၊ မြေသားရေကန်နှစ်ကန်၊ ရေတွင်း ၁၀ တွင်း၊ လက်နှိပ်ရေတုံကင်များ အသုံးပြုကြကြောင်းသိရပြီး တွင်းများအားလုံးနှင့်ရေကန်များမှ ရေများသည် ရေငန်ခြင်း၊ အဝါရောင်သန်းပြီး သောက်သုံးရန် မသင့်တော်ဘဲ သုံးရေအဖြစ်သာသင့်တော်ကြောင်း၊ ရေကန်နှစ်ခုမှရေများမှာလည်း ခန်းခြောက်လာခြင်းတို့ကြောင့် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် သောက်ရေအတွက် ရှားပါးပြတ်လပ်မှုဖြစ်ပေါ်လာခဲ့သည်။



တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှ မြို့နယ်ကျေးရွာကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဧပြီ ၂၅ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့်အတူ ရေသယ်ယာဉ်ဖြင့် အဆိုပါကျေးရွာသို့သောက်ရေဂါလန် ၆၄၀၀ တို့ကို သွားရောက်လှူဒါန်းပေးခဲ့သဖြင့် ဒေသခံပြည်သူများက ဝမ်းသာလျက်ရှိကြောင်းနှင့် ဆက်လက်လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ရေရှားပါးသည့် ဒေသများသို့ ရေလှူဒါန်း

**ကော့မှူး ဧပြီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေ အခက်အခဲရှိသော ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်းလျက်ရှိရာ ဧပြီ ၂၃ ရက်က သောက်သုံးရေရှားပါးသော မဝန်းကျေးရွာ၊ ကမာပတ်ကျေးရွာ၊ ဆပ်ချောင်ကျေးရွာများသို့ ရေဂါလန် ၆၀၀ ဆံ့ ရေသယ်ယာဉ် သုံးစီးဖြင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် သွားရောက်ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

သတင်းတိုထွာ

## ကြက်၊ ငှက်တုပ်ကွေးမဖြစ်ပွားရေး သန့်ရှင်းရေးဆောင်ရွက်

**နောင်ချို**

နောင်ချိုမြို့သည် အဓိကကြက်မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး ကြက်များတွင် ကြက်၊ ငှက်၊ တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ကြက်ခြံများကို ထုံးဖြူးခြင်း၊ အပူဒဏ်ကာကွယ်ရေးအတွက် လေကောင်း လေသန့်များ ဝင်ရောက်နိုင်စေရေးအတွက် ကြက်မွေးမြူရေးခြံတိုင်း ဆောင်ရွက်ကြကာ ယခုအချိန်အထိ ကြက်များ ရောဂါများဖြစ်ပွားခြင်းမရှိသေးကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားကူးစက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စလင်းမြို့ မြို့မဈေးရှိ ကြက်ဉကြက်သားအရောင်းဆိုင်များကို ဧပြီ ၂၃ ရက်က မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဌာနနှင့် စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးနေမန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပါဝင်ပြီး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## သူငယ်တန်း (KG)သင်ဆရာလေ့ကျင့်ရေးသင်တန်းဖွင့်

**ပျဉ်းမနား**

နေပြည်တော် ပညာရေးဌာန သူငယ်တန်း KG သင်ဆရာ ဆရာမများ လေ့ကျင့်ရေးသင်တန်းဖွင့်လှစ်ခြင်းကို ဧပြီ ၂၆ ရက်က ပျဉ်းမနားမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ပျဉ်းမနားမြို့နယ် ပညာရေးမှူး ဦးသန်းလင်းက အမှာစကားပြောကြားသည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၄၈ ဦး၊ လေ့လာသူ ၁၁ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

**အထက်မင်းလှ**

သရက်ခရိုင် မင်းလှမြို့နယ် အခြေခံပညာအထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ ဧပြီ ၂၆ ရက်က သူငယ်တန်း(KG)သင် ဆရာ ဆရာမ လေ့ကျင့်သင်တန်းပေးရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြ ၂၀ တို့က သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၃၀၀ တို့အား သင်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

**ဆားလင်းကြီး**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် သူငယ်တန်း (KG) သင် ဆရာ ဆရာမများ လေ့ကျင့်သင်တန်းပေးရေးမြို့နယ်အဆင့် ဆင့်ပွားသင်တန်း ကို ဆားလင်းကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမြတ်သဇင်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကို ဧပြီ ၂၆ ရက်မှ မေ ၁၀ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသားဆရာ ဆရာမ ၂၃၁ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

**ကျောက်တံခါး**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမဆောင်၌ ဧပြီ ၂၆ ရက်က KG သူငယ်တန်းဆရာ ဆရာမများ လေ့ကျင့်သင်တန်းပေးရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။ အဆိုပါ သင်တန်းတွင် သင်တန်းသားဆရာ ဆရာမ ၃၉၇ ဦး၊ လေ့လာသူ ၄၃ ဦးတို့အား သင်တန်းနည်းပြ ၂၀ တို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

**မြိုင်**

ပညာရေးဝန်ကြီးဌာန၊ သူငယ်တန်း KG လေ့ကျင့်သင်တန်းပေးရေးမြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဧပြီ၂၆ ရက်က မကွေးတိုင်းဒေသကြီး မြိုင်မြို့ နံ့သာမြိုင်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြိုင်မြို့နယ် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းက အမှာစကားပြောကြားပြီး သင်တန်းမှူး ဒုတိယ ပညာရေးမှူး ဦးမြင့်လွင်က သင်တန်းစည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

သင်တန်းတွင် သင်တန်းနည်းပြဆရာ ၂၆ ဦးတို့က သင်တန်းသား ဆရာ ဆရာမ ၅၁၁ ဦးတို့အား မေ ၁၀ ရက်အထိ စာတွေ့လက်တွေ့သရုပ်ပြ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# ရာသီဥတုပြောင်းလဲခြင်းနှင့် ကစဥ့်ကလျားမိုးလေဝသ

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာ့အရပ်ဒေသတစ်ခု၏ တစ်ရက်တာအချိန်အတွင်း၌ဖြစ်ပေါ်သော အပူအအေး၊ လေတိုက်ခတ်မှု၊ နေသာမိုးအုံ့ဖြစ်ပေါ်မှု၊ မိုးရွာသွန်းမှု၊ မိုးသက်လေပြင်းတိုက်ခတ်မှု၊ မိုးကြိုးပစ်မှုစသည့် ဖြစ်ရပ်များအားလုံးကို ထိုအရပ်ဒေသ၏မိုးလေဝသဟု ခေါ်ဆိုသည်။ တစ်နည်းဆိုရသော် မိုးလေဝသဟူသည်မှာ အရပ်ဒေသတစ်ခု၏ တစ်ရက်တာကာလအတွင်း၌ သဘာဝအလျောက် ဖြစ်ပျက်ပြောင်းလဲနေသော အခြေအနေအရပ်ရပ်ပင် ဖြစ်သည်။

ထိုသို့သော တစ်ရက်တာမိုးလေဝသအခြေအနေများကို ရက်ကာလကြာရှည်စွာ မှတ်တမ်းတင်ပြီးသည့်အခါ မိုးလေဝသအခြေအနေချင်း ဆင်တူသော သို့တည်းမဟုတ် နီးစပ်တူညီသော သို့တည်းမဟုတ် တစ်ထပ်တည်းကျနေသော နေ့ရက်များကို တစ်ဆက်တည်း စုစည်းပေးခြင်းဖြင့် အဆိုပါအရပ်ဒေသ၏ ရာသီဥတုအနေအထားကို သတ်မှတ်ထုတ်ပြန်လာနိုင်သည်။

မိုးရွာသွန်းမှုများပြားသောနေ့ရက်များ ဆက်တိုက်ဖြစ်ပေါ်သည့်ကာလကို မိုးဥတုဟူ၍လည်းကောင်း၊ အအေးပိုသောနေ့ရက်များ ဆက်တိုက်ဖြစ်ပေါ်သည့်ကာလကို ဆောင်းဥတုဟူ၍လည်းကောင်း၊ ပူပြင်းခြောက်သွေ့သောနေ့ရက်များ ဆက်တိုက်ဖြစ်ပေါ်သည့်ကာလကို နွေဥတုဟူ၍လည်းကောင်း သတ်မှတ်ထားကြသည်။ အချို့သောအရပ်ဒေသများတွင် ဆောင်းအကုန်နွေအကူးကာလ၏ မိုးလေဝသအခြေအနေမှာ ရက်ရှည်လများ ဖြစ်ပေါ်နေသည့်အတွက် နွေဦးရာသီဟူ၍လည်းကောင်း၊ မိုးနှောင်းကာလနှင့် ဆောင်းမဝင်မီစပ်ကြား မိုးလေဝသအခြေအနေများမှာ ရက်ရှည်လများ ဖြစ်ပေါ်နေသဖြင့် ဆောင်းဦးရာသီဟူ၍လည်းကောင်း ထူးခြားသောရာသီဥတုမျိုး ရှိနေကြသည်။

ကမ္ဘာ့အရပ်ဒေသ အသီးသီးတို့သည် မတူညီသော ပထဝီသွင်ပြင်အနေအထားများကြောင့် အမျိုးမျိုးသော မိုးလေဝသအခြေအနေများ ဖြစ်ပေါ်နေကြသလို. . . ကွဲပြားသောရာသီဥတုများကိုလည်း ပိုင်ဆိုင်ထားလျက်ရှိနေကြသည်။ ထို့ကြောင့်ပင် ကမ္ဘာ့မြောက်ခြမ်းရှိ အမေရိကန်နှင့် ဥရောပနိုင်ငံများ၌ ကမ္ဘာ့အလယ်ပိုင်းဒေသနိုင်ငံများနှင့်မတူညီသော ရာသီဥတုမျိုးရှိနေကြသလို. . . ကမ္ဘာ့အလယ်ပိုင်းဒေသ နိုင်ငံများသည်လည်း ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ချီလီနှင့် အာဂျင်တီးနားကဲ့သို့သော နိုင်ငံများနှင့် မတူကွဲပြားသည့်ရာသီဥတုမျိုး ရှိနေကြခြင်းဖြစ်သည်။

ကမ္ဘာ့တောင်ပိုင်းဒေသနိုင်ငံများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် စင်ကာပူမြို့ပြနိုင်ငံတို့သည်ပင်လျှင် အီကွေတာရပ်ဝန်းဒေသနိုင်ငံများ ဖြစ်ကြပါလျက် ရာသီဥတုချင်း တူညီမှုမရှိကြပေ။ မြန်မာနိုင်ငံ၌ နွေဥတု၊ မိုးဥတုနှင့် ဆောင်းဥတုဟူ၍ သုံးရာသီရှိနေသော်လည်း အီကွေတာနှင့် ပိုမိုနီးကပ်သည့် စင်ကာပူ၌ တစ်နှစ်ပတ်လုံး နေပူလိုက်မိုးရွာလိုက် ဆက်တိုက်ဖြစ်ပေါ်သော အီကွေတာရာသီဥတု တစ်နည်းဆိုရသော် ပူနွေးစွတ်စိုသည့်ရာသီဥတုမျိုး ရှိနေသည်။

ကမ္ဘာကြီး စိမ်းလန်းစိုပြည်ခဲ့စဥ်က ကမ္ဘာ့အရပ်ဒေသအသီးသီး၏ နေ့စဥ်မိုးလေဝသအခြေအနေများနှင့် ရာသီဥတုအနေအထားများမှာ ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုတို့၏ အပြန်အလှန် အမှီသဟဲပြုနေမှုများကြောင့် သဘာဝအလျောက် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကြီး မပျက်စီးသေးခင်အချိန်က . . . ဂေဟစနစ် ကောင်းစွာဖြစ်ထွန်းခဲ့သည့် အချိန်က. . . ဂေဟဗေဒ သဘောတရားအရ အပြန်အလှန်အမှီသဟဲပြုရင်း၊ အပြန်အလှန်အကျိုးပြုရင်း ဖြစ်ပေါ်ခဲ့ကြခြင်းဖြစ်သည်။

ယုတ်စွအဆုံး မျက်မှောက်ကာလနှင့် အနီးစပ်ဆုံးဟုပင် ဆိုရမည်ဖြစ်သော နယ်မြေသစ်စွန့်စားရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်စ်က အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခဲ့သည့် ၁၅၀၂ ခုနှစ်အထိ တစ်နည်းအားဖြင့် ၁၆ ရာစုနှစ် အစအဦးပိုင်းအချိန်အထိ ကမ္ဘာ့မိုးလေဝသအခြေအနေများနှင့် ရာသီဥတုတို့မှာ ပြင်ပပယောဂမပါဘဲ သဘာဝအလျောက်သာ ဖြစ်ပေါ်ပြောင်းလဲနေခဲ့ကြသည်။

သို့ရာတွင် ကမ္ဘာ့မြောက်ခြမ်းရှိ ဥရောပနိုင်ငံများ၌ စက်မှုအတတ်ပညာများ စတင်ဖွံ့ဖြိုးတိုးတက်လာချိန် နောက်ပိုင်းမှစ၍ မိုးလေဝသအခြေအနေနှင့် ရာသီဥတုတို့ဖြစ်ပေါ်သည့် ဖြစ်စဥ်အရပ်ရပ်အပေါ် ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုတို့က ရာနှုန်းပြည့်ဖန်တီးခွင့် မရရှိကြတော့ပေ။ အကြောင်းမူကား. . . မိုးလေဝသ အခြေအနေနှင့် ရာသီဥတုဖြစ်စဥ်တို့အပေါ်၌ သက်ရှိလူသားတို့ကပါ ဝင်ရောက်ခြယ်လှယ် လွှမ်းမိုးဖန်တီးလာကြသောကြောင့်ပင် ဖြစ်သည်။

ကမ္ဘာ့လူသားတို့သည် လွန်ခဲ့သည့် နှစ်ပေါင်းတစ်သောင်းခန့်မှစ၍ စိုက်ပျိုးရေးလုပ်ငန်းများကို စတင်လုပ်ဆောင်လာခဲ့ကြသည်။ သစ်ပင်သစ်တောနှင့် ဇီဝမျိုးစုံတို့၏ အပြန်အလှန် အမှီသဟဲပြုနေကြသော ဂေဟစနစ်ကြီးသည် ထိုအချိန်ကတည်းက စတင်ပျက်ယွင်းလာခဲ့သည်။ သဘာဝအလျောက်ပေါက်ရောက်နေသော သစ်ပင်နှင့် သစ်တောအုပ်များကို ခုတ်ထွင်ရှင်းလင်း၍ မိမိတို့အလိုရှိရာအပင်များကို ကမ္ဘာ့မြေလွှာပေါ်၌ စတင်စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်တစ်ပင်ကို ခုတ်ထွင်ရှင်းလင်းတိုင်း အင်းဆက်ပိုးမွှားများနှင့် အဏုဇီဝပိုးမွှားများအဖို့ ခိုလှုံရာကင်းမဲ့ခြင်း၊ စားကျက်ပျောက်ဆုံးခြင်း၊ ရှင်သန်ပေါက်ပွားရန် ခက်ခဲလာခြင်း၊ မျိုးသုဥ်းပျောက်ကွယ်ခြင်းစသော အပျက်တရားများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်ဖြစ်ရာ. . . လူတို့၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရှင်းလင်းခုတ်ထွင်လိုက်သော ဟက်တာပေါင်းသိန်းသန်းချီရှိသည့် အဝန်းအဝိုင်းအတွင်း သဘာဝပေါက်ပင် မည်မျှပျက်စီးမည်. . . ဇီဝမျိုးစိတ်ပေါင်း မရေမတွက်နိုင်အောင် ပျက်ကိန်းကြုံကြရမည်ကို တွေးကြည့်ရုံဖြင့်ပင် လွယ်လင့်တကူ သိနိုင်မည်ဖြစ်သည်။

သို့ရာတွင် စိုက်ပျိုးရေးလုပ်ငန်း စတင်ထွန်းကားချိန်၌ ကမ္ဘာ့သစ်ပင်သစ်တော စုစုပေါင်းပမာဏနှင့် နှိုင်းစာလျှင် ခုတ်ထွင်ရှင်းလင်းခံရသော သစ်ပင်သစ်တောမှာ အနည်းစုမျှသာဖြစ်သည့်အတွက် ဂေဟစနစ်ပျက်ယွင်းသည့်တိုင် ကမ္ဘာ့မိုးလေဝသနှင့် ရာသီဥတုဖြစ်စဥ်များအပေါ် အကျိုးသက်ရောက်မှုက မရှိသလောက် နည်းပါးခဲ့သည်။



စက်မှုတော်လှန်ရေးကာလ ရောက်ရှိချိန်နောက်ပိုင်းမှသာလျှင် ကာဗွန်ဓာတ်ငွေ့အပါအဝင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ လေထုထဲသို့စွန့်ထုတ်မှု တစ်စတစ်စတိုး၍ များပြားလာခဲ့ရာ. . . ကမ္ဘာ့အရပ်ရပ်ရှိ သစ်ပင်သစ်တောများက စုပ်ယူသိုလှောင်ပေးထားနိုင်သော ကာဗွန်ဓာတ်ငွေ့ပမာဏကိုပင် ကျော်လွန်လာခဲ့သည်။ သစ်ပင်သစ်တောများနည်းတူ ကမ္ဘာပေါ်ရှိ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များကလည်း ကာဗွန်ဓာတ်ငွေ့များကို စုပ်ယူပေးနေကြပါလျက်နှင့် ယင်းကဲ့သို့ သစ်ပင်သစ်တောနှင့် ပင်လယ်သမုဒ္ဒရာတို့က စုပ်ယူနိုင်စွမ်းကို ကျော်လွန်းလွန်မြောက်အောင် စွန့်ထုတ်နေကြသော ကာဗွန်အပါအဝင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များသည် ကမ္ဘာမြေကြီးကို ဖန်လုံအိမ်ကြီးတစ်ခုအဖြစ် အုပ်မိုးကာရံထားလိုက်ကြတော့သည်။

ဖန်လုံအိမ်ဖြစ်လာသော ကမ္ဘာကြီးသည် နေမှကျရောက်လာသော ရောင်ခြည်အလင်းတန်းများကို ကမ္ဘာ့အပြင်ဘက်သို့ အပြည့်အဝ ပြန်ထုတ်ပေးနိုင်စွမ်းမရှိတော့သဖြင့် သိသာစွာ ပူနွေးလာတော့သည်။ ကမ္ဘာကြီးပူနွေးလာမှု (Global Warming) ဖြစ်စဥ်သည် ကမ္ဘာ့မိုးလေဝသ အခြေအနေနှင့် ရာသီဥတုတို့အပေါ် လွှမ်းမိုးချုပ်ကိုင်သည့် လူတို့၏ပယောဂများ ဖြစ်လာကြသည်။

ထို့ကြောင့်ပင် ခေတ်သစ်သိပ္ပံပညာဆိုင်ရာ ရာသီဥတုဗေဒ၌ ရာသီဥတုကို ဖြစ်ပေါ်စေသော အကြောင်းတရားများတွင် ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုတို့ကိုသာမက လူတို့အပါအဝင် သက်ရှိတို့၏အခန်းကဏ္ဍဖြစ်သော ဘိုင်အိုစဖီးယား(Biosphere)ကိုပါ ထည့်သွင်းတွက်ချက်နည်းများဖြင့် ကဏ္ဍသစ်ဖွင့်လှစ်ခဲ့ကြရပြီဖြစ်သည်။ ဤသို့အားဖြင့် ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်တို့သည် ခေတ်သစ်မိုးလေဝသ ခန့်မှန်းတွက်ချက်နည်းများ၊ ရာသီဥတုဖြစ်စဥ်လေ့လာမှုများကို ခေတ်နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် လေ့လာနိုင်ခဲ့ကြသည်။

ထိုကဲ့သို့ လုပ်ဆောင်လာခဲ့ကြရာမှ နှစ်ဆယ်ရာစုနှောင်းပိုင်းအရောက်တွင် အလွန်ထိတ်လန့်ဖွယ်ကောင်းသော ကမ္ဘာလုံးဆိုင်ရာအခြေအနေတစ်ရပ်ကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ကြသည်။ ထိုအခြေအနေသည်ကား ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာနေခြင်းပင် ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်း (Climate Change)ဆိုသည်မှာ ရာသီဥတုတစ်ခုမှတစ်ခုသို့ ကူးပြောင်းခြင်းမျိုး မဟုတ်ဘဲ ရာသီခွင်တစ်ခုအတွင်း၌ ဖြစ်ရိုးဖြစ်စဥ်အခြေအနေများမှ သွေဖည်လာခြင်းကို ခေါ်ဝေါ်ခြင်းဖြစ်သည်။

သာဓကအားဖြင့် မိုးဥတုကာလတွင် ပုံမှန်ရွာသွန်းမြဲထက်ပိုမိုရွာသွန်းခြင်း၊ ပုံမှန်ရွာသွန်းမြဲအောက် မိုးရေချိန်လျော့ကျရွာသွန်းခြင်းနှင့် မိုးခေါင်နေခြင်း၊ နွေရာသီကာလ၌ ပုံမှန်အပူချိန်ထက် ပိုမိုမြင့်တက်ခြင်း၊ နွေခေါင်ခေါင်၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ နွေလယ်အပူချိန် ကျဆင်းခြင်း၊ ဆောင်းဥတု၌ ပုံမှန်ထက် အအေးပိုမိုလွန်ကဲခြင်း၊ အအေးပေ့ါခြင်း၊ အေးမြသောရက်ကာလ တိုတောင်းခြင်း စသည်တို့သည် မိုးလေဝသအခြေအနေ ကစဥ့်ကလျားဖြစ်ခြင်းနှင့် ရာသီဥတုပြောင်းလဲနေခြင်းတို့၏ ကြွန်အင်လက္ခဏာများ ဖြစ်ကြသည်။

ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်အချို့အနေဖြင့်မူ ကောက်ပဲသီးနှံများ ပုံမှန်ရင့်မှည့်ရမည့်အချိန်ထက် စော၍ရင့်မှည့်ခြင်း သို့တည်းမဟုတ် နောက်ကျပြီးမှ ရင့်မှည့်ခြင်း၊ ကမ္ဘာ့တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းရှိ အစဥ်အေးခဲနေသောရေခဲလွှာများ အရည်ပျော်ကျလာနေခြင်း၊ ပင်လယ်ရေတိမ်ပိုင်းရှိ သန္တာကျောက်တန်းများ ကွဲအက်ပျက်စီးလာခြင်း၊ သန္တာကျောက်တန်းအသစ် ဖြစ်တည်မှုထက် ပျက်စီးမှုက ပိုမိုများပြားလာခြင်း၊ ယခင်က အပူပိုင်းဒေသ၌သာ ပေါက်ပွားရှင်သန်နိုင်သည့်ခြင်များမှာ သမပိုင်းဒေသ၌ပါ ပေါက်ပွားရှင်သန်ပြီး လူတို့ကို ပြင်းထန်သောရောဂါပိုးများ ပိုမိုစွဲကပ်ကျရောက်စေခြင်း၊ တွားသွားသတ္တဝါအချို့နှင့် အင်းဆက်ပိုးအချို့ အရွယ်အစားလျော့ကျလာခြင်း စသည်တို့ကို ကြုံတွေ့နေကြရသည်။

ရှဥ့်နှင့်ကြွက်စသော တွားသွားသတ္တဝါများ၏ လေးဆယ်ရာခိုင်နှုန်းမှာ အရွယ်အစား သေးသွယ်လျော့ကျလာနေသလို. . . ပိုးတောင်မာများ၊ ပင့်ကူ၊ ပုရွက်နှင့် နကျယ်စသော အင်းဆက်ပိုးများ၏ ငါးဆယ်ရာခိုင်နှုန်းမှ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းမှာ အရွယ်အစား ကြုံလှီလာနေကြပြီ ဖြစ်သည်။ ရာသီဥတုပြောင်းလဲကာ အပူချိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းချိန်ပြောင်းလဲခြင်းနှင့် မိုးရွာသွန်းမှုပုံစံ ပြောင်းလဲခြင်းတို့ကြောင့် အဏုဇီဝရုပ်များမှသည်

**သစ်ပင်တို့၏ ဇီဝဖြစ်စဥ်အပေါ် အရွယ်အစားကြုံလှီလာနေခြင်းက သက်ရောက်မှုများစွာကို ဖြစ်ပေါ်စေသည်။ ကြီးထွားအရွယ်ရောက်ပြီးသော သစ်ပင်တစ်ပင်သည် နေ့စဥ် လူ ၁၈ ဦးစာအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို အလုံအလောက် ထုတ်လွှတ်ပေးနိုင်သလို. . .လေထုထဲသို့ ရေငွေ့လီတာပေါင်းများစွာကို ထုတ်လွှတ်ပေးနေခြင်းဖြင့်လည်း ပတ်ဝန်းကျင်အပူချိန်ကို လျှော့ချပေးနိုင်စွမ်းရှိသည်။ အရွယ်ရောက်သင့်သည့်အချိန်တွင် ကြုံလှီသေးသွယ်နေခြင်းကြောင့် အောက်ဆီဂျင်နှင့် ရေငွေ့ထုတ်လွှတ်နိုင်မှုများကို လျော့ကျစေလျက်ရှိသည်။**

စာမျက်နှာ ၁၇ သို့

# ဧရာဝတီမြစ်ရေတိုးလာ၍ ကသာမြို့နယ်အနီး စိုက်ပျိုးထားသော မြေပဲခင်းများ ရေမြုပ်



**ကသာ ဧပြီ ၂၇**
ကသာမြို့နယ်အနီး၌ ဧရာဝတီမြစ်ရေတိုးလာ၍ မြို့အနီးရှိကျေးရွာများတွင် စိုက်ပျိုးထားသော ဆီထွက်သီးနှံ မြေပဲပင်များ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

မြေပဲစိုက်ပျိုးထားသည့် တောင်သူတစ်ဦးက ယခုဧပြီလအတွင်း ဧရာဝတီမြစ်ရေတိုးခြင်း၊ မြစ်ကမ်းပါးများပြိုကျခြင်းနှင့် စိုက်ခင်းများ ရေနစ်မြုပ်ခြင်းကြောင့် အရှုံးကာမိရေးအတွက် မြေပဲဆန်တစ်တင်းလျှင် ၁၂၀၀ ကျပ်နှုန်းဖြင့် လုပ်သားများငှားရမ်း၍ မြေပဲများနုတ်နေကြသော်လည်း လိုအပ်သလောက် လုပ်သားဦးရေ မရသဖြင့် မြေပဲစိုက်တောင်သူများကိုယ်တိုင် လုပ်ကိုင်နေကြရကြောင်း၊ ထိုသို့လုပ်ကိုင်နေသော်လည်း ရေမှာ ပိုမိုမြင့်တက်လာနေပြီး မြေပဲပင်များကို ပို၍ရေမြုပ်လာခြင်းကြောင့် အရှုံးများလျက်ရှိကြောင်း ပြောသည်။

မြစ်ရေတိုးလာခြင်းကြောင့် နစ်မြုပ်ခဲ့သောစိုက်ခင်းများ၊ နစ်မြုပ်ဆဲစိုက်ခင်းများနှင့် ဆက်လက်၍ မြစ်ရေတိုးလာလျှင် နစ်မြုပ်နိုင်သေးသည့် ဆီထွက်မြေပဲပင်များ၏ အခြေအနေများ၊ ကျေးရွာများမှ ပြည်သူများ စိုက်ပျိုးထားသော သီးနှံပင်များ၏ အခြေအနေကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ အဖွဲ့များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ဧပြီ ၂၅ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့အတူ ဧရာဝတီမြစ်ရေတိုး၍ ရေနစ်မြုပ်သော ကသာမြို့နယ်အတွင်း ကျောက်ထုံးကြီး၊ မိုးတားနှင့် အင်းရွာဒေသများမှ မြေပဲစိုက်ခင်းများ၊ လူနေအိမ်ခြေများ ပျက်စီးဆုံးရှုံးမှု ဆိုးရွားစွာမဖြစ်ပေါ်စေရေးအတွက် လိုအပ်သည်များမှာကြားကာ အကူအညီများပေးခဲ့ကြောင်း သိရသည်။

ကသာမြို့၌ ဧရာဝတီမြစ်ရေသည် ဧပြီ ၂၅ ရက်တွင် ၇၃၄ စင်တီမီတာရှိနေပြီး မြို့၏ စိုးရိမ်ရေမှတ်မှာ ၁၀၁၀ စင်တီမီတာဖြစ်၍ ကသာမြို့အနေဖြင့် မစိုးရိမ်ရသော်လည်း မြစ်ကမ်းတစ်လျှောက်၌ စိုက်ပျိုးထားသော မြေပဲခင်းများတွင်မူ ဆက်လက်ရေတိုးနေသဖြင့် အန္တရာယ်ဖြစ်ပေါ်နိုင်သောကြောင့် တောင်သူများအနေဖြင့် သီးနှံများကို စွန့်လွှတ်သင့်က စွန့်လွှတ်ကြရန်နှင့် ရေနက်ပိုင်းများသို့ မဆင်းကြရန်လည်း သက်ဆိုင်ရာဌာနများက လိုက်လံအသိပေး နှိုးဆော်လျက်ရှိသည်။

**ငွေအိုး(ကသာ)**

---

## ‘အနာဂတ်မန္တလေးဟာသင့်အတွက်’ ဆွေးနွေးပွဲ ကျင်းပမည်

**မန္တလေး ဧပြီ ၂၇**
မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း MRCCI က ကြီးမှူးကျင်းပမည့် ‘အနာဂတ်မန္တလေးဟာသင့်အတွက် (Future Mandalay is for You)’ ဆွေးနွေးပွဲနှင့်ပတ်သက်၍ အကြိုစာနယ်ဇင်းရှင်းလင်းပွဲကို ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ MRCCI ခန်းမ၌ ဧပြီ ၂၆ ရက်က ကျင်းပခဲ့သည်။

‘အနာဂတ်မန္တလေးဟာသင့်အတွက်’ ဆွေးနွေးပွဲကို ဧပြီ ၃၀ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ အောင်မြေသာစံမြို့နယ်ရှိ မန္တလေး အမျိုးသားကဇာတ်ရုံ၌ကျင်းပသွားမည်ဖြစ်သည်။ ဆွေးနွေးပွဲတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ဦးတင်ဇံကျော်၊ ဦးအောင်ချစ်ခင်၊ ဦးအောင်ဆန်းဝင်း၊ ဦးကျော်မင်း၊ ဦးခင်မောင်ဝင်းနှင့် ဒေါက်တာထွန်းထွန်းအောင်တို့က ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်ပြီး ဧည့်ပရိသတ်များအား ကံစမ်းမဲများ ဖောက်ပေးခြင်းများနှင့် အခြားဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကာ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်နိုင်ကြောင်း သိရသည်။

အကြိုစာနယ်ဇင်းရှင်းလင်းပွဲတွင် MRCCI ဥက္ကဋ္ဌ ဦးအောင်သန်းက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ‘အနာဂတ်မန္တလေးဟာသင့်အတွက်’ ဆွေးနွေးပွဲနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

**ကျော်ထူး(မန္တလေး)**

---

## သူငယ်တန်းသင် ဆရာ ဆရာမများ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**မလှိုင် ဧပြီ ၂၇**
ယခုပညာသင်နှစ်သစ်တွင် စတင်အကောင်အထည်ဖော်တော့မည့် သူငယ်တန်း(KG)သင်ရိုးသစ်အတွက် သင်ကြားပို့ချမည့် ဆရာ ဆရာမများအား လေ့ကျင့်ပေးရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ဧပြီ ၂၅ ရက်က မလှိုင် အထက ဧရာဝတီခန်းမဆောင်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၅ ရက်မှ မေ ၁၀ ရက်ထိ ၁၄ ရက်ကြာ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ မလှိုင်မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း ၁၈၅ ကျောင်းမှ တစ်ကျောင်းလျှင် ဆရာ ဆရာမ နှစ်ဦးနှုန်းဖြင့် ၃၇၀ ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လေးကျောင်းမှ ဆရာ ဆရာမ ရှစ်ဦး စုစုပေါင်း ၃၇၈ ဦး တက်ရောက်ကြောင်း သိရသည်။ သင်တန်းတွင် သူငယ်တန်းသင်ရိုးသစ်ပြောင်းလဲခြင်း၊ အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ သင်္ချာအခြေခံ၊ အနုပညာရသနှင့် တီထွင်ဖန်တီးမှုနယ်ပယ်၊ ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း၊ ကစားခြင်းဖြင့် သင်ယူခြင်းနည်းလမ်းများ၊ အကြောင်းအရာများ ပေါင်းစပ်သင်ကြားခြင်း၊ သရုပ်ပြသင်ကြားခြင်း၊ လက်တွေ့သင်ကြားခြင်း၊ ကလေးဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံသိမှတ်ဖွယ်ရာများ၊ စစ်ဆေးအကဲဖြတ်ခြင်း စသည့်ဘာသာရပ်များကို သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး(တာဝန်ခံ)ဦးစောဝင်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်ဒုတိယပညာရေးမှူး ဦးစောလွင်က သင်တန်းစည်းမျဉ်း စည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

**အောင်ဌေး(မလှိုင်)**

---

## ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုးလမ်း အဆင့်မြှင့်တင်

**မော်လူး ဧပြီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ မံဟဲကျေးရွာအုပ်စုရှိ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဧပြီ ၂၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းသည် ပြီးခဲ့သည့်နှစ် မိုးရာသီကာလအတွင်းက ရေတိုက်စားမှုကြောင့် ပျက်စီးကာ ရေထိန်းနံရံများကိုလည်း ရေတိုက်စားပျက်စီးခဲ့ခြင်းကြောင့် ကချင်ပြည်နယ် မြိုင်သာယာကျေးရွာနေ ရပ်မိရပ်ဖ ဦးကြီးမောင်က ဦးဆောင်ကာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၂၅ သိန်းနှင့် မံဟဲကျေးရွာအုပ်စုအတွင်းရှိ ပေကုန်းကျေးရွာနှင့် မြေပလ္လင်ကျေးရွာများမှ ပြည်သူများ၏ လုပ်အားဒါနဖြင့် အဆင့်မြှင့်တင် ပြုပြင်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

---

**စာမျက်နှာ ၁၆ မှ**
အသားစားသတ္တဝါကြီးများအထိ မျိုးစိတ်ပေါင်း ၄၅ ရာခိုင်နှုန်းနီးပါးမှာ မျိုးရိုးလိုက်ပြီး အရွယ်အစား သေးငယ်လာနေကြသည်။

အင်းဆက်ပိုးမွှားများ၊ တွားသွားသတ္တဝါများ၊ ကုန်းနေသတ္တဝါများနှင့် ရေနေသွေးအေးသတ္တဝါများသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် အပူချိန် တစ်ဒီဂရီဆဲလ်စီးယပ်စ် တိုးလာတိုင်း ဇီဝဖြစ်စဉ်ပြောင်းလဲမှု တစ်ဆယ်ရာခိုင်နှုန်း ဖြစ်ပေါ်လျက်ရှိနေကြသည်။ သာဓကအချို့အဖြစ်. . . ယခင်က တွားသွားသတ္တဝါတို့၏သွေးကို စုပ်ယူစားသုံးခြင်းမရှိသော ခြင်များမှာ ယခုအခါ တွားသွားသတ္တဝါတို့၏သွေးကိုပါ စုပ်ယူစားသုံးလာကြခြင်းနှင့် အသီးအရွက်ကိုသာစားသုံးသော မျောက်မျိုးစိတ်အချို့မှာ အသားကိုပါ စားသုံးလာကြခြင်းတို့ကို တွေ့မြင်နိုင်သည်။

ရာသီဥတုပြောင်းလဲခြင်း၏ ထင်ရှားသော အကျိုးဆက်ကြီးတစ်ခုကို သစ်ပင်သစ်တောကဏ္ဍ၌လည်း တွေ့မြင်နိုင်သည်။ ကမ္ဘာမြေပြင်ပေါ်ရှိ သစ်ပင်သစ်တောများသည် ကမ္ဘာမြေအတွက်လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက်ရှိနေကြသလို. . . ပင်လယ်သမုဒ္ဒရာနှင့် မြစ်ချောင်းအင်းအိုင်တို့၏ ရေပြင်အောက်ရှိ ရေညှိရေမှော်ပင်များကလည်း ကမ္ဘာမြေအတွက်လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ စုစုပေါင်း၏ ခုနှစ်ဆယ်ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက် ရှိနေကြသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်း၊ မြေ၏စိုထိုင်းဆ ပြောင်းလဲခြင်း၊ မြေဆီသြဇာဟုဆိုရမည်ဖြစ်သော မြေကြီးထဲရှိ ဒြပ်စင်အချိုးအစား ပြောင်းလဲခြင်းများဖြစ်ပေါ်ကာ အပင်များ သေးငယ်ကြုံလှီလာလျက်ရှိနေပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးနိုင်မှု ပမာဏမှာလည်း လျော့နည်းကျဆင်းလျက် ရှိနေသည်။

မြေကြီးထဲမှ အာဟာရများကိုစုပ်ယူကာ နေရောင်ဖြင့်ချက်လုပ်သည့် အလင်းဖွဲ့အစာချက်ဖြစ်စဉ်အတွင်း လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူကာ လေထုထဲသို့ အောက်ဆီဂျင်ဓာတ်ငွေ့နှင့် ရေငွေ့များကို ထုတ်လွှတ်ပေးနေကြသော သစ်ပင်တို့၏ ဇီဝဖြစ်စဉ်အပေါ် အရွယ်အစားကြုံလှီလာနေခြင်းက သက်ရောက်မှုများစွာကို ဖြစ်ပေါ်စေသည်။ ကြီးထွားအရွယ်ရောက်ပြီးသော သစ်ပင်တစ်ပင်သည် နေ့စဉ် လူ ၁၈ ဦးစာအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို အလုံအလောက် ထုတ်လွှတ်ပေးနိုင်သလို. . . လေထုထဲသို့ ရေငွေ့လီတာပေါင်းများစွာကို ထုတ်လွှတ်ပေးနေခြင်းဖြင့်လည်း ပတ်ဝန်းကျင်အပူချိန်ကို လျှော့ချပေးနိုင်စွမ်း ရှိသည်။ အရွယ်ရောက်သင့်သည့်အချိန်တွင် ကြုံလှီသေးသွယ်နေခြင်းကြောင့် အောက်ဆီဂျင်နှင့် ရေငွေ့ ထုတ်လွှတ်နိုင်မှုများကို လျော့ကျစေလျက်ရှိသည်။

ဒေသတစ်ခုအတွင်း ရေငွေ့ပါဝင်နှုန်းသည် အဆိုပါဒေသ၏ မိုးလေဝသ အခြေအနေအပေါ် များစွာအကျိုးသက်ရောက်စေသည်ဖြစ်ရာ. . . သစ်ပင်များ၏ ရေငွေ့ထုတ်လွှတ်နိုင်မှု နည်းပါးနေခြင်းက မိုးလေဝသအခြေအနေကို အဆိုးဘက်သို့ ဦးတည်စေလျက်ရှိသည်။ ဤသို့အားဖြင့် လူတို့၏ ပယောဂကြောင့်ဖြစ်ရသော ကာဗွန်ထုတ်လွှတ်မှု၊ ဖန်လုံအိမ်အာနိသင်၊ ကမ္ဘာကြီးပူနွေးမှု၊ မိုးလေဝသအခြေအနေ ကစဉ့်ကလျားဖြစ်မှု၊ ရာသီဥတုပြောင်းလဲမှုတို့သည် လူနှင့် သက်ရှိမျိုးစိတ်အားလုံးကို ဆိုးကျိုးများ ထပ်ဆင့်သက်ရောက်စေကာ. . . ထိုသို့သော ဆိုးကျိုးသက်ရောက်စေမှုများကပင် တစ်ဖန်ပြန်၍ မိုးလေဝသအခြေအနေကို ကစဉ့်ကလျားဖြစ်ပေါ်စေခြင်းဖြင့် အဆိုးသံသရာထဲ၌ လည်နေရမည့်အကြောင်းကို ဖန်လာစေသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲနေခြင်းကို တိုက်ဖျက်နိုင်ရေးသည် စိတ်ကူးယဉ်ဆန်နေရုံမျှဖြင့်. . . အမြင်ကောင်းအောင် ဟန်ဆောင်ဟန်ပြ လုပ်ဆောင်ပြနေရုံမျှဖြင့်. . . ကျော်လွှားပြီးမြောက်သွားနိုင်မည် မဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများက ပြည်သူလူထုကို နားလည်သဘောပေါက်အောင် နည်းလမ်းမျိုးစုံဖြင့် ရှင်းလင်းတင်ပြပြီး ပြည်သူ့အားဖြင့် ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ဆောင်ရွက်စေခြင်းတို့ဖြင့်သာ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ကြရမည်ဖြစ်သည်။

အခြေခံအကျဆုံးအနေဖြင့် ကမ္ဘာ့လူဦးရေ သန်းခုနှစ်ထောင်ကျော်တို့သည် လူတစ်ဦးချင်းက တစ်နှစ်လျှင် နှစ်လတ် သို့မဟုတ် နှစ်ရှည်ပင် တစ်ပင်စီကို ရှင်သန်အောင် စိုက်ပျိုးနိုင်ကြမည်ဆိုပါက နှစ်စဉ်ကမ္ဘာပေါ်၌ သစ်ပင်ကြီးများ သန်းခုနစ်ထောင်ကျော် တိုးပွားလာလိမ့်မည်ဖြစ်သည်။ အခြားတစ်ဖက်၌လည်း သစ်တောပြုန်းတီးမှုကိုဖြစ်စေသော မည်သည့်လုပ်ရပ်မျိုးကိုမဆို အစိုးရနှင့် ပြည်သူလူထုတို့က ထိထိရောက်ရောက် ဆန့်ကျင်ဟန့်တားနိုင်မည်ဆိုပါက ကမ္ဘာ့အပူချိန် ထပ်မံမြင့်တက်မလာနိုင်စေရေးအတွက် အတိုင်းအတာတစ်ရပ်အထိ အကျိုးသက်ရောက်မှု ရှိလိမ့်မည်ဖြစ်သည်။

လူ့ပယောဂကြောင့်ဖြစ်ရသော ရာသီဥတုပြောင်းလဲမှုနှင့် မိုးလေဝသ ကစဉ့်ကလျားဖြစ်မှုတို့ကို အသိဉာဏ်မြင့်မားသော လူတို့ကပင် ပြန်လည်ထိန်းကျောင်း တည့်မတ်ကြရမည်သာ ဖြစ်ပေသည်။ ။

# မြန်မာ့ပထမဆုံး အမှိုက်မှ လျှပ်စစ်ထုတ်စက် ဆက်လက်တည်ဆောက်လျက်ရှိ

**ရန်ကုန် မေ ၂၇**
မြန်မာနိုင်ငံ၏ ပထမဆုံး အမှိုက်မှစွမ်းအင်ထုတ်လုပ်သည့်စက်ရုံကို ရွှေပြည်သာမြို့နယ် လှော်ကား၌ ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက စတင်တည်ဆောက်ခဲ့ကာ နှစ်နှစ်အတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် စတင်ခဲ့ပြီး ယခု ခြောက်လတာကာလအတွင်း အမှိုက်ထားရှိမည့်ဂိုဒေါင်ကို တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ စက်တပ်ဆင်မည့် ပင်မစက်ရုံမှာ တည်ဆောက်နေဆဲဖြစ်ကြောင်း သိရသည်။ စက်ရုံတည်ဆောက်ပြီးစီးပါက မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့မှ ထွက်ရှိသော အမှိုက်များကို တစ်နှစ်လျှင် တန် ၆၀ အသုံးပြုပြီး လျှပ်စစ်စွမ်းအင်ထုတ်ယူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရုံတွင် ဂျပန်နိုင်ငံမှ နောက်ဆုံးပေါ်နည်းပညာကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အား ၇၀၀ ကီလိုဝပ်/နာရီ ထုတ်လုပ်ရရှိမည်ဖြစ်ပြီး ၄၀၀ ကီလိုဝပ်/နာရီကို စက်ရုံလည်ပတ်ခြင်းအတွက် အသုံးပြုကာ ပိုလျှံသော ၃၀၀ ကီလိုဝပ်/နာရီကို ပြန်လည်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ ရောင်းချရာတွင် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ညှိနှိုင်း၍ ဓာတ်အားတစ်ယူနစ်လျှင် ၅၇ ကျပ်နှုန်းဖြင့် ရောင်းချနိုင်ရန် သဘောတူညီထားကြောင်း သိရသည်။

စက်ရုံတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာအောင်မြင့်မော်က "အဓိကရည်ရွယ်ချက်က ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လျှော့ချဖို့ပေါ့။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဓာတ်ငွေ့တွေ၊ အမှုန်တွေနဲ့ပတ်သက်ပြီး ပြဿနာတွေ အများကြီးတက်နေတယ်။ ကျွန်တော်တို့ ရန်ကုန်မှာလည်း ဓာတ်ငွေ့နဲ့ပတ်သက်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်တာတွေ၊ ဆာလဖာဒိုင်အောက်ဆိုက်ထုတ်လွှတ်တာတွေ အမှုန်တွေများနေတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်က အမှိုက်ကနေ ဘယ်လိုထွက်သလဲဆိုတော့ မီသိန်းဓာတ်ငွေ့ထွက်တယ်။ မီသိန်းဓာတ်ငွေ့က ကာဗွန်ဒိုင်အောက်ဆိုက်ရဲ့ ၂၁ ဆပြင်းတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်က ကမ္ဘာမြေကြီးပူနွေးစေတယ်။ အမှိုက်ကိုမြေကြီးပေါ်မှာပုံမယ်ဆိုရင် မီသိန်းဓာတ်ငွေ့ ထွက်လာတာပေါ့။ မီသိန်းတစ်တန်က ကာဗွန်ဒိုင်အောက်ဆိုက်တွေ ၂၁ တန်ထွက်တာနဲ့ညီတယ်။ ဒီတော့ ကမ္ဘာကြီးပူနွေးတာကို ၂၁ ဆ ပိုပြီးတော့ ဖြစ်စေတယ်။ တစ်နည်းအားဖြင့် ထုတ်လွှတ်နေတဲ့ အငွေ့တွေကို ပြန်လည်လျှော့ချနိုင်ရေးအစီအမံနဲ့ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်"ဟုပြောကြားသည်။

စက်ရုံတည်ဆောက်ရာတွင် ခန့်မှန်းကုန်ကျမည့် ဒေါ်လာ ၁၆ သန်းအနက် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က ရှစ်သန်းစီ အကုန်အကျခံမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်းကို စိုက်ထုတ်သုံးစွဲထားပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဒေါ်လာ ၆ ဒသမ ၆ သန်းကို သုံးစွဲရန်လည်း ဘတ်ဂျက်လျာထားပြီးဖြစ်ကြောင်း သိရသည်။

စက်ရုံကို တည်ဆောက်ရာတွင် မြန်မာနိုင်ငံ၌ အဆိုပါ စက်ရုံတည်ဆောက်သည့်အတွေ့အကြုံမရှိခြင်းကြောင့် ဂျပန်နိုင်ငံဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဂျပန်နိုင်ငံတွင် တင်ဒါခေါ်ယူခဲ့ပြီး JFE ကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့၍ လုပ်ငန်းအပ်နှံခဲ့ကြောင်း သိရသည်။ စက်ရုံတွင် တပ်ဆင်အသုံးပြုမည့် စက်အစိတ်အပိုင်းများကို သင်္ဘော ၁၀ စင်းခန့်တင်ပို့မည်ဖြစ်ကာ မေ ၁၈ ရက်နှင့် ၂၁ ရက်များတွင် သင်္ဘောနှစ်စင်းရောက်ရှိခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိအချိန်တွင် ဂျပန်နိုင်ငံမှ ကျွမ်းကျင်သူများက စက်ရုံကို ဆက်လက်ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စက်ရုံဆောက်လုပ်ခြင်းကို စီစဉ်ကြီးကြပ်ခြင်း၊ ဥပဒေနည်းဥပဒေရေးရာများကို ဆောင်ရွက်ခြင်း၊ ပစ္စည်းအရည်အသွေး စစ်ဆေးခြင်းများကို ဆောင်ရွက်နေကြောင်း သိရသည်။
**ထင်ပေါ်ဝင်း(ကမာရွတ်)**



# စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ကျိုင်းတုံ မေ ၂၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မှ ပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန(ကျိုင်းတုံ)မှ ဦးစီးမှူး ဦးသန်းစိုးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူများ ရရှိသင့်သော အခွင့်အရေးများ၊ ကုန်ပစ္စည်းများ ဝယ်ယူရာတွင် စားသုံးသူများအနေဖြင့် သတိပြုရမည့်အချက်များ၊ စားသုံးသူအား ဆုံးရှုံးနစ်နာစေနိုင်သည့် အန္တရာယ်ရှိသော စားသောက်ကုန်ပစ္စည်းများအကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးအတွက် ဦးစီးဌာနအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အဆိုပါဌာနမှ ဝန်ထမ်းများက ဟောပြောပွဲ တက်ရောက်လာသူများအား စားသုံးသူ အကာအကွယ်ပေးရေးနှင့်ပတ်သက်၍ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ကျိုင်းတုံမြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။
**နိုင်ဇာ(ယောမြေ)**

# သူငယ်တန်းသင် ဆရာ ဆရာမများ လေ့ကျင့်ရေးဆင့်ပွားသင်တန်းဖွင့်

**ညောင်လေးပင် မေ ၂၇**
ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန သူငယ်တန်း(KG) ဆရာ ဆရာမများ လေ့ကျင့်သင်တန်းပေးရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို မေ ၂၆ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၂)ရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဆွေ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းနုတို့က သူငယ်တန်း(KG)သင်ရိုးသစ်နှင့်ပတ်သက်၍ ကဏ္ဍအလိုက်ရှင်းလင်းပြောကြားသည်။ သင်တန်းကို မေ ၂၆ ရက်မှ မေ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ရာ သင်တန်းသို့ ညောင်လေးပင်မြို့နယ်လုံးရှိ ကျောင်းပေါင်း ၁၇၂ ကျောင်း၊ ဗကကျောင်း ငါးကျောင်း၊ တွဲဖက်အမကျောင်း နှစ်ကျောင်း စုစုပေါင်း ကျောင်း ၁၇၉ ကျောင်းမှ ဆရာ ဆရာမများ၊ လေ့လာသူများ တက်ရောက်ကြကြောင်း သိရသည်။
**နေလင်း(ညောင်လေးပင်)**



# ငါ့သရောက်မြို့ မြနန္ဒာမြေသားမိုးရေလှောင်ကန်ကြီးတွင် ရာသီဥတုပူပြင်းခြင်းကြောင့် ရေများခန်းခြောက်စပြုလာ

**ငါ့သရောက် မေ ၂၇**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အမှတ်(၂)ဈေးကုန်းရပ်ကွက်အတွင်းရှိ မြနန္ဒာကန်တော်ကြီး မြေသားမိုးရေလှောင်ကန်ကြီးသည် နှစ်စဉ် မြို့ပေါ်ရပ်ကွက်လေးခုမှ ဒေသခံပြည်သူများကို သောက်သုံးရေအတွက် အကျိုးပြုနေသော ရေကန်ကြီးဖြစ်ပြီး ယခုအခါ ရာသီဥတုပူပြင်းလာသည့်ဒဏ်ကြောင့် ရေများလျော့နည်းလာပြီး တဖြည်းဖြည်း ခန်းခြောက်စပြုနေပြီဖြစ်သည်။

"ဒီမြနန္ဒာကန်တော်ကြီး မြေသားမိုးရေလှောင်ကန်ကြီးက နှစ်တိုင်းနှစ်တိုင်း မိုးဦးကျတဲ့အချိန်အထိ ရေခန်းတယ်ဆိုတာရှားပါတယ်။ ဒါပေမယ့် ဒီနှစ်တော့ အယ်နီညိုရာသီဥတု ပူပြင်းမှုကြောင့် ကန်ကြီးထဲကရေတွေ တဖြည်းဖြည်းနဲ့ လျော့နည်းခန်းခြောက်စပြုလာတာကို တွေ့ရပါတယ်။ ဒီကန်ကြီးထဲက ရေတွေ လုံးဝခန်းခြောက်သွားပြီဆိုရင်တော့ ကျွန်တော်တို့ ငါ့သရောက်မြို့ပေါ်က ပြည်သူတွေအနေနဲ့ အဝီစိစက်ရေတွင်းကိုပဲ မှီခိုအားထားရတော့မှာပါ။ နောက်ပြီး ကျွန်တော်တို့ဒေသက စိမ့်စမ်းရေတွင်းတွေကလည်း ဒီနှစ် ရာသီဥတုက အရမ်းပူပြင်းတော့ အခုဆို ရေတွင်းတိုင်း ရေထွက်အားတွေ နည်းကုန်ပါပြီ။ သောက်သုံးရေခပ်ဖို့အတွက် ရေစိမ့်ထွက်တာကိုထိုင်စောင့်ပြီး ရေခပ်ယူနေရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ငါ့သရောက်မြို့နယ်ကပြည်သူတွေအတွက် သောက်သုံးရေကို အဝီစိ စက်ရေတွင်းကိုပဲ မှီခိုအားထားရတော့မယ် ထင်ပါတယ်" ဟု အမှတ်(၂)ဈေးကုန်းရပ်ကွက်မှ ပြည်သူတစ်ဦးက ပြောသည်။

ရေကန်ကြီး ရေခန်းခြောက်စပြုသည့်အခြေအနေများ ဖြစ်လာသဖြင့် ငါ့သရောက်မြို့ခံပြည်သူများမှာ ကန်အတွင်းရှိ ရေအားလုံး ခန်းခြောက်သွားချိန်တွင် သောက်သုံးရေအခက်တွေ့မည်ကို စိုးရိမ်နေကြပြီး မိုးမြန်မြန်ရွာရန် မျှော်လင့်နေကြသည်ဟု ဒေသခံများက ဆိုသည်။
**ရဲဝင်းနိုင်(ညောင်ဦး)**

# အထကကျောင်းဆောင်သစ်နှင့် တိုက်နယ်ဆေးရုံ ဖွင့်ပွဲကျင်းပ

**ဝက်လက် မေ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွှေပန်းကုန်းကျေးရွာ၌ တိုက်နယ်ဆေးရုံနှင့်အထကကျောင်းဆောင်သစ် ဖွင့်ပွဲကို မေ ၂၂ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် အထကကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် ကျေးရွာရပ်မိရပ်ဖများက လည်းကောင်း၊ တိုက်နယ်ဆေးရုံသစ်ကို တာဝန်ခံဆရာဝန်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌတို့ကလည်းကောင်း ဖဲကြိုးဖြတ်ဖွင့်ခဲ့ကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင်က တိုက်နယ်ဆေးရုံမှ ဒေသခံများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။
**နန်းမြင့်(ဝက်လက်)**

# အသင်းကြီးတွေ အမှတ်ပြည့် ပြိုင်တူရယူကြဦးမယ့် လာလီဂါပွဲစဉ် (၃၆)

**မိုးမြင့်လင်းလက်**




စပိန်မြေက လာလီဂါပွဲစဉ် (၃၆) ကို ဧပြီ ၃၀ ရက်မှာ ဆက်လက်ကစားဖို့ ရှိနေပါတယ်။ ဘယ်အသင်း လာလီဂါဖလားဆွတ်ခူးပြီး ဘယ်အသင်း ဆင်းသွားမလဲ ဆိုတာကလည်း ပီပြင်ပြတ်သားမှုမရှိသေးတာမို့ အသင်းတိုင်းနောက်ဆုံးပန်းတိုင်အထိ အားသွန်ခွန်စိုက်ကြိုးစားနေရဆဲဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်တွေမှာတော့ အသင်းကြီးတွေအခြေအနေကောင်းပြီး ရမှတ်အပြည့်သိမ်းပိုက်ကာ အောင်ပွဲခံဖို့ရှိနေတာတော့ အမှန်ပါပဲ။

**ဆိုစီဒက်နှင့်ရီးရဲမက်ဒရစ်**

ဆိုစီဒက်တို့က အိမ်ကွင်းမှာဆိုရင် ရီးရဲမက်ဒရစ်ကို ဂိုးပြတ်သွင်း နိုင်ပွဲရယူခဲ့တဲ့ မှတ်တမ်းရှိထားပါတယ်။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင်တော့ ရီးရဲမက်ဒရစ်တို့က နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးထားတာမို့ ဆိုစီဒက်ကိုအထင်သေးလို့တော့မရပါဘူး။ လောလောဆယ်မှာတော့ ရီးရဲမက်ဒရစ်တို့က ပွဲတိုင်းနီးပါး နိုင်ပွဲတွေရယူနေတာမို့ အခုပွဲမှာ အဝေးကွင်းဖြစ်ပေမယ့် ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေ ဂိုးပြတ်သွင်း အောင်ပွဲခံနိုင်ရေး ကြိုးစားပါလိမ့်မယ်။ ဒီနှစ် လာလီဂါဖလားအတွက် မျှော်လင့်ချက်ရှိနေသေးတဲ့ ရီးရဲမက်ဒရစ်တို့က ဒီပွဲကိုမဖြစ်မနေ အနိုင်ရလဒ်ထွက်ပေါ်ရေး စွမ်းဆောင်မှာသေချာပါတယ်။

**ဘတ်တစ်နှင့် ဘာစီလိုနာ**

အခုတလောနိုင်ပွဲတွေဆက်နေတဲ့ ဘတ်တစ်တို့ကို ဘာစီလိုနာတို့ ခက်ခဲစွာရင်ဆိုင်ရမယ့်အနေအထားဖြစ်နေပါတယ်။ ပထမအကျော့ပွဲစဉ်မှာ လေးဂိုးပြတ်ရှုံးခဲ့တဲ့ ဘတ်တစ်တို့ အခုပွဲမှာ တစ်မှတ်ရနိုင်အောင် ကြိုးစားလာပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံပွဲမှာ ဘာစီလိုနာတို့ချည်း နိုင်ပွဲရခဲ့တာရှိပေမယ့် လက်ရှိအချိန်မှာ ဘတ်တစ်တို့က ပုံစံကောင်းတွေရရှိနေတာမို့ ဘာစီလိုနာတို့ ထင်သလောက် မလွယ်ပါဘူး။ ဒါပေမယ့် တစ်ဦးချင်းရော အသင်းလိုက်ပါ စွမ်းဆောင်ရည်မြင့်မားတဲ့ ဘာစီလိုနာကို ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ ဘတ်တစ်တို့ ခြေရည်တူကစားဖို့ ခက်ခဲပါလိမ့်မယ်။ ဘာစီလိုနာတို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

**ဂီဂျွန်နှင့်အီဘာ**

တန်းဆင်းဇုန်ထဲက ရုန်းထဖို့ အပြင်းအထန် အားထုတ်လာမယ့် ဂီဂျွန်တို့က အီဘာနဲ့ပွဲမှာ အမှတ်ရအောင်ယူပါလိမ့်မယ်။ အီဘာတို့က နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ကိုးပွဲဆက်တိုက်နိုင်ပွဲတွေ ပျောက်ဆုံးနေတာမို့ အခုပွဲမှာ ဂီဂျွန်တို့ အခွင့်အရေးကောင်းတွေ ရရှိသွားနိုင်ပါတယ်။ ဂီဂျွန်တို့က အီဘာနဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် အီဘာက နှစ်ပွဲနိုင်ပြီး ဂီဂျွန်က တစ်ပွဲသာနိုင်ထားခဲ့ပါတယ်။ ဒါပေမယ့် အခုပွဲက အိမ်ကွင်းဖြစ်တာမို့ ဂီဂျွန်တို့ အမှတ်ပြည့် ရယူသွားနိုင်တဲ့ပွဲပါပဲ။

**အက်သလက်တီကိုနှင့် ဗယ်လီကာနို**

အက်သလက်တီကိုတို့က အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို နိုင်ပွဲရအောင် ကြိုးစားနိုင်တဲ့ခြေစွမ်းရှိတာမို့ ဗယ်လီကာနိုတို့ ခက်ခဲတဲ့ပွဲဖြစ်ပါလိမ့်မယ်။ လာလီဂါဖလားကို မျှော်လင့်နေသေးတဲ့ အက်သလက်တီကိုတို့က အခုပွဲမှာ ပွဲပန်းနေပေမယ့် အသင်းလိုက် ကစားအားကောင်းမွန်တာမို့ တိုက်စစ်မှူးတွေရဲ့ သွင်းဂိုးနဲ့အတူ အောင်ပွဲခံဦးမှာဖြစ်ပါတယ်။

**ဂရန်နာဒါနှင့်လက်စ်ပယ်မက်စ်**

တန်းမဆင်းရရေးကြိုးစားမယ့် ဂရန်နာဒါရဲ့လက်ရှိအနေအထားက ဒီပွဲမှာ ရလဒ်ကောင်းမှ ရပါလိမ့်မယ်။ ဒီနှစ်သင်း နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုမှာ တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ လက်စ်ပယ်မက်စ်တို့ကလည်း တန်းဆင်းဇုန် မကျဆင်းအောင် ဒီပွဲကိုအားထည့် ကစားပြီး အနိမ့်ဆုံးတစ်မှတ်ရအောင် အားထုတ်လာမှာဖြစ်ပါတယ်။ အကြိုက်က ဂရန်နာဒါဖြစ်ပြီး အနိမ့်ဆုံးတစ်မှတ်တော့ ရနိုင်ပါလိမ့်မယ်။ လာလီဂါမှာ ဒီနှစ်သင်းရဲ့ စုစုပေါင်းတွေ့ဆုံမှုကိုကြည့်ရင် ဂရန်နာဒါက ၁၁ ပွဲနိုင်ပြီး လက်စ်ပယ်မက်စ်က ရှစ်ပွဲနိုင်ကာ သရေပွဲခြောက်ပွဲ ဖြစ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းက အားရစရာမရှိပေမယ့် အိမ်ရှင်ရဲ့ တန်းမဆင်းရရေး ရုန်းကန်အားကြောင့် သရေဖြစ်သွားနိုင်တဲ့ပွဲဖြစ်ပြီး အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်တဲ့ ပွဲပါပဲ။ ။




## မန်ယူနဲ့ပွဲ ဗာဒီလွဲချော်မည်

ဝက်စ်ဟမ်းနဲ့ပွဲမှာ အဝါကတ်ပြမှုကို ဒိုင်လူကြီးအား စောဒကတက်ခဲ့တဲ့ လက်စတာတိုက်စစ်မှူး ဗာဒီကို တစ်ပွဲပိတ်ပင်လိုက်တဲ့အတွက် လာမယ့်တနင်္ဂနွေနေ့ မန်ယူနဲ့ကစားမယ့်ပွဲမှာ လွဲချော်ဖို့ရှိပါတယ်။ ဗာဒီဟာ ဆွမ်ဆီးကို ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က လေးဂိုးပြတ်နဲ့အနိုင်ရတဲ့ပွဲမှာလည်း လွဲချော်ခဲ့တာပါ။ ဗာဒီဟာ ဝက်စ်ဟမ်းနဲ့တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့တဲ့ပွဲမှာ နှစ်ဝါတစ်နီနဲ့ ထွက်ခဲ့ရပါတယ်။ ဗာဒီဟာ ဒီနှစ်လက်စတာအသင်းကို ပရီမီယာလိဂ်ဖလား မျှော်မှန်းနိုင်အောင် အဓိကခြေစွမ်းပြကစားခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ ရာသီအစမှာ ၁၁ ပွဲဆက်တိုက်ဂိုးစံချိန်သွင်းယူခဲ့သူပါ။ လက်စတာအသင်းအနေနဲ့ မန်ယူနဲ့ကစားမယ့်ပွဲဟာ အလွန်အရေးကြီးတဲ့ပြိုင်ပွဲ တစ်ရပ်ပါ။ မန်ယူကိုအနိုင်ကစားနိုင်မယ်ဆိုရင် လက်စတာချန်ပီယံဖြစ်သွားပြီဖြစ်ပါတယ်။ သို့ပေမယ့် မန်ယူကလည်း ထိပ်ဆုံးလေးနေရာဝင်ဖို့ အလျှော့ပေးမှာ မဟုတ်ပါဘူး။ ဒီပွဲမှာ ဗာဒီမပါတဲ့အတွက် လက်စတာအသင်းအတွက်တော့ အားလျော့စရာပါပဲ။ သို့ပေမယ့်လည်း လက်စတာအသင်းဟာ ဒီနှစ်ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့ သေချာနေပါတယ်။ လောလောဆယ်ရမှတ်အသာ ရထားတဲ့အတွက် ဖလားရဖို့သေချာနေပါတယ်။

## မန်ယူပစ်မှတ်ထားနေတဲ့ ဘင်ဖီကာကွင်းလယ်ကစားသမား

မန်ယူက ဘင်ဖီကာကွင်းလယ်ကစားသမား ရေနာဒိုဆန်ချက်ဇ်ကို ပေါင် ၄၆ ဒသမ ၆ သန်းနဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ဆိုပါတယ်။ မန်ယူတာဝန်ရှိသူတွေနဲ့ ဘင်ဖီကာတိုက်စစ်မှူးကို ခေါ်ယူဖို့ ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိပါတယ်။ အသက် ၁၈ နှစ်အရွယ်သာရှိသေးတဲ့ ကွင်းလယ်ကစားသမား ရေနာဒိုဆန်ချက်ဇ်ကို မန်ယူက ဇန်နဝါရီလအပြောင်းအရွှေ့ကတည်းက ခေါ်ယူဖို့ ကြိုးစားနေတာပါ။ မန်ယူက သူ့ကိုခေါ်ယူဖို့ ပြန်ပြီးဆွေးနွေးမှုတွေပြုလုပ်နေတာပါ။ မန်ယူအနေနဲ့ ရေနာဒိုဆန်ချက်ဇ်ကို လေးနှစ်စာချုပ်နဲ့ စာချုပ်ဖွယ်ရှိနေပါတယ်။ ဘင်ဖီကာကတော့ သူ့ကို ပေါင်သန်း ၆၀ ရဖို့မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ မိုနာကိုအသင်းမှ မာရှယ်ကို မန်ယူကခေါ်ယူခဲ့ပြီးနောက် လူငယ်ခြေစွမ်းထက်တဲ့ ရေဒါဒိုဆန်ချက်ဇ်ကိုလည်း မန်ယူက အရခေါ်ယူဖွယ်ရှိနေပါတယ်။ သူဟာ ဘင်ဖီကာအသင်းမှာ အဓိကအားထားရတဲ့ ကစားသမားဖြစ်လာပါတယ်။





## အကောင်းဆုံးတိုက်စစ်မှူးဖြစ်လာနိုင်တဲ့ ဟယ်ရီကိန်း

အလန်ရှီးယားပြီးနောက် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ အင်္ဂလန်မှာ အကောင်းဆုံးတိုက်စစ်မှူးဖြစ်လာနိုင်တယ်လို့ ဂရာမီဆောင်းနက်စ်က ချီးကျူး ပြောဆိုလိုက်ပါတယ်။ ဟယ်ရီကိန်းဟာ ဒီနှစ်ပရီမီယာလိဂ်မှာ စပါးအသင်းချန်ပီယံဖြစ်ရေး အဓိကခြေစွမ်းပြကစားနေတာပါ။ ဒီနှစ်ထဲမှာ ပရီမီယာလိဂ်ဂိုး ၂၄ ဂိုးသွင်းယူထားပါတယ်။ နယူးကာဆယ်အသင်းရဲ့ နာမည်ကြီးဝါရင့်ကစားသမားကြီး အလန်ရှီးယားဟာ ဂိုးပေါင်း ၂၆၀ သွင်းပြီး အကောင်းဆုံးကစားသမားဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ဘောလုံးသက်တမ်းတစ်လျှောက် နယူးကာဆယ်အသင်းနဲ့အတူ ဂိုးပေါင်း ၂၆၀ ကျော်သွင်းယူခဲ့သူပါ။ သူဟာ အင်္ဂလန်ကစားသမားတွေထဲမှာတော့ စံချိန်တင်တိုက်စစ်မှူးပါ။ ဟယ်ရီကိန်းအနေနဲ့ အလန်ရှီးယားရဲ့ခြေစွမ်းကို လိုက်မီနိုင်တဲ့ကစားသမားဖြစ်လာနိုင်ပါတယ်။ ဟယ်ရီကိန်းဟာ အနာဂတ်မှာ အင်္ဂလန်အသင်းခေါင်းဆောင်ဖြစ်လာနိုင်တယ်လို့လည်း ပြောဆိုနေကြပါတယ်။ စပါးအသင်းရဲ့အဆုံးအဖြတ်ဂိုးတွေကိုလည်း ဟယ်ရီကိန်းက သွင်းပေးလေ့ရှိပါတယ်။ ဟယ်ရီကိန်းဟာ ယခုနှစ်ပရီမီယာလိဂ်မှာ ဂိုးပေါင်း ၂၄ ဂိုးအထိသွင်းယူထားတဲ့အတွက် ထိပ်တန်းဂိုးသွင်းသမားအဖြစ် ရပ်တည်လျက်ရှိပါတယ်။

**ကောင်းမြတ်သူ ➢ စုစည်းသည်**

# ရေကြည်ချောင်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကြောင့် လူမှုဒုက္ခခံစားနေရသောကျေးရွာများ စုပေါင်းဆွေးနွေး

**ရေကြည် ဧပြီ ၂၇**
ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငှက်သိုက်ကျေးရွာအုပ်စုအတွင်းရှိ ပုသိမ်-မုံရွာ လမ်းဘေးတစ်လျှောက် ငါးသိုင်းချောင်းမှ ရေကြည်အထိ စီးဆင်းနေသော ရေကြည်ချောင်းအတွင်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်းနေမှုကြောင့် လူမှုဒုက္ခများ ခံစားနေရသည့်ကိစ္စနှင့်ပတ်သက်၍ ငှက်သိုက်ကျေးရွာ အမျိုးသားစာကြည့်တိုက်၌ ဒေသခံပြည်သူများ ဧပြီ ၂၅ ရက်က စုပေါင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရေကြည်ချောင်းနံဘေးရှိ စံချိန်အရက်ချက်စက်ရုံမှ အနံ့ဆိုးများထွက်နေခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းနေမှုများနှင့် ပြည်သူများခံစားနေရသော လူမှုဒုက္ခများအကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းနေမှုအကြောင်းရင်းများကို အဖြေရှာရန် စသည်တို့ကို ဒေသတွင်းကျေးရွာများဖြစ်သော ငှက်သိုက်၊ ခိုတောင်၊ တောင်ယာတန်း၊ ငှက်ကြီးသိုက်ကုန်း၊ ခြံသစ်တန်း၊ လှေဆွဲရိုးနှင့် ကြို့ကုန်းကျေးရွာများမှ ရပ်မိရပ်ဖများ၊ အကျိုးဆောင်လယ်သမားများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုပေါင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် ငှက်သိုက်ကျေးရွာမှ ဦးထွန်းဦးက ကျေးရွာများပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးနှင့် သဘာဝဘေးကာကွယ်ရေး၊ စက်ရုံအလုပ်ရုံများကြောင့် ရေထုလေထုညစ်ညမ်းပြီး ဆိုးကျိုးများ ခံစားနေရပုံနှင့် စုပေါင်းဆွေးနွေးကာ အဖြေရှာရန်၊ ချောင်းမြောင်းနှင့် လယ်မြေများသို့ ကွင်းဆင်းကာ အချက်အလက်များစုဆောင်းပြီး သက်ဆိုင်ရာသို့ စုပေါင်းတင်ပြရန် စသည်တို့ကို ဆွေးနွေးသည်။ ထို့နောက် ကြို့ကုန်းကျေးရွာမှ ဦးသန်းလွင်က အရက်ချက်စက်ရုံမှ စွန့်ပစ်ပစ္စည်းများကြောင့် ရေကြည်ချောင်း တစ်လျှောက် အနံ့ဆိုးများ ထွက်နေပုံများနှင့် ရေများ ပျက်စီးနေပုံ၊ ထိုသို့လူမှုဒုက္ခများ ခံစားနေရမှုကို သက်ဆိုင်ရာသို့တင်ပြရန်အတွက် ပရဟိတအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် ဆွေးနွေးကာ ဆွေးနွေးပွဲအပြီးတွင် ချောင်းရိုးတစ်လျှောက် လေ့လာကြည့်ရှုခဲ့ကြသည်။



ပတ်ဝန်းကျင်ညစ်ညမ်းနေသော ချောင်းရိုးတစ်နေရာကို ဒေသခံများ လေ့လာကြည့်ရှုစဉ်

ရေကြည်ချောင်းသည် ငါးသိုင်းချောင်းမြို့၏ ရေထွက်ပေါက်တစ်ခုဖြစ်ပြီး ယခင်က ရေစီးရေလာကောင်းခဲ့သော်လည်း ယခုအခါ အရက်ချက်စက်ရုံအပြင် ဆန်စက်များမှ စွန့်ပစ်ပစ္စည်းများနှင့် ဖွဲပြာများကို စည်းကမ်းမဲ့စွန့်ပစ်နေမှုများကြောင့်လည်းကောင်း၊ ချောင်းအတွင်း စည်းကမ်းမဲ့ တမံတုတ်ကာ ငါးဖမ်းခြင်းများကြောင့်လည်းကောင်း ရေစီးရေလာကောင်းမွန်ခြင်းမရှိတော့ဘဲ ရေများညစ်ညမ်းကာ စိုက်ပျိုးရေးအတွက် မသုံးနိုင်တော့သလို ပတ်ဝန်းကျင်ရှိ လယ်ယာမြေများနှင့် ကျေးရွာများမှာလည်း နှစ်စဉ် ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံနေရကြောင်း အဆိုပါဆွေးနွေးပွဲတွင် ပြောကြားချက်များအရ သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# အက်ရှင်အေ့ဒ်(မြန်မာ) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကွန်ရက်စီမံကိန်း ပထမအကြိမ် ကော်မတီဝင်များတွေ့ဆုံဆွေးနွေးပွဲပြုလုပ်

**မြိုင် ဧပြီ ၂၇**
မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု အင်းရောင်းကျေးရွာရှိ ယင်းတိုင်းတောင်ဆည်ကျေးရွာဂေဟာ၌ Action aid Myanmar အက်ရှင်အေ့ဒ်(မြန်မာ)၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကွန်ရက်စီမံကိန်းအတွက် ပံ့ပိုးကူညီသည့်ကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂၅ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အက်ရှင်အေ့ဒ်(မြန်မာ)၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကွန်ရက်စီမံကိန်းအရ ဆောင်ရွက်နေသောလုပ်ငန်းများမှ ထုတ်လုပ်သည့် လက်မှုပစ္စည်းများ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုကာ ဆွေးနွေးပွဲနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး အက်ရှင်အေ့ဒ်(မြန်မာ)၏ အပူပိုင်းဇုန် စီမံကိန်းမန်နေဂျာ ဦးအောင်မင်းနိုင်က နှုတ်ခွန်းဆက်စကားနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အက်ရှင်အေ့ဒ်(မြန်မာ)မှ Governence And Field Operation Advisor Dr. Kuma က လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကွန်ရက် စီမံကိန်းမန်နေဂျာ ဒေါ်ချိုမြတ်မြတ်ထွန်းက SEDN စီမံကိန်း၏ အောင်မြင်မှုများနှင့် ကြုံတွေ့ခဲ့ရသည့်စိန်ခေါ်မှုများကို ပြန်လည်မျှဝေဆွေးနွေးခြင်း၊ ပခုက္ကူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးဝင်းလတ်က ပခုက္ကူမြို့နယ် ညွှန်းပို့လွှဲပြောင်းမှုစနစ်ကော်မတီနှင့် SEDN စီမံကိန်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အတွေ့အကြုံများ ရှင်းလင်းပြောကြားခြင်း၊ မြိုင်မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်အေးက ညွှန်းပို့လွှဲပြောင်းမှုစနစ်ကော်မတီနှင့် SEDN စီမံကိန်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အတွေ့အကြုံများ ပြန်လည်မျှဝေခြင်း၊ မြန်မာ့ဟိုတယ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဇော်ဝိတ်က ညောင်ဦးလက်မှုထုတ်ကုန် ထုတ်လုပ်သူများကွန်ရက်နှင့် SEDN စီမံကိန်းတို့ ပူးပေါင်းဆောင်ရွက်မှုအတွေ့အကြုံများ ရှင်းလင်းခြင်း၊ မြိုင်မြို့နယ် ကျစ်တီးကျေးရွာမှ အမျိုးသမီးလက်မှုပညာကုန်ထုတ်လုပ်မှုအဖွဲ့ခေါင်းဆောင် မမော်မော်လွင်က SEDN စီမံကိန်းနှင့်ပတ်သက်၍ အတွေ့အကြုံများ ရှင်းလင်းခြင်း၊ အင်းရောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက လူထုအခြေပြုခရီးသွားလုပ်ငန်းတိုးတက်မှု အခြေအနေများ ရှင်းလင်းခြင်းစသည့် အစီအစဉ်များဖြင့် ဆက်လက်ဆွေးနွေးခဲ့သည်။ **အောင်ကျော်မြင့်**



# သူငယ်တန်း ဆရာဆရာမများ လေ့ကျင့်ရေးသင်တန်းဖွင့်

**ကျောက်ပန်းတောင်း ဧပြီ ၂၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ သူငယ်တန်းသင်ရိုးသစ်အတွက် သင်ကြားပို့ချမည့် ဆရာ ဆရာမများအား လေ့ကျင့်ပေးရေး မြို့နယ်အဆင့်သင်တန်းကို အမှတ်(၁) အထကကျောင်း စကားဝါခန်းမ၌ ဧပြီ ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မြင့်က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းမှူး ဆရာကြီးဦးစိုးမြင့်က သင်တန်းစည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း၊ သင်တန်းကြီးကြပ်ရေးမှူး ဆရာမဒေါ်ခိုင်သီတာထွန်းက သင်တန်းအချိန်ဇယားများနှင့် သင်ကြားရမည့် ဘာသာရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား ဆရာ ဆရာမ ၅၇၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၅ ရက်မှ မေ ၁၀ ရက်အထိ နှစ်ပတ်ကြာသင်တန်းဖြစ်ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ မိမိကိုယ်မိမိ ယုံကြည်အားကိုးတတ်စေရန်၊ အာဟာရပြည့်ဝ၍ ကျန်းမာပျော်ရွှင်သူများဖြစ်လာစေရန်နှင့် စာရေးစာဖတ်ခြင်းနှင့် သင်္ချာအပါအဝင် အသိပညာများကို စိတ်အားထက်သန်စွာ လေ့လာသင်ယူတတ်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ သူငယ်တန်း (KG )သင်ရိုးသစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်သင်ကြားသွားမည်ဖြစ်ရာ သင်ကြားပို့ချရမည့် ဆရာ ဆရာမများအား လေ့ကျင့်ရေးသင်တန်းများကို မြို့နယ်အသီးသီး၌ ဖွင့်လှစ်လျက်ရှိသည်။

**နေအောင်(ပြန်/ဆက်)**

# မဟာအောင်မြေမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**မန္တလေး ဧပြီ ၂၇**
မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့များနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂၅ ရက်က ပြုလုပ်ခဲ့ပြီး ဒေသအတွင်း လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြည်သူများပူးပေါင်းပါဝင်၍ ဒီမိုကရေစီအောင်မြင်မှု ရရှိနိုင်ရန်၊ အစိုးရ၏ တာဝန်နှင့် နိုင်ငံသားများ၏တာဝန်ခံမှု တာဝန်ထမ်းမှု စသည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ မြို့မိမြို့ဖများက ကျောက်မျက်ဈေးရှိ လျှပ်စစ်မီတာခကိစ္စ၊ မြို့နယ်အတွင်းရှိ ကျူးကျော်နေထိုင်သူများနှင့် ဂရန်မြေများကိစ္စ၊ မြို့နယ်အတွင်း သန့်ရှင်းရေး၊ လမ်းနှင့်လမ်းမီးများ ကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးဆိုင်ရာများ၊ မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများ ပပျောက်ရေးစသည်ဖြင့် ရပ်ကွက်အလိုက် အခြေခံလိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့် ပြည်သူများက ရွေးချယ်ထားသူများဖြစ်၍ ပြည်သူများ၏ အကျိုးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများ ကင်းရှင်းရန် လိုအပ်ပြီး အဂတိလိုက်စားမှုများကိုလည်း ဥပဒေနှင့်အညီ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဂတိကင်းရှင်းသော လူ့အဖွဲ့အစည်းတစ်ရပ်ထူထောင်ရာတွင် အစိုးရအဖွဲ့တစ်ခုတည်းနှင့် အောင်မြင်မှုမရနိုင်ဘဲ ပြည်သူများပါ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း စသည့်အချက်များကို နိဂုံးချုပ်ဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်နှင့် မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဧပြီ ၂၇**
ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးတင်ဝင်းနှင့် ဦးလင်းနိုင်မြင့်တို့သည် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဧပြီ ၂၂ရက်က တွေ့ဆုံခဲ့ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် အမှတ်(၆)နှင့် အမှတ်(၄)ရပ်ကွက်များမှ ပြည်သူများနှင့်လည်း တွေ့ဆုံခဲ့ပြီး ပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးတင်ပြခဲ့သည်။ **ခင်မောင်သော်၊ ထင်ပေါ်ဝင်း**

## သောက်သုံးရေ အခက်အခဲမရှိစေရန် ကွင်းဆင်းဆောင်ရွက်

**အောင်လံ ဧပြီ ၂၇**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပြည်သူများသောက်သုံးရေများ အခက်အခဲမရှိစေရန်အတွက် လက်ရှိရေရရှိအသုံးပြုနေမှု အခြေအနေနှင့် ရေဆက်လက်ရရှိနိုင်မည့်အခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဧပြီ ၂၅ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတိုးကြည်တို့က မြို့နယ်အတွင်းရှိ စွယ်တုံး၊ ထူးပေါက်၊ သုံးရွာဆိုင် ၊ လက်ပခုန် ၊ သစ်ချို ၊ ရဲဒင် ၊ ရေတွင်းကြီး၊ တံခွန်တိုင်နှင့် ဘွက်ငုပ်ကျေးရွာများသို့ သွားရောက်၍ ကြည့်ရှုခဲ့ခြင်းဖြစ်သည်။ ကွင်းဆင်းကြည့်ရှုရာတွင် တံခွန်တိုင်ကျေးရွာ၌ ပြည်သူများအသုံးပြုနေသော လက်တူးတွင်းနှစ်တွင်းနှင့် မြေသားရေကန်များမှာ ရေနည်းနေသဖြင့် တစ်ဖာလုံခန့်အကွာရှိ ဆည်မှရေကို သွားရောက်ခပ်ယူကာ အသုံးပြုနေရသည်ကို သိရှိရသဖြင့် မြေသားရေကန်တူးဖော်ရန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

# စက်ဘီးစီးဝါသနာရှင်များ စုစည်းရာ Bicycle Network Myanmar ကွန်ရက်



မြင့်မားသော တနင်္သာရီရိုးမတောင်တန်းကြီးများက စက်ဘီးစီးခရီးသည်တို့အတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ နံနက် ၄ နာရီမှသည် ညမိုးစုန်းစုန်းချုပ်ချိန်အထိ စက်ဘီးချစ်သူများ၏ ဘီးရာများသည် တနင်္သာရီတိုင်းတစ်ခွင် ပြည့်နှက်လျက်ရှိသည်။ စက်ဘီးချစ်သူတို့ ဦးတည်ရာ လမ်းကြောင်းသည် ကော့သောင်းမြို့ ဘုရင့်နောင်အငူရှိရာ မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းအရပ်ဆီသို့။

အဖွဲ့ဝင်အင်အား ၂၀၀၀ ကျော်လာပြီဖြစ်သည့် စက်ဘီးချစ်သူများ၏ Bicycle Network Myanmar မှ တက်ကြွသူ ၁၁ ဦးတို့သည် ရန်ကုန်မြို့မှတစ်ဆင့် မော်လမြိုင်သို့ ဧပြီ ၉ရက်တွင် စတင်ထွက်ခွာလာကြပြီး ထိုမှတစ်ဆင့် တနင်္သာရီ၊ ကော့သောင်းအထိ ခြေဆန့်စက်ဘီးခရီး စီးနှင်ခဲ့ကြခြင်းဖြစ်ပြီး ဧပြီ ၂၃ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

"ကချင်ပြည်နယ် မြစ်ဆုံသွားတဲ့ခရီးထက် တနင်္သာရီခရီးစဉ်က ပိုပြီးပင်ပန်းပါတယ်။ လမ်းခရီးတစ်လျှောက်မှာ တောင်အထပ်ထပ် တက်ခဲ့ကြရတယ်။ အားလုံးက စုစုစည်းစည်းနဲ့မို့ ပျော်ရွှင်စရာခရီးစဉ်တစ်ခုဖြစ်ခဲ့တယ်။ ကျွန်တော်တို့ နက်ဝက်ခ်ရဲ့ ၂၂ ခုမြောက်ခရီးစဉ်လည်းဖြစ်ပြီး လူငယ်တွေအများစုပါဝင်လို့ ခရီးတွင်ခဲ့တယ်။ တောင်တက်ခရီးတွေများလို့ တစ်ရက်ကို မိုင် ၇၀ ဝန်းကျင်ပဲ စီးနင်းနိုင်ခဲ့တယ်"ဟု အဆိုပါကွန်ရက်၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုစိုးပိုင် (ခ) ကိုတာတီးက ပြောကြားသည်။

စက်ဘီးစီးနင်းခြင်းသည် ကျန်းမာရေးအရ အလွန်ကောင်းမွန်ပြီး ယာဉ်ကြောပိတ်ဆို့နေသည့် မြို့များတွင် အလွန်ခရီးတွင်သည့် သွားလာရေးအစီအစဉ်လည်း ဖြစ်သည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်းကို ကာကွယ်ရာရောက်ပြီး မိမိကိုယ်ကို ယုံကြည်မှုရှိစေသည့် အားကစားတစ်မျိုးလည်း ဖြစ်သည်။

"ကျွန်တော်တို့ရန်ကုန်မှာ ယာဉ်ကြောပိတ်ဆို့မှုကို နေ့စဉ်နဲ့အမျှ ကြုံနေကြရပါတယ်။ စက်ဘီးကို စည်းကမ်းတကျ စီးနင်းခြင်းအားဖြင့် မိမိတို့ သွားလာရေးကိုလည်း အဆင်ပြေစေသလို ပတ်ဝန်းကျင်ထိန်းသိမ်းရာလည်း ရောက်ပါတယ်။ သို့သော် အခုနောက်ပိုင်း မြို့ကြီးအများစုမှာ ဆိုင်ကယ်တွေက နေရာယူလာပြီး စက်ဘီးစီးနင်းသူဦးရေ တစ်နေ့တခြား နည်းပါးလာတယ်။ စီးတဲ့သူအများစုကလည်း စည်းကမ်းပိုင်း အလွန်အားနည်းနေတာ မြင်တွေ့ရလို့ အခုလို စက်ဘီးချစ်သူတွေစုစည်းပြီး ကွန်ရက်လေးတစ်ခု ဖွဲ့စည်းထားတာဖြစ်တယ်"ဟု Bicycle Network Myanmar မှ အမှုဆောင်တစ်ဦးက ပြောပြသည်။

အဆိုပါကွန်ရက်ကို ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် စတင်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ယနေ့အထိ အဖွဲ့ဝင် ၂၀၀၀ ကျော်နှင့် လူမှုကွန်ရက်စာမျက်နှာတွင် လေ့လာပူးပေါင်းသူ ၄၀၀၀ ကျော်ရှိလာခဲ့ပြီဖြစ်သည်။ ထို့အပြင် ယခုလအတွင်း www.bicyclenetworkmyanmar.org ဝက်ဘ်ဆိုက်ကိုလည်း တင်ထားကာ စက်ဘီးစီးနင်းခြင်းလမ်းညွှန်ချက်များ၊ စက်ဘီးချစ်သူများ၏ စုပေါင်းလှုပ်ရှားမှုများ၊ ခရီးစဉ်များ၊ ပရဟိတလှူဒါန်းခြင်း သတင်းများကို တင်ပေးလျက်ရှိကြောင်း သိရသည်။

"ပင်ပန်းပေမယ့် ကျွန်တော်တို့ ခရီးစဉ်တစ်ခုချင်းစီမှာ အကျိုးအမြတ်တွေ အများကြီးရှိပါတယ်။ အခု ကော့သောင်းခရီးစဉ်မှာ ရနောင်းဘက်က စက်ဘီးချစ်သူတွေနဲ့ ချိတ်ဆက်မိခဲ့ပြီး သူတို့ကလည်း မြန်မာနိုင်ငံအတွင်းပိုင်းအထိ စက်ဘီးနဲ့ လေ့လာရေးခရီးစဉ်တွေအဖြစ် လာကြဖို့ ချိတ်ဆက်မိသလို လမ်းခရီးတစ်လျှောက် မြို့ရွာတွေမှာလည်း စက်ဘီးစီးနင်းခြင်းကြောင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေနဲ့ စည်းကမ်းလိုက်နာမှုအပိုင်းတွေ၊ စက်ဘီးအားကစားတွင်ကျယ်လာစေဖို့တွေကို ပညာပေးနိုင်ခဲ့ပါတယ်။ နောက်ပြီး တိုင်းရင်းသားတွေရဲ့ အားပေးကူညီမှုတွေကြောင့် လမ်းတစ်လျှောက် စက်ဘီးနင်းရတာနဲ့ တည်းခိုမှုအပိုင်းမှာ အများကြီးအဆင်ပြေသွားခဲ့တယ်"ဟု ခရီးစဉ်တွင်ပါဝင်ခဲ့သူ ကိုတာတီးက ပြောပြသည်။

အဆိုပါကွန်ရက်၏ တနင်္သာရီစက်ဘီးခရီးစဉ်တွင် အသက် ၁၇ နှစ်မှ ၆၀ ကျော်အထိ လူပေါင်း ၁၁ ဦးခန့် ပါဝင်သွားခဲ့ပြီး လမ်းခရီးတစ်လျှောက်တွင် ဝတ်စုံပြည့် စက်ဘီးစီးနင်းမှုကြောင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများနှင့် အထင်မှားနေခဲ့သည်များကိုလည်း ကြုံခဲ့ရကြောင်းနှင့် မိမိတို့နှင့်ပူးပေါင်းကာ စက်ဘီးစီးနင်းကြရန် ရှင်းပြပေးခဲ့ရသေးကြောင်းလည်း ကိုတာတီးက ဆိုသည်။

"ကျွန်တော်က ကိုတာတီးနဲ့အဖွဲ့ကို ကြိုဆိုဖို့ မင်္ဂလာဒုံမှာ သွားစောင့်နေခဲ့ပါတယ်။ လာကြိုတဲ့သူ ၁၀၀ ကျော်ရှိပါတယ်။ အားလုံးက စက်ဘီးချစ်သူအချင်းချင်း ပူးပေါင်းလိုစိတ်နဲ့ ဂုဏ်ပြုတဲ့အနေနဲ့ ကြိုဆိုနေကြပါတယ်။ ခရီးစဉ်ကဝေးတော့ လိုက်မသွားနိုင်ခဲ့ဘူး။ နီးတဲ့ခရီးအများစုတော့ လိုက်ပါတယ်။ ပုံမှန် မြေပြန့်ဆိုရင် တစ်နေ့ကို မိုင် ၁၀၀ ကျော် စီးနင်းကြတာ။ တောင်တက်ခရီးစဉ်ဆိုရင်တော့ မိုင် ၇၀ လောက် ရောက်အောင် နင်းကြပါတယ်။ ကျွန်တော်တို့ ကွန်ရက်က မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နဲ့ချိတ်ဆက်ပြီး တရားဝင် အဖွဲ့အစည်းဖြစ်သွားအောင် ကြိုးပမ်းနေပါတယ်။ နောက်ပိုင်းမှာ စက်ဘီးစီးနင်းခြင်းနဲ့ပတ်သက်တဲ့ ပညာပေးအစီအစဉ်တွေကို အများကြီးဆောင်ရွက်သွားဖို့ရှိတယ်"ဟု အဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

ထို့ပြင် စက်ဘီးချစ်သူများစုစည်းကာ လိုအပ်သည့် ပရဟိတလှူဒါန်းမှုများကိုလည်း ပြုလုပ်လျက်ရှိပြီး မီးဘေး၊ ရေဘေးနှင့် သဘာဝဘေးကျရောက်သည့် နေရာများနှင့် ချို့တဲ့သည့် ပရဟိတဂေဟာများသို့လည်း လူမှုကွန်ရက်မှ စုပေါင်းလှူဒါန်းမှုများကို စက်ဘီးဖြင့် သွားရောက်လှူပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဆီကလမ်းတွေမှာ စက်ဘီးစီးနင်းဖို့ သီးသန့်လမ်းတွေ မရှိပါဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံပြီး တင်ပြသွားဖို့ရှိသလို မော်တော်ယာဉ်မောင်းနှင်သူတွေကိုလည်း လမ်းမျှဝေသုံးစွဲကြဖို့ ပညာပေးလက်ကမ်းစာစောင်တွေ ဝေပေးဖို့ ရှိပါတယ်။ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်တွေမှာလည်း စက်ဘီးနဲ့ အလုပ်ဆင်းကြသူတွေကို မီးခြောက်ကပ်ပေးတာ၊ ဦးထုပ်ဆောင်းခိုင်းတာနဲ့ လမ်းစည်းကမ်းနားလည်အောင် ပညာပေးတာတွေ သွားရောက်ပြုလုပ်ဖို့ ပြင်ဆင်နေပါတယ်"ဟု ကိုတာတီးက ပြောပြသည်။

ယခုအခါ မန္တလေး၊ မုံရွာ၊ မော်လမြိုင်၊ ထားဝယ်၊ သံဖြူဇရပ်၊ သန်လျင်၊ တွံတေး၊ ဒေးဒရဲ၊ ဖျာပုံ၊ မိတ္ထီလာ၊ တောင်ကြီးစသည့် မြို့ကြီးများမှ စက်ဘီးချစ်သူများနှင့်လည်း ချိတ်ဆက်ကာ မြန်မာနိုင်ငံအနှံ့ စနစ်ကျသည့် စက်ဘီးစီးနင်းမှု တွင်ကျယ်လာစေရေးအတွက် စုစည်းဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။

**သတင်း–ခင်ရတနာ၊ ဓာတ်ပုံ– တာတီး**



# ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေပေး

**နတ်မောက် ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းမှ ရေရှားပါးသည့်ကျေးရွာများမှ ပြည်သူများအတွက် သောက်သုံးရေများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၂၄ ရက်တွင် သမှန်းပင်ကျေးရွာအုပ်စုအတွင်းမှ ရွာများသို့ ရေဂါလန်လေးထောင်ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင် ဦးဆောင်၍ မြို့နယ်လမ်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ ပူးပေါင်း၍ သမှန်းပင်ကျေးရွာအုပ်စု ကျွဲထူးကန်ကျေးရွာရှိ အိမ်ထောင်စု ၉၉ စုမှ လူဦးရေ ၆၀၀ နီးပါးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဂါလန် ၁၀၀၀ ဆံ့ရေသယ်ယာဉ်ဖြင့် သုံးခေါက်၊ ပိတောက်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၁၂၄ စုမှ လူဦးရေ ၈၀၀ နီးပါးအတွက် တစ်ခေါက် စုစုပေါင်း ရေဂါလန် လေးထောင်ကို ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

"နတ်မောက်မြို့နယ်အတွင်း ရေရှားပါးတဲ့ရွာတွေကို ရွေးထုတ်လိုက်ပြီး ရေများဖြည့်ဆည်းပေးလျက်ရှိပါတယ်။ တချို့ရွာတွေကို ရေတွင်းတွေပြင်ပေးတာရှိသလို အလှူရှင်နဲ့ပေါင်းစပ်ပြီး ရေတွင်းတူးပေးတာလည်း ရှိပါတယ်။ ရေရှားတာရှိသလို ရေလုံးလုံးပြတ်သွားတာရှိတယ်။ အဲဒီရွာတွေကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ဌာနဆိုင်ရာများပေါင်းပြီး ရေပေးဝေရေးကိုပါ တစ်ပါတည်းဆောင်ရွက်လျက်ရှိပါတယ်ဟု" မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင် ဦးပြေသိန်းက ပြောသည်။

ဧပြီ ၂၅ ရက်တွင်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ကန်သာအုပ်စု ဖက်တောရေကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေများ ဆက်လက်ဖြန့်ဝေပေးခဲ့ကြောင်း၊ နတ်မောက်မြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်မှုကြုံတွေ့နေရသော အခြားကျေးရွာများသို့လည်း ရေဖြန့်ဝေပေးနိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

**ဥမ္မာခင်**

# အယ်နီညိုရာသီဥတုကြုံတွေ့ချိန်တွင် ဆောင်ရွက်ရမည့်နည်းလမ်းများ တောင်သူပညာပေး ဆွေးနွေး



**ကော့ကရိတ် ဧပြီ ၂၇**

အယ်နီညိုရာသီဥတု ကြုံတွေ့ချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး နည်းပညာပေးဆွေးနွေးဟောပြောပွဲကို ကော့ကရိတ်မြို့နယ် ရေပူကြီးကျေးရွာအုပ်စု ငါးတိုင်ကျေးရွာ မူလတန်းကြိုကျောင်း၌ ဧပြီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကော့ကရိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်နော်သူလေထီးက အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုကို ရင်ဆိုင်ဖြေရှင်းရမည့် နည်းလမ်းများ၊ သက်တမ်းတိုအထွက်ကောင်းစပါးမျိုးများ စုဆောင်းထားရှိရေး၊ လယ်ကန်သင်းများ ပြုပြင်ရေးနှင့် ရက် ၁၀၀ အတွင်းဆောင်ရွက်မည့်လုပ်ငန်းများအလိုက် လယ်မြေများတွင် သဘာဝမြေဩဇာချခြင်းလုပ်ငန်း၊ နွေထယ်ရေးခံခြင်းလုပ်ငန်းများလုပ်ဆောင်ရန် စသည့်အကြောင်းအရာများကို ဟောပြောခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှသိန်းက သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း၊ ဓာတ်မြေဩဇာအချိုးကျသုံးစွဲနည်း၊ နိုင်ငံခြားဈေးကွက်ဝင် မတ်ပဲနှင့် ပဲတီစိမ်း စိုက်ပျိုးနည်းစနစ်များကို ဆက်လက်ဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ရေပူကြီးကျေးရွာအုပ်စု ငါးတိုင်၊ လေးတိုင်ကျေးရွာများမှ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ခဲ့သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူကြည်ညိုခြင်း

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက၊ အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)၊ အင်္ဂပူမြို့ ကျွဲသောင်အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာခွဲ၊ သထုံမြို့ နန္ဒဝန်ကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာခွဲ၊ မန္တလေးမြို့ ဝေသာလီမဟာဂန္ဓာရုံကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာခွဲ၊ လေးမျက်နှာမြို့ပြည်ငြိမ်းအေးကျောင်း အောင်ဆန်းမိုးကုတ် ဝိပဿနာရိပ်သာခွဲတို့၏ ဦးစီးပဓာနမဟာနာယက အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၊ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၊ ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံတို့၏ ဩဝါဒါစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆု ဘွဲ့တံဆိပ်တော်ရ ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဘဒ္ဒန္တဒေါက်တာသဒ္ဓမ္မကိတ္တိသာရ အောင်ဆန်းဆရာတော်ထေရ်ရှင်မြတ်အား ထိုင်းနိုင်ငံ Mahachulalongkornrajavidyalaya University မှ Honorary Doctorate Degree in Vipassana Bhavana, ph.D (Vipassana Bhavana) ဂုဏ်ထူးဆောင်(ဝိပဿနာ)ပါရဂူဘွဲ့ကို ကြေညာစာအမှတ် 1/2559/2016, 27th January တွင် ဆက်ကပ်ခံရကြောင်း သိရှိရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြည်ညိုမိပါကြောင်း။

**အကျိုးဆောင်အဖွဲ့**
**မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)၊ စဉ့်ငူရပ်ကွက်၊**
**အောင်ဆန်းမြို့၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၆၄၅၇၉၇၊ ၀၉-၅၁၃၃၁၀၂**

## လူရည်ချွန်ရွေးချယ်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ အထက(၂) အဌမတန်း(A)မှ မခန့်ရတီကျော် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ဆု ရွေးချယ်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မခန့်ရတီကျော်အား လူရည်ချွန်တစ်ယောက်ဖြစ်လာစေရန် အသိပညာ၊ အတတ်ပညာများကို သင်ကြားပို့ချပေးပါသော ကွမ်းခြံကုန်းမြို့နယ်မှ မြို့နယ်ပညာရေးမှူး၊ အထက(၂)ကျောင်းအုပ် ဆရာမကြီးနှင့်တကွ မူလတန်းမှစ၍ ယခုအလယ်တန်း၊ အထက်တန်းအထိ ပညာသင်ကြားပြသပေးခဲ့သော ဆရာ၊ ဆရာမများနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၊ မိတ်ဆွေသင်္ဂဟများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီသင်ကြားပေးခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဘိုးဘိုး-ဦးမောင်ညို**
**ဘွားဘွား-ဒေါ်ယဉ်ရွှေ (သန့်-Electronic)**
**ဖေဖေ-ဦးကျော်မင်းထွန်း(E.E ဒေါပုံမြို့နယ်လျှပ်စစ်မန်နေဂျာရုံး)**
**မေမေ-ဒေါ်သန္တာညို**

## စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

ကျွန်တော် မောင်ထွဋ်ဝင်းထွဋ် ၁၂/သလန(နိုင်)၀၇၇၇၀၂ နှင့် ကျွန်မ မအမရာ ၁၂/ဗဟန(နိုင်)၁၀၀၀၃၂ တို့သည် ၁၈-၄-၂၀၁၄ ရက်တွင် နှစ်ဖက်လူကြီးမိဘများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းခဲ့ပြီး ယနေ့ ၂၅-၄-၂၀၁၆ ရက်မှစ၍ နှစ်ဖက်သဘောတူညီချက်အရ ဖျက်သိမ်းလိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မောင်ထွဋ်ဝင်းထွဋ် ၁၂/သလန(နိုင်)၀၇၇၇၀၂**
**မအမရာ ၁၂/ဗဟန(နိုင်)၁၀၀၀၃၂**

## NIPPON EXPRESS(SOUTH ASIA & OCEANIA) PTE. LTD.(MYANMAR BRANCH)

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆(၁)အရ**
**(အစုပါဝင်သူတို့၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းခြင်း)**
**နှင့်**

### မြီရှင်များအားအသိပေးအကြောင်းကြားခြင်း

NIPPON EXPRESS(SOUTH ASIA & OCEANIA) PTE. LTD. (MYANMAR BRANCH)၏ ဒါရိုက်တာများ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၁။ NIPPON EXPRESS(SOUTH ASIA & OCEANIA) PTE. LTD. (MYANMAR BRANCH)("ကုမ္ပဏီရုံးခွဲ")သည် ၂၀၁၆ ခုနှစ် မေလ ၁၃ ရက်မှစ၍ ဆန္ဒအရအလိုအလျောက် ဖျက်သိမ်းမည်ဖြစ်ပြီး

၂။ ဒေါ်နီလာသွင်အား ကုမ္ပဏီရုံးခွဲ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ၂၀၁၆ ခုနှစ် မေလ ၁၃ ရက်မှစ၍ ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီရုံးခွဲ၏ မြီရှင်များအားလုံးသည် တောင်းခံခြင်းများကိုပြုလုပ်နိုင်ရန် မိမိတို့၏ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားများနှင့်အတူ အမည်၊ နေရပ်လိပ်စာ၊ တောင်းခံမှုအသေးစိတ်ဖြင့် ၂၀၁၆ ခုနှစ် ဇွန်လ ၁၃ ရက်မတိုင်မီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြတောင်းခံရန်လိုအပ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်နီလာသွင်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**Certified Public Account**
**ကောက်သွယ်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၄၉၁၁၃**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရခိုင်ပြည်နယ်၊ ကျိန္တလီမြို့၊ အမှတ်(၁)ရပ်ကွက်၊ ၎ဝါလမ်းနေ
ဦးထွန်းထွန်းဝင်း-ဒေါ်မြင့်မြင့်ဝင်းတို့၏သမီး
**မမြတ်ကေသွယ်**
**နှင့်**
ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ စိတ္တသုခလမ်း၊ အမှတ်(၄)ရပ်ကွက်နေ
(ဦးရွှေသိန်း)-ဒေါ်လှနုတို့၏သား
**မောင်ခင်သိန်း**

တို့သည်နှစ်ဖက်မိဘများ၏ သဘောတူညီချက်ဖြင့် ၈-၄-၂၀၁၆ ရက်တွင်စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **မောင်ခင်သိန်း-မမြတ်ကေသွယ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၀**

ဒေါ်ခင်မြတ်မြတ်အောင် **နှင့်** ဦးလှမောင်
**တရားလို** **တရားပြိုင်**

ဦးလှမောင် အမှတ်(စ/၂၁)၊ ရပ်ကွက်ကြီး(ဂ)၊ ပဒေသာမြို့သစ်၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မြတ်မြတ်အောင်က မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မေ ၅ ရက် (၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ဧပြီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သဇင်ရွှေ)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ်(ဥ-၆၂၆၀)၊ ဒေါ်ရန်ရှင်းမေ ၉/မမန(နိုင်) ၀၁၉၁၉၉ အမည်ပေါက် ပါမစ်မြေအတွက် ထုတ်ပေးထားသည့်မြေပေးမိန့်မူရင်း ပျောက်ဆုံးသွားသဖြင့် တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဒေါ်ရန်ရှင်းမေ ၉/မမန(နိုင်)၀၁၉၁၉၉ အမည်ပေါက် မြေပေးမိန့်မူရင်းအားပယ်ဖျက်၍ မြေပေးမိန့်မိတ္တူမှန် ထုတ်ပေးနိုင်ရေး ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ဥ-၆၂၅၆)ဒေါ်အေးအေးချို ၉/ပဥလ(နိုင်)၀၀၄၅၀၆အမည်ပေါက်ပါမစ်မြေအတွက်ထုတ်ပေးထားသည့် မြေပေးမိန့်မူရင်းပျောက်ဆုံးသွားပါသဖြင့် တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက ဒေါ်အေးအေးချို ၉/ပဥလ(နိုင်)၀၀၄၅၀၆ အမည်ပေါက် မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးနိုင်ရေးဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စာရင်းကိုင် (၅)ဦး (ကျား/မ)

- LCCI Level 3 အောင်၊ LCCI Level 2 (Computerized Accounting ကျွမ်းကျင်သူဦးစားပေးမည်။)
- Microsoft Office (Word, Excel, Power Point) ကျွမ်းကျင်ပိုင်နိုင်ရမည်။

## ရုံးစာရေး (၃)ဦး (ကျား/မ)

- အနည်းဆုံးအထက်တန်းအောင်
- Microsoft Office (Word, Excel, Power Point) ကျွမ်းကျင်ပိုင်နိုင်ရမည်။

## Marketing Assistant (၅)ဦး (ကျား)

- Marketing သင်တန်းပြီးသူ
- လုပ်ငန်းအတွေ့အကြုံ (၃)နှစ်
- နယ်ခရီးထွက်နိုင်သူ၊ ယာဉ်မောင်းလိုင်စင်(အနက်)
- ဘိလပ်မြေအရောင်းတွင် ကျွမ်းကျင်သူဦးစားပေးမည်။

## Driver ယာဉ်မောင်း (၃)ဦး (ကျား)

- ရန်ကုန်မြို့တွင်းကျွမ်းကျင်၊ ယာဉ်မောင်းလိုင်စင် (ခ)လိုင်စင်
- အရက်သေစာ အသောက်အစားကင်းရှင်းသူ

## ကုန်ပို့ Driver ယာဉ်မောင်း (၃)ဦး (ကျား)

- ရန်ကုန်မြို့တွင်း/မြို့ပြင်ကျွမ်းကျင်၊ ယာဉ်မောင်းလိုင်စင်(င)လိုင်စင်
- အရက်သေစာ အသောက်အစားကင်းရှင်းသူ

**ဆက်သွယ်ရန်-**

Myanmar Conch Cement Co.Ltd. No. 35 (J), Thiri Yeik Thar Street, 7 miles (Pyay Rd), Mayangone Township, Yangon, ph-01-655940, 01-652019

## ပတ်စ်ပို့ပျောက်

ကျွန်မ မခေါင်နန်း ၁/မကန(နိုင်)၀၈၆၇၅၃ ၏ ပတ်စ်ပို့အမှတ်(မမှတ်မိ) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၄၀၁၇၂၃**

## မိခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၂) နဝမတန်း(က)မှအောင်မြင်ပြီးသူ မယွန်းနဒီအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ထောညွယ် ၁/ဝမန(နိုင်)၀၃၇၂၆၃ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အလက(၇) အဌမတန်း(အောင်)မှ မောင်ဒွဲဆန်အောင်၏ ဖခင်အမည်မှန်မှာ ဦးတန်လှိုင် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အထက (ဟိုပင်)၊ အဌမတန်း (အောင်)မှ မဇင်မာဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၁/ဟပန(နိုင်)၀၀၀၉၇၀ ဖြစ်ပါသည်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့၊ အမှတ်(၆)ရပ်ကွက်၊ အိမ်အမှတ်(၃၆၄)နေ ဦးတင်ညွန့် ၉/တသန(နိုင်)၀၈၆၂၆၃-ဒေါ်စန်းလှ ၉/တသန(နိုင်)၁၄၈၂၉၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးတင်ညွန့်-ဒေါ်စန်းလှတို့၏ တတိယသား မောင်ဟန်လင်းတင် ၉/တသန(နိုင်)၀၉၃၀၁၉ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှစ်ပါးစိတ်ဆင်းရဲစေရန် ရိုင်းစိုင်းစွာပြုမူဆောင်ရွက်ပြီး ၃-၄-၂၀၁၆ ရက်တွင် ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ထိုနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ပြီး ဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့သည် မိဘနှစ်ပါးနှင့်လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးတင့် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၈၇)**
**၅၁-စံပြတိုက်၊ ဗိုလ်ချုပ်လမ်း၊**
**အမှတ်(၁၆) ရပ်ကွက်၊ မြင်းခြံမြို့**

**ဒေါ်လှိုင်လှိုင်ဌေး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၃၇/၁၃)**
**အိမ်အမှတ်(၁၁၁)၊ အမှတ်(၂)ရပ်ကွက်၊**
**မြင်းခြံမြို့**

**ဒေါ်ပြည့်ပြည့်ဖြိုး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၀၆၀၈)**
**အမှတ်(၆)ရပ်ကွက်၊ မြင်းခြံမြို့**

## လုံးဝမသက်ဆိုင်တော့ပါကြောင်း

ကျွန်တော် ဦးလှမိုးဦး ၁၃/တကန(နိုင်)၁၄၃၆၈၈ ၏ ဇနီးဖြစ်သူ ဒေါ်သင်းသင်းနိုင် ၈/ပခက(နိုင်)၁၇၅၆၁၈ သည် မိမိသဘောဆန္ဒအလျောက်အိမ်မှဆင်းသွားသည်မှာ (၄) နှစ်ရှိပြီဖြစ်၍ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ကျွန်တော်၏ တရားဝင်ဇနီးအဖြစ် လုံးဝ(လုံးဝ)မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမိုးဦး**
**၁၃/တကန(နိုင်)၁၄၃၆၈၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ (၁) ရပ်ကွက်၊ မုဒုံကြီးရပ်၊ မြနန္ဒာလမ်းသွယ်၊ အိမ်အမှတ် ၁၄ နေ ဖခင် ဦးကျော်ကျော်လွင်၏သား မောင်မိုးမင်းဦး(ခ)မောင်ကောင်းဆက်ဟိန်း ၁၀/မဒန(နိုင်)၁၉၉၁၅၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်မိုးမင်းဦး(ခ)**
**မောင်ကောင်းဆက်ဟိန်း**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၈)၊ နဝမတန်း(C)အောင်မှ မလှမျိုးနွယ်အား ယနေ့မှစ၍ မအိအိဖြူဟုပြောင်းလဲခေါ်ပါရန်။

**မအိအိဖြူ**

## အမည်မှန်

ဦးအိုက်ဘိ၏သမီး လွိုင်ကော်မြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(က)မှ နန်းဖောင်ခေး ဖြစ်ပါကြောင်း။

**နန်းဖောင်ခေး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုသန်းထက်အောင်၏ Passport No. MA430930 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၇၄၀၄၃၈**

# Congratulations

ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမြို့တွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့၌ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်မှ မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်သော **ASEAN-OSHNET Excellence Award** ကို **FAME** ဆေးဝါးထုတ်လုပ်ရေးက လက်ခံရရှိခဲ့ကြောင်း ကြားသိရပါသဖြင့် ထပ်တူထပ်မျှ ဝမ်းသာဂုဏ်ယူမိပါသည်။ ဒေါက်တာခင်မောင်လွင်နှင့် ဒေါက်တာခင်ခင်ဌေးတို့ ဦးဆောင်သော **FAME** ဆေးဝါးလုပ်ငန်းမိသားစုသည် သဘာဝအော်ဂဲနစ်ဆေးဝါးများ **(Natural & Organic Medicines)** ကို ဆတက်ထမ်းပိုး ထုတ်လုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကျော်မင်း+ ဒေါ်သီသီလွင်
ရွှေပြည်နန်းကုမ္ပဏီလီမိတက်
ရွှေပန်းတိုင် ထရေးဒင်းကုမ္ပဏီလီမိတက်နှင့်
HealthyShop/ HealthPlus member ဝင်များ

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးအောင် ၈/တတက (နိုင်)၂၀၈၅၃၈ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၅၉၀၉၉၀၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခိုင်ထွန်းနိုင် ၈/တတက(နိုင်)၁၅၄၉၉၇ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၄၄၁၀၅၇၈

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဆလိုင်းဇော်ဇော် ၈/တတက(နိုင်)၁၁၂၀၈၁ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၀၅၅၂၂၆

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/6419၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ဟင်္သာတမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/4478 Nissan Atlas H2F23(Light Truck) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းတန် ၉/ပဘန(နိုင်)၀၄၆၉၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၉၅၆၉ Win Myanmar လိုက်ထရပ်/ပစ်ကပ် ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဦး ၁၀/သဖရ(နိုင်)၁၄၃၃၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ နဝရတ်လမ်းသွယ်၊ အိမ်အမှတ်(က-၄၉)နေ ဦးဘရင်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေကြေညာအပ်ပါသည်။

မြောက်လားသော် အရာခံဗိုလ်စိုးမြင့်၏ခြံ၊ တောင်လားသော် လမ်း+ဦးသန်းမြင့်၏ခြံ၊ အနောက်လားသော် ဦးရန်နိုင်မြင့်၏ခြံ၊ အရှေ့လားသော် ဒေါ်တင်ထွေး၏ခြံတွင် တည်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၆၆)၊ ကွင်းအမည် (ညောင်နီမြောက်)၊ ဦးပိုင်အမှတ် ၂၈/၅၊ မြေဧရိယာ ၁ ဒသမ ၀၃ဧကရှိ မြေနှင့်အကျိုးခံစားခွင့်များအား ဦးဆွေလတ် သီးစားအမည်ပေါက် လက်ရှိပိုင်ဆိုင်ပါသည်။ ဦးဆွေလတ်က တာဝန်ခံရောင်းချသောကြောင့် ဦးဘရင်ဖြိုးမှ စရန်ငွေအချို့ပေးချေ၍ ဝယ်ယူထားပါသည်။ ကျန်ငွေပေးချေ၍ အရောင်းအဝယ်ကိစ္စအား ပြီးဆုံးတိုင်အောင်စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ တရားရုံးတားဝရမ်းအမိန့် ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးဘရင်ဖြိုးထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဦးဘရင်ဖြိုးမှ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဘရင်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သာ LL.B**
**တရားလွှတ်တော်ရှေ့နေ စဉ်-၄၅၅၀**
**အမှတ် ၁၂၈၊ ၈လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁၊ ၀၉-၇၉၂၀၄၅၈၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ် မြေကွက်အမှတ်(ဉ-၆၂၅၈)၊ ဦးအိုက်ဆိုက် ၉/မမန(နိုင်)၀၂၀၇၄၄ အမည်ပေါက်ပါမစ်မြေအတွက် ထုတ်ပေးထားသည့်မြေပေးမိန့် မူရင်းပျောက်ဆုံးသွားသဖြင့် တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးအိုက်ဆိုက် ၉/မမန(နိုင်)၀၂၀၇၄၄ အမည်ပေါက် မြေပေးမိန့်မူရင်းအားပယ်ဖျက်၍ မြေပေးမိန့်မိတ္တူမှန် ထုတ်ပေးနိုင်ရေးဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/အင်တိုင်းသာမြောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၄ ဃ)၊ ဧရိယာ ၀ ဒသမ ၀၇၆ ဧကရှိ မြေကွက်အား ဒေါ်အေးဝင်း ၇/ကတခ(နိုင်)၀၇၂၁၆၄(ဘ) ဦးအောင်တင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးစိုးဝင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ရှုမျှော်ခင်းလမ်း၊ အမှတ် ၃၀၁နေ ဦးလှမြင့် ၁၃/တကန(နိုင်)၁၃၅၅၃၈မှ အောက်ပါအတိုင်း အသိပေးကြော်ငြာအပ်ပါသည်။

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်ကြီး(၄၉)၊ အိမ်အမှတ် ၁၅၅၊ ဧရိယာ ၀ ဒသမ ၀၆၉ဧကရှိ အိမ်မြေကွက်ကို ဦးစိုးဝင်း ၉/လဝန(နိုင်) ၀၀၈၅၄၅မှ ဂရန်အမှုတွဲအမှတ် ၉၇/၂၀၁၀ ဖြင့် ဂရန်အမည်ပေါက်ရရှိထားပြီး အဆိုပါအိမ်မြေကွက်အား ဦးစိုးဝင်းမှ ကျွန်တော် ဦးလှမြင့်ထံသို့ အိမ်ခြံမြေကွက်အရောင်းအဝယ်စာချုပ် (အရပ်စာချုပ်)ဖြင့် အပြီးအပိုင်ရောင်းချခဲ့ရာ ကျွန်တော်ဦးလှမြင့်က ဝယ်ယူခဲ့ပြီး လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ အိမ်မြေကွက်နှင့် ပတ်သက်ပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ခြင်း၊ ဂရန်အမည်ပြောင်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော်ဦးလှမြင့်ထံသို့ ဆက်သွယ်အကြောင်းကြား၍ လာရောက်ပြုလုပ်ပေးပါရန်နှင့် ခုနစ်ရက်ကျော်လွန်သွားပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးလှမြင့်**
**၁၃/တကန(နိုင်)၁၃၅၅၃၈**
**အမှတ် ၃၀၁၊ ရှုမျှော်ခင်းလမ်း၊သစ်တောရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၅၈၀၄၀၂၀၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဆန်းမွန် ၁၀/ခဆန(နိုင်)၀၉၇၂၅၇၏ Passport (No.မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

## ဖခင်အမည်မှန်

အထက(၁)တောင်ကြီး(နဝမတန်း)မှ မောင်ကောင်းထက်ဟိန်း ၁၃/တကန(နိုင်)၃၂၁၄၄၁ နှင့် မနိုင်နိုင်မော် ၁၃/တကန(နိုင်)၃၂၁၄၄၂တို့၏ဖခင်အမည်မှန်မှာ ဦးရန်နိုင်စိုး ၁၃/တကန(နိုင်) ၁၅၄၄၁၇ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ (၅) ကွက်၊ မြို့ပတ်လမ်း၊ အိမ်အမှတ် (၄-ခ)နေ ဦးဇော်တင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ စည်းခုံရပ်၊ အကွက်အမှတ် (၈)၊ ရွှေစည်းခုံလမ်း၊ အထက(၁)ကျောင်း၏ အနောက်ဘက်၊ ဦးပိုင်အမှတ် ၁၇၄၊ မြေယာအမှတ် ၅၄၊ မြေဧရိယာ ၀ဒသမ၀၈၅ဧကရှိ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံ၊ လျှပ်စစ်မီတာ အပါအဝင် တပ်ဆင်ထားသော ပစ္စည်းများအားလုံးနှင့်အကျိုးခံစားခွင့်များအား ဦးကျော်ဇင်ဦးအမည်ပေါက် လက်ရှိပိုင်ဆိုင်ပါသည်။ ဦးကျော်ဇင်ဦးက တာဝန်ခံရောင်းချသောကြောင့် ဦးဇော်တင်မှ စရန်ငွေ အချို့ပေးချေ၍ ဝယ်ယူထားပါသည်။ ကျန်ငွေပေးချေ၍ အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်း၊ တရားရုံးတားဝရမ်း အမိန့် ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးဇော်တင်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဦးဇော်တင်မှအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြညာအပ်ပါသည်။

**ဦးဇော်တင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သာ LL.B**
**တရားလွှတ်တော်ရှေ့နေ စဉ်-၄၅၅၀**
**အမှတ် ၁၂၈၊ ၈လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁၊ ၀၉-၇၉၂၀၄၅၈၇၅**

**U KYIN WAN**

**91 YEARS**

**GYO THEIN CHEROOTS**

WITH PROFOUND GRIEF AND SORROWS, WE REGRET THE SAD DEMISE OF U WIN SWE & DR.MYAT THIDA MYINT (WIN & WIN GROUP OF COMPANIES) BELOVED FATHER.

**MR.FIAZAL**
**GREEN WOOD IMPORTS PVT LTD.**

**U KYIN WAN**

**91 YEARS**

**GYO THEIN CHEROOTS**

OUR DEEPEST SYMPATHY ON THE DEATH OF FATHER OF U WIN SWE & DR.MYAT THIDA MYINT (WIN & WIN GROUP OF COMPANIES).

**MR.EBRAHIM KUNNATHAN & MR.SUNAID**
**KUNNATHAN WOOD PRODUCTS**

**U KYIN WAN**

**91 YEARS**

**GYO THEIN CHEROOTS**

OUR HEARTFELT SYMPATHY & CONDOLENCES ARE WITH U WIN SWE & DR.MYAT THIDA MYNT'S FAMILY (WIN & WIN GROUP OF COMPANIES) FOR THE SAD DEMISE OF THEIR BELOVED FATHER.

**WIN SWE SIN CO.,LTD(GROUP)**
**MR.RAM PUKAR(HBA TRADING PTE LTD)**
**MR.ROSHAN LALAGARWAL(MARS PLYWOOD, INDIA)**
**MR.MAKHAN GATTANI & MR.ALOKE PODDAR**
**(GATTANI INDUSTRIES, INDIA)**
**MR.SHYAMDAGA (ARCHIDPLY INDUSTRIES LTD, INDIA)**

**U KYIN WAN**

**91 YEARS**

**GYO THEIN CHEROOTS**

MY CONDOLENCES ARE WITH U WIN SWE & DR. MYAT THIDA MYINT (WIN & WIN GROUP OF COMPANIES) FOR THE DEMISE OF THEIR BELOVED FATHER U KYIN WIN.

**MR.ARMIT**
**ASHISH TIMBER DEPOT**

**U KYIN WAN**

**91 YEARS**

**GYO THEIN CHEROOTS**

OFFERING MY HEARTLEFT CONDOLENCES FOR THE SAD DEMISE OF U WIN SWE & DR.MYAT THIDA MYINT (WIN & WIN GROUP OF COMPANIES) BELOVED FATHER.

**DR.PRASHAMTH**
**COASTAL CHIP BOARDS & LAMS PVT LTD**

**U KYIN WAN**

**91 YEARS**

**GYO THEIN CHEROOTS**

EXPRESSING OUR HEARTLEFT CONDOLENCES FOR THE DEMISE OF U KYAW WAN, BELOVED FATHER OF U WIN SWE & DR.MYAT THIDA MYINT (WIN & WIN GROUP OF COMPANIES).

**MR.ASHOK**
**CHANDVASIA EXPORTS PVT LTD**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

